
www.burmeseclassic.com

လျှို့ဝှက်ဆန်းကြယ် စာပေမှာ ယနေ့နံပါတ်(၁)

# မင်းမြတ်သူရ

## ရွှေကိုယ်တော်



www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## ရွှေကိုယ်တော်

ဖြန့်ချီရေး - ရန်မျိုးအောင်စာပေ
အမှတ်(၂၂)၊ဓမ္မစိန္တာလမ်း၊ကျောက်မြောင်း၊တာမွေ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ၊မတ်လ၊ ပထမအကြိမ် အုပ်ရေ ၅၀၀အုပ်။
တန်ဘိုး(၅၀၀)ကျပ် ဖြင့်ရောင်းချပြီး
ဦးသက်လွင်(သစ္စါမွန်စာပေ)(၀၀၇၇၃)
ကျောက်မြောင်း၊တာမွေမြို့နယ်၊ရန်ကုန်မြို့မှ ထုတ်ဝေပါသည်။
အတွင်းနှင့် မျက်နှာဖုံးကို ဦးသက်လွင်(၀၀၆၅၁)သစ္စါမွန်
ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊
တာမွေလမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ရန်ကုန်မြို့ မှရိုက်နှိပ်ပါသည်။
ကွန်ပျူတာစာစီကို ပန်းအိစံ မှ တာဝန်ယူပါသည်။
ရန်မျိုးအောင် စာပေမှ ဖြန့်ချိပြီး အတွင်းဖလင် အီးဂဲလ်၊
စာအုပ်ချုပ် သစ္စါမွန်

မင်းမြတ်သူရ ၈၉၅.၈၃

ရွှေကိုယ်တော်/မင်းမြတ်သူရ၊ရန်ကုန်

သစ္စါမွန်စာပေ၊၂၀၁၆

၂၂၄-စာ၊၁၂×၁၈ စင်တီ

(၁) ရွှေကိုယ်တော်

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ ကုန်ရထားကြီးနဲ့ လိုက်ပါလာရင်း သူမရဲ့ ခရီးဟာ ဦးတည်ရာမဲ့နေသလို ခံစားရတယ်။ ကုန်ရထားကြီးဟာ တရွေ့ရွေ့ ထွက်ခွါလာပြီး တစ်ဘူတာပြီး တစ်ဘူတာ ကျော်ဖြတ်ခဲ့တယ်။ ဒီလိုနဲ့ ဘူတာ တစ်ဘူတာ အရောက်မှာ ထိုးဆိုက်သွားပြီး တော်တော်နဲ့ ပြန်မထွက်နိုင်တော့ဘဲ မီးရထား ဂန်ထမ်းတွေ စက်ခေါင်းအနီးမှာ ထိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ရာကို စုဝေးတိုင်ပင်နေကြတယ်။ ဒီတော့ ခရီးသည်တွေလဲ မနေနိုင်တော့ဘဲ ဆူညံဆူညံ အသံပြုပြီး ရထားပေါ်က ဆင်းလိုက်ကြတယ်။ ကြာညိုလဲ ရထားပေါ်မှာ ထိုင်မနေပံ့တော့ဘဲ ဆင်းလိုက်ရတယ်။ ဘာတွေ ဖြစ်ကုန်ပြီလဲ မသိဘူး။

BURMESE CLASSIC

ရထားစီး ခရီးသည် ထဲက ရွှေဝတွေကို လူမြင်မကောင်းအောင် ဝတ်ထားတဲ့ မိန်းမကြီးတစ်ယောက်က စက်ခေါင်းအနားကို သွားပြီး ``ရှင်တို့ ရထား မထွက်သေးဘူးလား၊ ကျုပ်က နတ်ပွဲမှာ အချော့တော်ဆက်ရမှာ၊ နောက်ကျနေပြီ`` လို့ဆူပူကြိမ်းမောင်းလိုက်တော့ ရထားပျက်လို့ စိတ်ပျက်နေတဲ့ ရထားမောင်းသူက ``နတ်ပွဲမှာ အချော့တော်ဆက်ဖို့ နောက်ကျရင်လဲ ခင်ဗျားဘာသာ သံလမ်းအတိုင်း ဆင်းပြီး လျှောက်ပေတော့၊ မလျှောက်ချင်ရင် ခင်ဗျားတို့ ကိုယ်တော်တွေကို ခေါ်ပြီး မ ခိုင်းပေတော့၊ ရထားပျက်နေတာ ကျုပ်တို့လဲ ဘာမှ မတတ်နိုင်ဘူး``

www.burmeseclassic.com

www.burmeseclassic.com

လို့ဘုကျကျ ဆိုလိုက်တော့ နတ်ကတော် မိန်းမကြီးက မျက်နှာရှုံ့မဲ့ပြီး ``အမလေး..ကိုယ်တော်တွေကို စော်ကားနေပါလား.. ကိုယ်တော်တို့ရေ အမိုက်အမဲလေးကို ခွင့်လွှတ်လိုက်ပါနော်..မလိမ်မိုး မလိမ္မာလေး မို့လို့ပါ`` လို့တောင်းပန်ပြီး ရထားမောင်းသူကို မကျေမချမ်း မျက်စောင်းထိုးလိုက်တယ်။ ပြီးတော့ သူ့ကိုယ်ပေါ်မှာ ဆင်ထားတဲ့ ရွှေတွေကို ငုံကြည့်ပြီး စိုးရိမ်တကြီးနဲ့ ``အမလေး ရထား ပျက်လို့ ဘူတာမှာ ညအိပ်ရရင်တော့ ငါ့ရွှေတွေကို ဓားပြတိုက် ခံရမှာပဲ ..ဒုက္ခ..ဒုက္ခ ``လို့ညည်းညူ လိုက်တယ်။ရထားပေါ်မှာ လိုက်ပါလာတဲ့ ခရီးသည် တွေကလည်း တစ်ယောက်တစ်မျိုး ညဉ်းညူနေကြတယ်။ ကြာညို တစ်ယောက်တည်းသာ ဦးတည်ရာမဲ့ ခရီးသွားသူ ဖြစ်လို့ မီးရထား ပျက်ခြင်းကို ထူးထူးထွေထွေ မခံစားရဘူး။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ လူရှင်းတဲ့ ရထားတွဲရဲ့ အနောက်ကို
လျှောက်ခဲ့တယ်။ဒီအခါမှာ ရထားနဲ့ အတော်ဝေးတဲ့
ဘူတာရုံက အုတ်ခုံပေါ်မှာ ထိုင်နေတဲ့ အသက် ၅၀ ဝန်းကျင်
မိန်းမကြီး တစ်ယောက်ကို သတိပြုမိတယ်။ မိန်းမကြီးဟာ
ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို မီးခိုးထောင်းထောင်း

www.burmeseclassic.com

 www.burmeseclassic.com

ထဒေအာင် ဖွဲရှိုက်ရင်း ခရီးသည်တွေနဲ့ မတူကွဲပြားစွာ ဒေအးဒေအးလူလူ ရှိနေတယ်။ မိန်းမကြီးဟာ အညိုရောင်ထဘီနဲ့ အဖြူရောင် အကျီကို ဝတ်ဆင်ထားပြီး အလွန်ကြီးမားတဲ့ လွယ်အိတ်ကြီးတစ်လုံးကိုလဲ နံဘေးမှာချထားတယ်။ ကြာညိုဟာ ဆူညံပွက်နေတဲ့ ခရီးသည် တွေကြားမှာ ကိုယ်နဲ့မဆိုင်သလို နေထိုင်တဲ့ မိန်းမကြီးကို သဘောကျတာနဲ့ ခပ်လှမ်းလှမ်းက ထိုင်ကြည့်နေတယ်။ဒီအချိန်မှာဘဲ ဘူတာတပိုက်မှာ လူရမ်းကား ဖြစ်ဟန်တူတဲ့ လူသုံးယောက်ဟာ ခပ်လှမ်းလှမ်းမှာ တစ်ယောက်တည်း ထိုင်နေတဲ့ မိန်းမကြီးရဲ့ လွယ်အိတ်ကြီးကို မျက်စိကျသွားတယ်။ ဒါကြောင့် မိန်းမကြီး အနီးကို လျှောက်သွားပြီး လွယ်အိတ်ကို လုဖို့ကြံရွယ် လိုက်တယ်။ လူရမ်းကားဟာ မိန်းမကြီးရဲ့လွယ်အိတ်ကို ဆတ်ခနဲ လုယူဖို့ ကြံစည်လိုက်တယ်။ ဒါပေမဲ့ မိန်းမကြီးက မထင်မှတ်ဒေအာင် မြန်ဆန်တဲ့ အမူအယာနဲ့ လွယ်အိတ်ကို

www.burmeseclassic.com

www.burmeseclassic.com

ဆွဲယူလိုက်ပြီး ``လူမိုက်တွေလား၊သူခိုးတွေလား..နင်တို့မှာ ခြေလက်မပါဘူးလား၊ ဘာလို့ သူတစ်ပါး ပစ္စည်းကို မတရားလိုချင်တာလဲ၊နင်တို့မှာ ခြေလက်မပါဘူးလား၊ ကိုယ့်ဘာသာ လုပ်မစားတတ်ဘူးလား`` လို့ဆိုလိုက်တော့ လူရမ်းတွေဟာ မိန်းမကြီးရဲ့ မထိမဲ့မြင် အမူအယာကြောင့် မခံချိမခံသာ ဖြစ်သွားတယ်။သူတို့ဟာ ဘူတာတပိုက်မှာ ကြိုနိူင်ငယ်ညှင်း လုပ်စားနေတာ နှစ်များစွာ ကြာမြင့်နေပြီ။ အသက်အရွယ်ကြီးရင့် နေတဲ့ မိန်းမကြီး တစ်ယောက်ကို အရှုံးပေးရမယ်ဆိုရင် ရာဇဝင် ရိုင်းလိမ့်မယ်လို့ ယူဆတယ်။ ဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက် မျက်ရိပ်ပြပြီး မိန်းမကြီး လွယ်အိတ်ကို ရအောင်လုဖို့ ကြံစည်လိုက်တယ်။ မိန်းမကြီးက သက်ပြင်းချပြီး ``နင်တို့က ငါ့ကို စမ်းချင်တယ်ပေါ့၊ မလောက်လေး မလောက်စားနဲ့ စမ်းချင်ရင် နာဖို့သာပြင်တော့``လို့ဆိုပြီး ရှေ့တိုးလာတဲ့ လူမိုက် တစ်ယောက်ရဲ့ ခြေထောက်ကို တောင်ဝှေးနဲ့

www.burmeseclassic.com

 www.burmeseclassic.com

လှမ်းရိုက်လိုက်တယ်။ လူမိုက်ဟာ အားခနဲ အော်ပြီး လဲကျသွားတယ်။ ကျန်လူမိုက်က မိန်းမကြီးကို ဒေါသတကြီး အော်ဟစ်ပြီး ရိုက်နက်ဖို့ ရှေ့တိုးလာတယ်။ မိန်းမကြီး လူမိုက်ရဲ့ နံကြားကို တောင်ဝှေးနဲ့ လှမ်းထောက်လိုက်ပြီး ကျန်လူမိုက်ရဲ့ ခေါင်းကို တောင်ဝှေးနဲ့ဒိုင်းခနဲ ရိုက်ချလိုက်တယ်။ လူမိုက်နှစ်ယောက်ဟာ အားခနဲ အော်ပြီး မြေပေါ်ကို လဲကျသွား ပြန်တယ်။ လူမိုက်သုံးယောက်ဟာ မိန်းမကြီးရဲ့ တိုက်ခိုက်မှုကို မခံနိုင်တော့ဘဲ အနီးက ထွက်ပြေးသွားတယ်။ ကြာညိုဟာ မိန်းမကြီးရဲ့ တိုက်ခိုက်မှုကို သဘောကျသွားပြီး ``ဟားဟား..မိန်းမတစ်ယောက်က လူမိုက်တွေကို ဒီလိုဆော်လိုက်တာ ကြည့်လို့ ကောင်းလိုက်တာ'' လို့ချီးမွမ်းလိုက်တယ်။ မိန်းမကြီးက ကြာညိုကို ငဲ့စောင်း ကြည့်လိုက်ပြီး ``အလကား အမိုက်ကလေးတွေပါဟယ်.. ဒီကောင်တွေ ငါ့အကြောင်း မသိလို့ လာစမ်းနေတာ။ သူတို့ မိုက်တာလောက်တော့

www.burmeseclassic.com

www.burmeseclassic.com

ငါအိပ်နေသလောက်ပဲ ရှိတယ်``လို့ပြောတယ်။

မိန်းမကြီးစကားအရ သူမဟာ နယ်နယ်ရရ ဟုတ်ဟန်မတူဘူး။

ကြာညိုဟာ မိန်းမကြီးကို စပ်စုချင်သွားပြီး``အဒေါ်က

ဘယ်ကလာတာလဲ`` လို့မေးမြန်းလိုက်တယ်။မိန်းမကြီးက

ပြောင်းဖူးဖက် ဆေးလိပ်ကို ဖွါရှိုက်လိုက်ပြီး``ငါဒီနေ့ပဲ

သရက်ထောင်က ထွက်လာတာ`` လို့ဆိုလိုက်တော့

ကြာညိုဟာ ထောင်ထွက်ဆိုတဲ့ စကားကြောင့် မိန်းမကြီးကို

ကြောက်ရွံ့သွားတယ်။ မိန်းမကြီးက ကြာညို့ အမူအယာကို

ကြည့်ပြီးတော့ ရယ်မောလိုက်ပြီး``ဟဲ့..ငါက ထောင်ထွက်

ဆိုတော့ လန့်မသွားပါနဲ့ဟယ်၊ ငါထောင်က ထွက်လာတာ

မကောင်းမှု ဒုစရိုက်လုပ်လို့ မဟုတ်ပါဘူး၊

မိန်းကလေးတစ်ယောက်ကို မတရားစော်ကားတဲ့

သူဌေးသားတစ်ယောက်ကို သေဒဏ် ပေးခဲ့လို့

အပြစ်ဒဏ်ကျခဲ့တာပါ၊ အခုတော့ သူတော်ကောင်း

နတ်ကောင်းမ ဆိုသလို ငါ့ကို လွတ်ငြိမ်းချမ်းသာခွင့်နဲ့

www.burmeseclassic.com

www.burmeseclassic.com

လွတ်ပေးလိုက်ပြီလေ``လို့ဆိုပြီး ကြာညိုက မျက်မှောင်ကြုတ်ကြည့်တယ်။ပြီးတော့ သက်ပြင်းချပြီး``နင့်ကို ကြည့်ရတာ အိမ်က ထွက်ပြေးလာပုံပေါက်တယ်၊ ငြော် အိမ်က ထွက်ပြေးရုံမကဘူး၊ နင့်မှာ မိဘဆွေမျိုးတွေလဲ ရှိပုံမရဘူး`` လို့ဆိုလိုက်တော့ ကြာညိုဟာ မိန်းမကြီး စကားမှန်လွန်းလို့ မျက်လုံးပြူးသွားပြီး``အဒေါ်က အကြားအမြင်ရနေလို့လား`` လို့ပြန်မေးလိုက်တယ်။ မိန်းမကြီးက ကြာညိုကို ရယ်ကြဲကြဲ ကြည့်လိုက်ပြီး``ဒါလေးပြောဖို့ အကြားအမြင် တတ်ဖို့ မလိုပါဘူး၊ နင်ဟာ ခရီးထွက်လာတယ်ဆိုပေမဲ့ လွယ်အိတ်စုတ်လေး တစ်လုံးပဲပါတယ်။ သူများလို ခရီးဆောင် အိတ်တွေဘာတွေ အကျအန မပါဘူး။ နောက်ပြီး လူအများကြားမှာ မနေဘဲ လူအုပ်စုနဲ့ ဝေးရာနေရာမှာ တစ်ကိုယ်တည်း လာနေကတည်းက နင့်မှာ စိုးရိမ်သောကတွေ ရှိနေပုံရတယ်။ အိမ်က ထွက်ပြေးတဲ့ လူတစ်ယောက်ဟာ

www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဆက်ရမဲ့ ဘဝခရီးအတွက် စိုးရိမ်သောက ပွါးတာမထူးဆန်းပါဘူး``လို့ပြောလိုက်တော့ ကြာညိုဟာ မိန်းမကြီးစကားကို အလွန် သဘောကျသွားပြီး ``မှန်လိုက်တာရှင်..ရှေ့ဆက်ပြီး ဘာတွေ ပြောနိုင်သေးလဲ``လို့မေးမြန်းလိုက်တယ်။ မိန်းမကြီးက ခေါင်းညိတ်ပြီး``ပြောနိုင်တာပေါ့ဟယ်..နင့်ရဲ့ ရုပ်ရည်ရူပကာ သိမ်မွေ့ပုံကို ကြည့်ရင် နင်ဟာ ပေတေ လေလွင့်ပြီး ဆိုးသွမ်း မိုက်မဲတဲ့ မိန်းမတော့ ဟုတ်ပုံ မရဘူး၊ ဒါပေမဲ့ နင့်မှာ မဟုတ်မခံတဲ့ ပေကပ်ကပ် စိတ်လေးတော့ ရှိပုံရတယ်၊ ဒီလိုစိတ်မျိုး ရှိတဲ့လူဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်မယ် ဆိုတဲ့ မာန်မာနလေးလဲ ရှိတတ်တယ်၊ ဒီမာနလေးကြောင့်ပဲ စွန့်စွန့်စားစား လုပ်ကြတာ များတယ်``လို့ပြောလိုက်တယ်။ ကြာညိုဟာ မိန်းမကြီးရဲ့ ခန့်မှန်းချက်တွေ မှန်ကန်လို့ မိန်းမကြီးကို အထင်ကြီး လေးစားသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာပဲ မိးရထားစက်ပြင်လို့ ပြီးသွားလို့ ဘူတာက ပြန်ထွက်ဖို့ ပြင်တယ်။ မိန်းမကြီးက ကြာညို့ ပခုံးကို ပုတ်ပြီး``ငါတို့နှစ်ယောက် အေးအေးဆေးဆေး စကားပြောရအောင် ကုန်တွဲက လိုက်ခဲ့ပါလား`` လို့ ဖိတ်ခေါ်လိုက်တယ်။ ကြာညိုဟာ မိန်းမကြီးကို ခင်မင် ရင်းနှီးသွားလို့ ကုန်တွဲက အတူတူလိုက်ဖို့ သဘောတူလိုက်တယ်။ မိန်းမကြီးက ကုန်တွဲပေါ်ကို

www.burmeseclassic.com

 www.burmeseclassic.com

ရောက်တော့``ငါ့နံမည် ဒေါ်ပွါး လို့ခေါ်တယ်၊ ညဦးနံမည် ဘယ်လိုခေါ်သလဲ``လို့မေးမြန်းလိုက်တော့ ကြာညိုက သူ့နံမည်ကို ပြောပြလိုက်တယ်။ မိန်းမကြီးက ခေါင်းတဆတ်ဆတ် ညိတ်ပြီး ``ကြာညိုတဲ့လား အတော် မြန်မာဆန်တဲ့ နံမည်လေးပဲ၊ ကောင်းတယ်ဟေ့ ငါတို့တိုင်းပြည်မှာ အေမိတင် တို့ ရော်နီစိန် တို့လို မျိုးမစစ်တဲ့ နံမည်တွေ ခေတ်စားနေချိန်မှာ မြန်မာဆန်တဲ့ နံမည်မျိုးကို ငါကြိုက်တယ်၊ ညဦးရှေ့ဆက်ပြီး ဘယ်လိုခရီးဆက်မယ် စိတ်ကူးလဲ``လို့မေးမြန်းလိုက်တယ်။ ကြာညိုက သက်ပြင်းချပြီး `လောလောဆယ် ခြေဦးတည်ရာပါပဲ`` လို့ဖြေလိုက်တယ်။ ဒေါ်ပွါးက ခေါင်းညိတ်ပြီး ``ကောင်းတယ်ဟေ့၊ ခြေဦးတည်ရာ ဆိုတော့ အရာအားလုံး ရောက်ပြီး ဖြစ်နေတာပေါ့၊ မသွားမိက ရောက်နင့်သည် ဆိုတာလိုပေါ့``လို့ဆိုလိုက်တော့ ကြာညိုက နားမလည်တဲ့ဟန်နဲ့ ဒေါ်ပွါးမျက်နှာကို ကြည့်လိုက်ပြီး``မသွားမိက

www.burmeseclassic.com

www.burmeseclassic.com

ရောက်နှင့်သည် ဟုတ်လား`` လို့ဆိုလိုက်တယ်။ ဒေါ်ပွါးက ခေါင်းညိတ်ပြီး``မသွားမိက ရောက်နှင့်သည် ဆိုတာ ရှင်းပြလို့ မရဘူး၊ ရှင်းပြလို့ ရရင်လဲ အဓိပ္ပါယ် မပြည့်စုံတော့ဘူး၊ ဒါနဲ့နေပါဦး နှင့်ဘဂ နောက်ကြောင်းကို ငါပြောပြပါဦး`` လို့ဆိုလိုက်တော့ ကြာညိုက သက်ပြင်းချပြီး``ပြောဆိုလဲ ပြောရတာပေါ့ အဒေါ်ရယ်၊ဒါပေမဲ့ ကျွန်မဘဂက ဆိုးဂါးလွန်းပါတယ်၊ နားထောင်လို့မကောင်းပါဘူး`` လို့ဆိုပြီး အပေးကို ငေးကြည့်မိတယ်။ အတိတ်ကို တွေးလိုက်တာနဲ့ စိတ်မချမ်းမြေ့စရာတွေ ခေါင်းထဲကို အစီအရီ ဝင်ရောက်လာတယ်။

www.burmeseclassic.com

 www.burmeseclassic.com

ကြာညို ဘဝဟာ ဆိုးဝါးလွန်းပါတယ်..ကြာညို့ရဲ့
မိဘနှစ်ပါးဆုံးပါး ပြီးတဲ့နောက် ခိုကိုးရာမဲ့ ဖြစ်နေတုန်း
ကြာညို့ကို ဆွေမျိုးနီးစပ်တော်တဲ့ အဒေါ်အပျိုကြီးက
လာခေါ်သွားတယ်။ ကြာညိုဟာ အပျိုကြီးရဲ့ ထိမ်းကျောင်းမှု
အောက်မှာ ရင်အုပ်မကွာကြီးပြင်းခဲ့ရတယ်။ အပျိုကြီးဟာ
ကြာညိုကို သမီးရင်း တစ်ယောက်လို သဘောထားပြီး
မြို့ကျောင်းမှာ ဂုတန်းအထိ ပညာသင်ကြားပေးခဲ့တယ်။
ကြာညို ၈တန်းရောက်တဲ့ နှစ်မှာတော့ အပျိုကြီးဟာ

www.burmeseclassic.com

 www.burmeseclassic.com

အဖော်ကောင်းတာနဲ့ ရှမ်းပြည်ဘက်ကို ဘုရားဖူး

ထွက်သွားတယ်။ ဘုရားဖူးထွက်ရင်း မမျှော်လင့်ဘဲ

ဖူးစာဖက်တွေ့သွားလို့ အပျိုကြီးဘဂက ကျွတ်သွားတယ်။

အပျိုကြီးတို့အဖွဲ့ဟာ ဘုရားဖူးထွက်ရင်း ကံဆိုးစွာနဲ့

ရှမ်းပြည်ဘက်မှာ ဓားပြတိုက်ခံရတယ်။ နောက်တော့

ဓားပြလက်က ကိုယ်လွတ်ရုန်းပြေးရင်း ဘဂတူ အညာသား

ဖိုးအောင်နဲ့ ဖူးစာဆုံခဲ့ရ ဖြစ်တယ်။ အညာသားဖိုးအောင်ဟာ

ဆန်ကုန်သည် အလုပ်ကို လုပ်ပြီး အဒေါ်အပျိုကြီးထက်

အသက် ၁၀နှစ်ကျော် ငယ်ရွယ်တယ်။ သူတို့

အိမ်ထောင်ကျတော့ ဖိုးအောင်ဟာ ဆန်ကုန်သည် ဖြစ်ပေမဲ့

နေစရာအိမ် မရှိလို့ အဒေါ့်အိမ်ပေါ်တက်နေတယ်။

ဒီအချိန်ကစပြီး ကြာညိုဘဂဟာ လုံခြုံမှု မရှိတော့ဘူး။

ကြာညိုဟာ သွေးမတော် သားမစပ် ယောကျ်ားသား

တစ်ယောက်နဲ့ တစ်အိမ်တည်း အတူနေဖို့

မသင့်တော်ဘူး။အဒေါ်ကိုယ်တိုင်လဲ ဒီအကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com

ရွာတွေမှာ လှည့်လည်နေတုန်း သူ့ကို အပြတ်ရှင်းတယ် ဆိုရင် ငါတို့ကို သံသယဖြစ်မှာ မဟုတ်ဘူး၊ သူစော်ကားတာကို မကျေနပ်လို့ ရွာသားတွေ သတ်တယ်လို့ ထင်မှာပါ`` လို့ပြောတယ်။

www.burmeseclassic.com

 www.burmeseclassic.com

စဉ်းစားပြီး ရင်မော နေပုံရတယ်။ကြာညို့လဲ အခေါ်

အခက်အခဲကို နားလည်စာနာ မိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာပဲ ကြာညို့ဘဝမှာ ကယ်တင်ရှင် ပေါ်လာတယ်။ အဒေါ်အပျိုကြီးအစ်မ ဒေါ်စိန်တင် ရောက်လာပြီး ကြာညို့ကို တောင်ငူမှာ လိုက်နေဖို့ ပြောဆိုတယ်။ ဒေါ်စိန်တင်က တောင်ငူ မြို့လယ်ခေါင်မှာ ထမင်းဆိုင်ဖွင့်ထားတယ်လို့ ဆိုတယ်။ ကြာညိုဟာ အဒေါ်အပျိုကြီးနဲ့ ဆက်နေဖို့ မသင့်တော်တာနဲ့ ပျော်ရာမှာ မနေဘဲ တော်ရာမှာ နေဖို့ဆုံးဖြတ်လိုက်တယ်။ဒီလိုနဲ့ ကြာညို တောင်ငူကို

www.burmeseclassic.com

 www.burmeseclassic.com

ရောက်ပြီး ဒေါ်စိန်တင်ရဲ့ ထမင်းဆိုင်မှာ ဝိုင်းလုပ်ကိုင်းစား ဖြစ်ခဲ့တယ်။ ဒေါ်စိန်တင်မှာ ကြာညိုနဲ့ ရွယ်တူ မစိမ်းလဲ့ဆိုတဲ့ သမီးယောက်ရှိတယ်။ ဒေါ်စိန်တင်ဟာ ပညာရေးကို အားမပေးတတ်လို့ သမီးနှစ်ယောက်ကို သေစာရှင်စာပဲ တတ်အောင် သင်ပေးတယ်။ ဒါကြောင့် ဂုတန်း အောင်ပြီး ၈တန်းတက်မဲ့ ကြာညိုရဲ့ ပညာရေးလဲ ဆုံးခန်းတိုင်ခဲ့တယ်။ ကြာညိုဟာ ရောက်တဲ့ အရပ်မှာ ပျော်အောင်နေဖို့ ကြိုးစားတယ်။ ဒေါ်စိန်တင် သမီးနဲ့အတူ ထမင်းဆိုင်မှာ ဝိုင်းလုပ်ကိုင်းစား ဘဝနဲ့ပျော်ပျော်ကြီး နေထိုင်တယ်။ ဒီလိုနဲ့ သုံးနှစ်လောက် ကြာတဲ့အခါ ကြာညို ဘဝမှာ အပြောင်းလဲကြီး ပြောင်းလဲသွားပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စိန်တင်ရဲ့ သမီးကြီး စိမ်းလဲ့ဟာ ဘုံကထိန်ပွဲမှာ မြို့မ
ခေါက်ဆွဲဆိုင်က အကြော်ဆရာ မောင်ဂင်းနဲ့တွေ့ပြီး
တိတ်တခိုး ချစ်သူတွေဖြစ်သွားတယ်။ မောင်ဂင်းဟာ
ရိုးသားဟန်ရှိတဲ့ လူပျိုလူလွတ် တစ်ယောက်ဆိုတော့
စိမ်းလဲ့က မောင်ဂင်းကို ချစ်တုံ့ပြန်ခဲ့တယ်။ကြာညိုဟာ
မောင်ဂင်းနဲ့ စိမ်းလဲ့ရဲ့ ချစ်သူ ဖြစ်နေတာ သိပေမဲ့
ဒေါ်စိန်တင်ကို မပြောပြဘဲ ရေငုံနှုတ်ပိတ်နေခဲ့တယ်။
တစ်နေ့တော့ ကြာညိုဟာ ဒေါ်စိန်တင် ခိုင်းလိုက်လို့

www.burmeseclassic.com

 www.burmeseclassic.com

မြို့ဦးဆုတောင်းပြည့် စေတီကို ဆွမ်းချိုင့်ပို့ရင်း မစိမ်းလဲ့ရဲ့ ချစ်သူမောင်ဂင်းကို ရွာတော်ရှင် နတ်ကွန်းနောက်မှာ မသင်္ကာဖွယ် မြင်တွေ့ရတယ်။ မောင်ဂင်းဟာ နတ်ကွန်းနောက်မှာ အမျိုးသမီး တစ်ယောက်နဲ့ တိတ်တခိုး ချိန်းတွေ့နေတယ်။ မောင်ဂင်းဟာ သူစိမ်းမိန်းမရဲ့ ပခုံးကိုဖက်ပြီး တီးတိုးပြောဆိုနေတယ်။ ကြာညိုဟာ မောင်ဂင်းရဲ့ အပြုအမူကို မသင်္ကာလို့ ချောင်းမြောင်း နားထောင် လိုက်တော့ မမျှော်လင့်ဘဲ မောင်ဂင်းရဲ့ လျှို့ဝှက်နောက်ကြောင်းကို သိခဲ့ရတယ်။ တကယ်တော့ မောင်ဂင်းဟာ လူပျိုလူလွတ် တစ်ယောက် မဟုတ်ဘဲ အညာမှာ ပြစ်မှု ကျူးလွန်ပြီး သူတို့အရပ်မှာ လာ တိမ်းရှောင်နေကြောင်း သိခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ မောင်ဂင်းရဲ့ တိတ်တခိုး နောက်ကြောင်းကို မစိမ်းလဲ့ သိအောင်ပြောပြလိုက်တယ်။ ဒါပေမဲ့ မစိမ်းလဲ့ဟာ ကြာညို စကားကို အသိအမှတ် မပြုဘဲ ``နင် မဟုတ်တာတွေ လာပြောမနေနဲ့၊ ကိုမောင်ဂင်းလို ရိုးသားတဲ့လူက ဘယ်က မယား ရှိရမှာလဲ၊ ဘာပြစ်မှုမှ မကျူးလွန်ဘူး`` လို့ပြောတယ်။ ကြာညိုက မစိမ်းလဲ့ရဲ့ မိုက်လုံးကြီးပုံကြောင့် စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်ပြီး ``ကြာညိုနားနဲ့ ဆတ်ဆတ် ကြားလိုက်ရတာပါ၊ ကိုမောင်ဂင်းမှာ မိန်းမ

www.burmeseclassic.com

 www.burmeseclassic.com

ရှိရုံမကဘူး၊ ပြစ်မှုလဲ ကျူးလွန်ထားသေးတယ်၊ စိမ်းလဲ့ သူ့ကို မြန်မြန် အဆက်ဖြတ်လိုက်ပါတော့`` လို့ပြောလိုက်တယ်။

မစိမ်းလဲ့က ကြာညိုစကားကို နားမဝင်ဘဲ ``ဒီမှာ ကြာညို..ကောလဟာလတွေ လာပြောပြီး ငါတို့အချစ်ကို ခွဲမယ်မကြံနဲ့၊ ဘယ်သူ့စကားမှ ငါနားမဝင်ဘူး၊ နင့်စကားကိုလဲ ငါမယုံဘူး``လို့ဆိုပြီး လူလိမ် မောင်ဂင်းနဲ့ အဆက်မဖြတ်ဘဲ ရှေ့ဆက်တိုးလို့နေတယ်။ ကြာညိုဟာ အချစ်ဒီရေတက်နေတဲ့ မစိမ်းလဲ့ကို တားဆီးလို့ မရတဲ့အတွက် ဒေါ်စိန်တင်ကို ဖွင့်ပြောဖို့ ကြံစည်လိုက်တယ်။ ဒါကြောင့် မစိမ်းလဲ့ကို နောက်ဆုံးအနေနဲ့ ခေါ်ပြီး ``လူလိမ်မောင်ဂင်းကို အဆက် မဖြတ်ဘဲ ရှေ့ဆက်တိုးနေရင် ဒေါ်ကြီးကို ကျွန်မ တိုင်ပြောလိုက် တော့မယ် နော်လို့ ``သတိပေးလိုက်တယ်။

မစိမ်းလဲ့ဟာ ကြာညိုရဲ့ စေတနာ စကားကို နားမဝင်ဘဲ ``ဒီမှာ နင်နဲ့ မဆိုင်တဲ့ ကိစ္စ ဝင်မပါပါနဲ့လို့ ငါ ဘယ်နှစ်ခါ ပြောရမလဲ၊ ဒီကိစ္စကို ကိုမောင်ဂင်းနဲ့ ငါရှင်းပြီးပြီ။ နင်

www.burmeseclassic.com

www.burmeseclassic.com

နားကြားလွဲနေတာဟဲ့။ ကိုမောင်ဂင်းနဲ့ လာတွေ့တဲ့ မိန်းမဆိုတာ အညာက သူ့အစ်မဟဲ့``

လို့ဆိုလိုက်တယ်။ကြာညိုဟာ မောင်ဂင်း လိမ်ညာလှည့်ဖြားမှုကို ရိပ်စားမိသွားတယ်။ဒါကြောင့် ခေါင်းခါယမ်းပြီး ``စိမ်းလဲ့ နင် အလိမ်ခံတာ သေချာနေပြီ။ လူလိမ် မောင်ဂင်းနဲ့သူ့မိန်းမ တိတ်တိတ်ပုန်း ချိန်းတွေ့ပြီး ပြောနေတာကို ကျွန်မ သေသေချာချာ ကြားလိုက်ရတယ်``

လို့ပြောလိုက်တယ်။ ဒါပေမဲ့ ကြာညို့စကားကို မစိမ်းလဲ့က နားမဂင်ဘဲ ``အို..နင့်စကားကို ငါမယုံဘူး၊ ကိုမောင်ဂင်း အကြောင်းကိုလဲ အမေ့ကို ပြောစရာမလိုဘူး၊ နားလည်လား``လို့သတိပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ မစိမ်းလဲ့ တားဆီးထားပေမဲ့ သူဟာ ဒေါ်စိန်တင်ရဲ့ မွေးစားသမီး တစ်ယောက်လို ဖြစ်နေတာကြောင့် ဒေါ်စိန်တင်ကို ဖွင့်ပြောသင့်တယ်လို့ ယူဆပြီး လူလိမ်မောင်ဂင်း အကြောင်းကို ဒေါ်စိန်တင် သိအောင် ပြောပြ လိုက်တယ်။ ဒေါ်စိန်တင်ဟာ မစိမ်းလဲ့ရဲ့ မိုက်မဲပုံကို ကြားသိတဲ့အခါ ဒေါသပုန်ထပြီး သူ့သမီးကို ခေါ်ယူကြိမ်းမောင်းတယ်။ မစိမ်းလဲ့ဟာ မိခင်စကားကို အကြောက်အကန် ငြင်းဆန်ပြီး ကြာညို့ကို မကျေမနပ်

www.burmeseclassic.com

www.burmeseclassic.com

အော်ဟစ်ပြောဆိုခဲ့တယ်။``နင့်လို သခင်အပေါ် သစ္စာမရှိတဲ့ ခွေးတစ်ကောင်ကို မွေးမိတာ ငါတို့အမှားပဲ``လို့ ရင့်ရင့်သီးသီး ပြောခဲ့တယ်။ကြာညိုဟာ သူ့မကို ခွေးနဲ့ နှိုင်းတဲ့အတွက် ရင်ထဲမှာ နာကျင်သွားပေမဲ့``ဒီမှာ..စိမ်းလဲ့ စိမ်းလဲ့တို့ ကျေးဇူးကြာညို့အပေါ်မှာ ရှိပါတယ်။ဒါကြောင့် စိမ်းလဲ့ မဖြစ်သင့်တာ မဖြစ်အောင် ကြာညို အမုန်းခံပြီး ပြောရတာပါ။ စိမ်းလဲ့တစ်နေ့ ကြာညို့ စေတနာကို နားလည်လိမ့်မယ်`` လို့ပြောလိုက်တော့ ချစ်ဆိပ်မွှန်နေတဲ့ မစိမ်းလဲ့က လက်မခံဘဲ ဒေါသတကြီးနဲ့``ဘယ်တော့မှ နားမလည်ဘူး ကောင်မ.. နင်ဟာ သားရေပေါ်အိပ် သားရေပေါ်စားတဲ့ကောင်မ၊ နင့်လိုကောင်မမျိုးကို အိမ်ပေါ်ခေါ်တင်မိတာ ဖွတ်တက်တာထက် ဆိုးတယ်``လို့ ဒေါသတကြီး ပြောဆိုတယ်။

www.burmeseclassic.com

 www.burmeseclassic.com

ကြာညိုဟာ အချစ်ဆိပ်မွှန်နေတဲ့ မစိမ်းလဲ့ကို အပြစ်မမြင်ခဲ့ဘူး။ သူမ စေတနာကို တစ်နေ့နေ့ နားလည်မယ်လို့ပဲ ယုံကြည်ခဲ့တယ်။ ဒါပေမဲ့ ဆိုင်မှာ အတူတူ စျေးရောင်းရင်း မစိမ်းလဲ့ရဲ့ ရန်လိုမုန်းထားခြင်းကို မကြာခဏ ခံနေရတော့ စိတ်ဆင်းရဲခြင်း ကြီးစွာ ခံစားရတယ်။ ဒေါ်စိန်တင် တို့နဲ့အတူ နေထိုင်ခြင်းကို ပထမဆုံးအကြိမ် နောင်တရမိတယ်။ နောက်ဆုံး ကြာညိုဟာ သည်းမခံနိုင်တော့တဲ့ အဆုံးမှာ ဒေါ်စိန်တင်ကို ခွင့်ပန်ပြီး မြို့ကို ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒေါ်စိန်တင်ဟာ သမီးဖြစ်သူရဲ့ ပယောဂကြောင့် ကြာညို ပြန်တော့မယ်ဆိုတာ မရိပ်စားမိဘူး။ကြာညိုကို ချော့မော့ပြီး ဆိုင်မှာဆက်နေဖို့ ပြောတယ်။ ဒါပေမဲ့ ကြာညိုက လက်မခံတော့ဘဲ ဒေါ်စိန်တင်ကို ရှိခိုးကန်တော့ပြီး တောင်ငူမြို့က ပြန်လာခဲ့တယ်။ဒေါ်စိန်တင်ရဲ့ ကျေးဇူးကိုတော့ ကြာညို တစ်သက်လုံး မမေ့ပါဘူး။ဒါပေမဲ့ ဖိနှိပ်မှုတွေကို ခေါင်းငုံ

www.burmeseclassic.com

www.burmeseclassic.com

မခံနိုင်ဘူးလေ။

ကြာညိုဟာ ဇာတိရပ်မြေ မြို့ကလေးကို ပြန်ခဲ့တယ်။

အဒေါ်အပျိုကြီးဟာ ကြာညို ပြန်လာတာကို ဝမ်းပန်းတသာ ကြိုဆိုခဲ့တယ်။ အဒေါ့် ယောက်ျား ဖိုးအောင်ကတော့ ကြာညို့ကို ရင်းရင်းနှီးနှီး မဆက်ဆံဘဲ ခပ်စိမ်းစိမ်းနေတယ်။

အဒေါ်အပျိုကြီးက ယောက်ျားဖြစ်သူရဲ့ အနေရှိုးပုံကို ဂုဏ်ယူဟန်နဲ့ ``ငါ့ယောက်ျားက အနေအထိုင် သိပ်ရှိုးတာဟဲ့၊ သူ့ကို မသိရင် ဆန်ကုန်သည် လို့တောင် မထင်ရဘူး၊ သိပ်အေးတယ်`` လို့ဂုဏ်ယူပြီး ပြောလေ့ရှိတယ်။

ကြာညိုဟာ ဆန်ကုန်သည် ဖိုးအောင်ရဲ့ အနေရှိုးပုံကို ကြည့်ပြီး ဖိုးအောင်ကို အထင်သေးမိတာ နောင်တရတယ်။ အစကတည်းက ဖိုးအောင်ကို လူရိုးကြီးမှန်းသိရင် မြို့က ခွါမသွားပါဘူးလို့ တွေးမိတယ်။ဒါပေမဲ့ လူရိုး သချိုင်းကုန်းမှာပဲ ရှိတယ်ဆိုတဲ့စကားအတိုင်း ဖိုးအောင်ဟာ ဇာတိရပ်ကို မကြာမီ မြင်တွေ့ခွင့်ရတယ်။

www.burmeseclassic.com

 www.burmeseclassic.com

တစ်နေ့တော့ အဒေါ်ကိုးကွယ်တဲ့ ဆရာတော်ကြီး နေထိုင်မကောင်းဖြစ်လို့ အန်းဆုံးမြို့က ဆေးရုံကို တင်ရတယ်။ အဒေါ်ဟာ သူကိုယ်တိုင် ကိုးကွယ်တဲ့ ဆရာတော်ကြီးရဲ့ အစေးမို့ ကြာညို့ကို အဖော်ခေါ်ပြီး ဆေးရုံကို လိုက်သွားခဲ့တယ်။ဆေးရုံအနီးက အဒေါ်ရဲ့ မိတ်ဆွေအိမ်မှာ တစ်ညတည်းပြီးတော့ အဒေါ်နဲ့အတူ အဖော်တွေ ရောက်လာတာနဲ့ အဒေါ်က ကြာညို့ကို အိမ်ပြန်ခိုင်းတယ်။ အဒေါ်ယောကျ်ားဖိုးအောင်ဟာ ဆန်ကုန်သည် အလုပ်နဲ့ ခရီးထွက်နေချိန်မို့ အိမ်မှာ လူစောင့် မရှိဘူးဖြစ်နေတယ်။ ကြာညို့အိမ်ကို ရောက်တော့ အိမ်မှာ လူသူတစ်ဦးတစ်ယောက် မျှ မရှိဘူး။ အိမ်တံခါးကို ဖွင့်ပြီး ညစာစားဖို့ ထမင်းတစ်အိုးတည်ပြီး ကြောင်အိမ်ထဲက ငါးရံခြောက်တစ်ပြားကို မီးဖုတ်ပြီး ဆီဆမ်းလိုက်တယ်။ ကြာညို့ဟာ ဗိုက်ဆာလာတာနဲ့ ထမင်းစားဖို့ ပြင်နေတုန်း ခြံတံခါးဖွင့်သံ ကြားလိုက်လို့ ကြည့်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com

အခေါ် ယောကျ်ားဖိုးအောင် ဖြစ်နေတယ်။ ဖိုးအောင် ခါတိုင်းဆို တစ်ရက်နှစ်ရက်နဲ့ ပြန်လာလေ့မရှိဘူး။ ကြာညို အံ့ဩရင်း ကြည့်နေတုန်း ဖိုးအောင် အိမ်ထဲကို ဝင်လာပြီး

``ဟဲ့..ကောင်မလေး..ဘာကြောင့်ကြည့်နေတာလဲ၊ ငါ့မိန်းမ ဘယ်သွားလဲ``လို့မေးတယ်။ကြာညိုက ``မြို့ဦးကျောင်းက ဆရာတော်ကြီး ရုတ်တရက် မူးမေ့လဲသွားလို့ တစ်ဖက်မြို့က ဆေးရုံတင်လိုက်ရတယ်။အဲဒီမှာ အခေါ် ရောက်နေတယ်`` လို့ဆိုလိုက်တော့ ဖိုးအောင်က စုတ်တသတ်သတ်နဲ့

``ဖြစ်မှ ဖြစ်ရလေကွာ``လို့ရေရွတ်ပြီး ရေချိုးဖို့ ခြံထဲကို ဆင်းသွားတယ်။ကြာညိုဟာ ဖိုးအောင် နောက်ကျောကို ကြည့်ပြီး``ဒီနေ့ည ဦးဖိုးအောင်နဲ့ ငါနှစ်ယောက်တည်း အိပ်လို့ သင့်တော်ပါ့မလား၊တစ်ဖက်အိမ်က စန်းစန်းတို့ အိမ်မှာ သွားအိပ်ရင် ကောင်းမလား``လို့တွေးမိတယ်။ ခဏကြာတော့ ဖိုးအောင် ရေချိုးပြီး တက်လာလို့ ကြာညိုက

``ဦးလေးထမင်းစားရင် ကြာညို ညစာ ပြင်ထားလိုက်မယ်၊

www.burmeseclassic.com

 www.burmeseclassic.com

ဟင်းတော့ ထွေထွေထူးထူး မရှိဘူး၊ ငါးရံ့ခြောက်ဖုတ်ပဲ ရှိတယ်၊ဒီနေ့က ဟင်းမချက်နိုင်ဘူး၊ ဦးလေး စားမယ် ဆိုရင် ဘဲဥဟင်း ချက်လိုက်ရမလား``လို့မေးလိုက်တယ်။

ဖိုးအောင်က မျက်နှာရှုံ့မဲ့လိုက်ပြီး ``ငါ မကြိုက်တဲ့ ဟင်းတွေ ချည်းပါလား..နေ..နေ တရုတ်အရှောင်ဆိုင်က ခေါက်ဆွဲကြော်ပဲ သွားစားတော့မယ်`` ဆိုပြီး အိမ်ထဲကထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ ဖိုးအောင် ညစာစားပြီး ပြန်လာရင်

စန်းစန်းတို့အိမ်သွားအိပ်မယ်ဆိုပြီး လွယ်အိတ်လေးထဲကို

အဝတ်အစား တစ်စုံထည့်ပြီး အိမ်ရှေ့ ကွပ်ပစ်ပေါ်မှာ

ထိုင်စောင့်နေတယ်။ ဖိုးအောင်ကို အတန်ကြာအောင်

စောင့်နေတဲ့အထိ ရောက်မလာတဲ့အတွက် ကြာညိုဟာ

ကွပ်ပစ်လေးပေါ်မှာ မှေးခနဲ အိပ်ပျော်သွားတယ်။ ကြာညို

အိပ်ပျော်သွားပြီး ခဏကြာတော့ သူ့ခန္ဓာကိုယ်ကို

တစ်စုံတစ်ယောက်က လှုပ်နှိုးတယ်လိုက်လို့

www.burmeseclassic.com

 www.burmeseclassic.com

အိပ်ယာကလန့်နိုးလာတယ်။ ကြာညို အိပ်ယာနိုးလို့ ကြည့်လိုက်တော့ သူ့ကို လှုပ်နိုးတဲ့သူက ဖိုးအောင် ဖြစ်နေတယ်။ ဖိုးအောင်ကိုယ်က အရက်နံ့တွေ နံ့ဟောင်နေတယ်။ ဖိုးအောင်က ``ဟဲ့ ကောင်မလေးထ..ထ အိမ်ထဲကိုဝင်အိပ်`` လို့ပြောတယ်။ ကြာညိုဟာ အိပ်ချင်မူးတူး ဖြစ်နေတာနဲ့ သူငယ်ချင်း စမ်းစမ်းအိမ်မှာ သွားအိပ်မယ်ဆိုတာ မေ့လျော့သွားတယ်။ဒါကြောင့် အိပ်ချင်မူးတူးနဲ့ အခန်းထဲ ဝင်လာခဲ့တယ်။ ကြာညို အိပ်ပျော်သွားပြီး ခဏအကြာမှာ သူ့ခန္ဓာကိုယ်ကို တစ်စုံတစ်ယောက်က ဖိမိတယ်လို့ ခံစားရလို့ လန့်နိုးသွားတော့ သူ့အခန်းထဲကို ဖိုးအောင် ရောက်လာပြီး နမ်းရှုံဖို့ ကြိုးစားနေတာသိရတယ်။ ကြာညိုဟာ အထိတ်တလန့်နဲ့ အော်ဟစ်ပြီး ရုန်းကန်နေခဲ့တယ်။ဒါပေမဲ့ ဖိုးအောင်ရဲ့ ခွန်အားက သာလွန်လို့ ရေတိန်နစ်လုဆဲဆဲမှာ ``ကယ်ကြပါဦးရှင်`` လို့ အော်ဟစ်ပြီး ပတ်ပွန်းကျင်ကို အကူအညီ တောင်းဖို့ ကြိုးစားပေမဲ့ ဖိုးအောင်က

www.burmeseclassic.com

www.burmeseclassic.com

ကြာညို့ပါးစပ်ကို အတင်းပိတ်တယ်။ ဒီအချိန်မှာပဲ အိမ်ရှေ့က ``ကြာညို..ကြာညို ``လို့ ဆိုတဲ့ အဒေါ်ရဲ့ ခေါ်သံကို ကြားလိုက်ရတယ်။ ဖိုးအောင်ဟာ အဒေါ်အသံကို ကြားတာနဲ့ ကြာညိုကိုယ်ပေါ်က ခွါပြီး အခန်းထဲက ထွက်ပြေးတယ်။ ကြာညိုဟာ ဖိုးအောင်ရဲ့ ယုတ်မာပုံကို အဒေါ်သိအောင် ပြောပြဖို့ ကြံစည်လိုက်တယ်။ အဒေါ်က ကြာညိုကို မြင်တော့ ``အမလေး..အိပ်လိုက်တာ ကြာညိုရယ်..ဆရာတော်ရဲ့ မယ်တော်တွေလဲ ရောက်လာလို့ ညည်းကို စိတ်မချတာနဲ့ ပြန်လာတာ``လို့ပြောတယ်။ ကြာညိုဟာ အခန်းထဲ ဝင်လာတဲ့ အဒေါ်ကို ကြည့်ပြီး သူမရဲ့ သာယာနေတဲ့ ဘဝကို မဖျက်ဆီးချင်တာနဲ့ ရေငုံနှုတ်ပိတ်ပြီး နေခဲ့တယ်။ဒီနေရာမှာ ကိုယ်က ဒေါ်သည့်ပဲလေ.. ဒေါ်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရမှာပေါ့ လို့ဆုံးဖြတ်လိုက်တယ်။ ဒီနေ့ကစပြီး ကြာညိုဟာ အဒေါ်နဲ့ခွဲခွါဖို့ ပြင်ဆင်ခဲ့တယ်။အဒေါ်နဲ့ ဆက်နေရင် လူယုတ်မာဖိုးအောင်ရဲ့ ရန်ကိုလဲ ဂရုစိုက်

www.burmeseclassic.com

 www.burmeseclassic.com

ရဦးမယ်။ ရှေ့ဆက်ပြီး ကိုယ့်လမ်း ကိုယ်လျှောက် ရတော့မယ်။ ဘဝဆိုတာ ပန်းခင်းလမ်း မဟုတ်ဘူး။ဆူးတွေ အပြည့်ခင်းထားတဲ့ လမ်းဆိုတာ ကြာညို နားလည်ခဲ့ပြီ။ ဒီအချိန်ကစပြီး ကြာညိုရဲ့ဘဝ တစ်ဆစ်ချိုး ပြောင်းလဲ ခဲ့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပွါးကကြာညို့ဘဂနောက်ကြောင်းကို အစအဆုံး နားထောင်ပြီးတော့ ကရုဏာသက်ဟန်နဲ့ `` ဆိုးဂါးလိုက်တဲ့ ဘဂပါလားဟယ်၊ ညည်းသွားစရာ မရှိရင် ငါနဲ့ လိုက်ခဲ့ပါလား`` လို့ဖိတ်ခေါ်လိုက်တယ်။ ကြာညိုက သက်ပြင်းချပြီး``ကျွန်မ မြို့က ထွက်လာကတည်းက ခြေဦးတည်ရာဆိုပြီး ထွက်လာခဲ့တာပါ၊ သွားစရာ နေရာတော့ မရှိပါဘူး၊ ဒါနဲ့ အဒေါ်က ဘာအလုပ်လုပ်တာလဲ`` လို့မေးမြန်းလိုက်တယ်။ ဒေါ်ပွါးက သက်ပြင်းချပြီး ``ငါ့အလုပ်က လူတစ်ယောက် နောက်ကို မတွေ့တွေ့အောင် လိုက်ရှာတဲ့အလုပ်။ ဒီကောင်ဟာ အလွန် ရိုးသာတဲ့

www.burmeseclassic.com

 www.burmeseclassic.com

မိသားစုလေး တစ်စုကို ဆင်းရဲနွမ်းပါးပြီး ဘဝပျက်အောင် လုပ်ခဲ့တဲ့ လူယုတ်မာကောင်၊ သူ့ကို တွေ့ရင် သဘာဝ လောကကြီး ကိုယ်စား အပြစ်ဒဏ်ခတ်ရမယ်`` လို့ဆိုလိုက်တော့ ကြာညိုက ဒေါ်ပွါးကို နားမလည်ဟန်နဲ့ ကြည့်ပြီး ``ဘယ်လို အပြစ်ဒဏ် ခတ်မှာလဲ`` လို့မေးမြန်း လိုက်တယ်။ ဒေါ်ပွါးက ``ဒီကောင့်အတွက် အပြစ်ဒဏ်က သေဒဏ်ပဲ`` လို့ဆိုလိုက်တယ်။ ကြာညိုဟာ ဒေါ်ပွါးအဖြေကြောင့် မျက်လုံးပြူးသွားပြီး..ဒီမိန်းမကြီးက ဒုစရိုက်သမားကြီးပဲ.. လူတစ်ယောက် အသက်ကို သွေးအေးအေးနဲ့သတ်မလို့ ဆိုပါလား..သူနဲ့ ပေါင်းသင်းလို့ မဖြစ်ပါဘူး..လောကနိတိမှာ ...ပညာရှိ သူတော်ကောင်းတို့သည် ဆင်းရဲဒုက္ခ ကြုံသော်လည်း မကောင်းမှု ဒုစရိုက်ကို လက်မခံ။ အကျင့်သီလကို စောင့်ထိမ်းကြ ကုန်၏...လို့ဆိုထားတယ်၊ ဒီမိန်းမကြီးကို ဝေးဝေးရှောင်ရမယ်`` လို့တွေးလိုက်တယ်။ ဒေါ်ပွါးက

www.burmeseclassic.com

www.burmeseclassic.com

ကြာညီ့ရဲ့ အမူအယာကို ကြည့်ပြီး `` လောကနိတိနဲ့

ဆင်ခြင်ကြည့်ပြီး ဒီမိန်းမကြီးကို ဝေးဝေးရှောင်ရမယ်လို့

ဆိုတာလား၊ လူမှာ ပင်ကိုယ်စွမ်းအားက

အရေးအကြီးဆုံးပဲဟဲ့၊ ပင်ကိုယ်စွမ်းအားက လက်မခံတဲ့သူကို

ဘယ်လို လူမျိုးကမှ ပြောင်းလဲအောင် လုပ်လို့မရဘူး။ နင့်မှာ

မိန်းမပျက် ဖြစ်နိုင်တဲ့ ပင်ကိုယ်စွမ်းအား မပါရင် နင့်ကိုငါ

မိန်းမပျက် ဖြစ်အောင် လုပ်လို့မရဘူး။ ဥပမာ

ယောကျ်ားလေး တွေ စတာနောက်တာ ခံချင်တဲ့ ခပ်ထထ

မိန်းမတစ်ယောက်ကိုကြည့်၊ ယောကျ်ားလေးက စပြီ

နောက်ပြီ ဆိုရင် သူ့ရဲ့ ပင်ကိုယ်စွမ်းအားက စချင်

နောက်ချင်အောင် ပြုပြင် ပြောင်းလဲထားလို့ပဲ။ နင့်ရဲ့

ပင်ကိုယ်စွမ်းအားက ယောကျ်ားလေးတွေရဲ့ အစအနောက်ကို

ခံချင်နေရင် ဘယ်လောက်ပဲ ရှောင်နေရအောင် နေနေ

အစအနောက် ခံရမှာပဲ၊ နင့်ရဲ့ ပင်ကိုယ်စွမ်းအားက

အစအနောက် မခံချင်ရင် ဘယ်ယောကျ်ားမှ မစဝံ့ဘူးဟဲ့


www.burmeseclassic.com

 www.burmeseclassic.com

နင် ငါ့စကားကို လက်မခံချင်ဘူး မဟုတ်လား။ နင့်မှာ လောက အတွေ့အကြုံ မစုံသေးတော့ ဘယ် လက်ခံချင်ဦးမလဲ။ လောကမှာ လူတွေ သတ်မှတ်ထားတဲ့ ကောင်းခြင်း ဆိုးခြင်း ဆိုတာ သတ်မှတ်ချက် တစ်ခုပါပဲဟာယ်။ လယ်သမားတွေ ဘက်က ရပ်တည်ပေးခဲ့တဲ့ ဆရာစံဟာ ငါတို့ ဘက်က ကြည့်ရင် မျိုးချစ် ပုဂ္ဂိုလ်ကြီးပေါ့ဟာယ်။ ဒါပေမဲ့ အင်္ဂလိပ်တွေ ဘက်က ကြည့်ရင် သူပုန်ကြီးလို့ပဲ မြင်တယ်``လို့ပြောရင်း အနီးက ထမင်းထုပ် တစ်ထုပ်ကို လှမ်းယူလိုက်ပြီး

``ငါ ထမင်းထုပ် နှစ်ထုပ် ဂယ်ထားတယ်..ရော့..ညည်း တစ်ထုပ်စား``လို့ပြောလိုက်တယ်။ ကြာညိုက ထမင်းထုပ်ကို လှမ်းယူလိုက်ရင်း ``ဒုက္ခပါပဲ၊ သူပေးတဲ့ ထမင်းထုပ်ကို စားပြီး လူဆိုးလူမိုက် လုပ်နိုင်းမလား မသိဘူး``လို့တွေးပြီး ထမင်းထုပ်ကို မဟုံ့မရဲ ကြည့်လိုက်တယ်။ ဒေါ်ပွါးက ကြာညို အပြုအမူကို ကြည့်ပြီး ရယ်မောလိုက်ရင်း``ငါကျွေးတဲ့ ထမင်းထုပ် စားပြီးရင် နင်လူဆိုး မလုပ်ရပါဘူး၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

နင်ငါ့ကို အကူအညီ တစ်ခုပေးရမယ်``လို့ပြောတယ်။ ကြာညိုက မျက်မှောင်ကြုတ်ပြီး ``ဘယ်လို အကူအညီလဲ`` လို့မေးမြန်းလိုက်တယ်။ ဒေါ်ပွါးက``ငါဟာ ဌေးဦး ဆိုတဲ့ လူယုတ်မာ တစ်ယောက်ကို မြန်မာပြည်အနှံ့ လိုက်ရှာ နေတာဟဲ့။ဒီကောင်ဟာ မိန်းကလေး တော်တော်များများကို ဖျက်ဆီးထားတယ်။ ငါ့ အချစ်ဆုံး တူမဟာ သူ့ကြောင့် ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင် သွားခဲ့တယ်..ဒါကြောင့် ဒီကောင့် အရိပ်အယောင်ကို တွေ့ရင် သတင်းစာထဲကနေ ငါသိအောင် အကြောင်းကြားပေး။ ငါသတင်းစာတွေ စောင့်ဖတ်နေမယ်``လို့ ပြောလိုက်တယ်။ ကြာညိုက ခေါင်းညိတ်ပြီး``နမချင်း မစာနာတဲ့ သူတွေကို ကျွန်မသိပ်မုန်းတယ်၊ စိတ်ချ ဌေးဦး သတင်းကို ရရင် ဆက်ဆက် အကြောင်းကြားမယ်``လို့ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မှာ သူတို့ လိုက်ပါလာတဲ့ ရထားဟာ ဘူတာတစ်ခုကို ဝင်ဆိုက်တယ်။ ဒေါ်ပွါးဟာ ကြာညိုစားဖို့ ကောက်ညှင်းထုပ်တွေ ပေးလိုက်ပြီး ``လောကထဲကို ဝင်ရင် အထူး သတိထားရမှာက လူဆိုတဲ့ သတ္တဝါပဲဟဲ့။ လူဟာ အသိဉာဏ် အရှိဆုံး သတ္တဝါ ဖြစ်သလို ကောက်ကျစ်စဉ်းလဲမှု အရှိဆုံး သတ္တဝါလဲ ဖြစ်တယ်။ လူ့လောကထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

ကျင်လည်မယ်ဆိုရင် ဘယ်လို လူကိုမှ မယုံပါနဲ့။ကျောချမှ ဓားပြမှန်းသိ ဆိုတဲ့ စကားကို ကြားဖူးတယ် မဟုတ်လား။ နောက်ကျောကို ဓားနဲ့ထိုးပြီး သစ္စာဖောက်တဲ့သူဟာ အသိဥာဏ်အရှိဆုံး ဆိုတဲ့ လူပဲ``လို့သတိပေးလိုက်တယ်။ ကြာညိုက ဒေါ်ပွါးရဲ့ စကားကို သေချာစွာ ကြားနာပြီးတော့ ``ကောင်းပါပြီ။ လူ့လောကကြီးထဲ ဝင်မယ်ဆိုရင် ဘာတွေ ရှောင်ရဦးမလဲ`` လို့မေးမြန်းလိုက်တယ်။ ဒေါ်ပွါးက ခေါင်းညိတ်ပြီး``လူ့လောကထဲကို ဝင်မယ်ဆိုရင် လူတွေဆိက သင်ယူဖို့ ကြိုးစားပါ။ဘယ်လို လူမျိုးမဆို ကိုယ့်ကိုယ် ပညာ တစ်ခု ပေးနိုင်သူတွေချည်း ပါပဲ။ ဒါကြောင့် မျက်စိနဲ့ နားကိုဖွင့်ပါ။ အန္တရာယ်နဲ့ ကြုံလာရင် တွေဝေမနေနဲ့၊ အကောင်းဆုံး နည်းက ရန်သူကို လက်ဦးမှု ရနေပါစေ၊ လောက တိုက်ပွဲမှာ လက်ဦးမှုက သိပ်အရေးကြီးတယ်။ တွေဝေနေရင် အရှုံးနဲ့ ရင်ဆိုင်ရမှာပဲ``လို့မှာကြားခဲ့တယ်။ ကြာညိုဟာ ဒေါ်ပွါးဆီက အဘိုးတန် စကားတွေကို

www.burmeseclassic.com

 www.burmeseclassic.com

မြေဂုဏ်ယမကျ နားထောင်ပြီး သတ္တိခဲ အဘွါးကြီးနဲ့ လမ်းခွဲ ထွက်လာခဲ့တယ်။ အဘွါးကြီး သင်ပေးလိုက်တဲ့ ဒသာနကို သူ့နားထဲက မထွက်ဘူး။ အန္တရာယ်နဲ့ ကြုံလာရင် တွေဝေမနေနဲ့၊ အကောင်းဆုံး နည်းက ရန်သူကို လက်ဦးမှု ရနေပါစေ..တဲ့...

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ ဘူတာနဲ့ မနီးမဝေးက ထမင်းဆိုင်လေးမှာ နေ့လယ်စာ သွားစားရင်း လွယ်အိတ်ထဲက ပိုက်ဆံတွေကို သေသေချာချာ ကြည့်ပြီး ပိုက်ဆံတွေ မကုန်မီ အလုပ်တစ်ခု ရှာရမယ်လို့ တွေးမိတယ်။ ထမင်းဆိုင်နဲ့ မလှမ်းမကမ်းက ဈေးရုံရှေ့မှာ လူတွေ စုဝေးနေတာ မြင်တာနဲ့ အလုပ်ဖြစ်ခ

www.burmeseclassic.com

www.burmeseclassic.com

ရလိုရခြား သွားကြည့်တယ်။ ဇရပ်ရှေ့ကို ရောက်တော့ ယောကျ်ားတွေပဲ တွေ့ရပြီး မိန်းမသား တစ်ယောက်မှ မတွေ့ရဘူး။ ကြာညိုက ယောကျ်ားတစ်ယောက်ကို အလုပ်အကိုင်နဲ့ ပတ်သက်ပြီး မေးကြည့်တော့ ``ကျုပ်တို့က ရှမ်းပြည်ဘက်က မိုင်းမှာ သွားအလုပ်လုပ်ဖို့ စောင့်နေတာ``လို့ဆိုတော့ ကြာညိုက နားမလည်ဟန်နဲ့ ``မိုင်းမှာ ကျွန်မလို မိန်းကလေး တစ်ယောက် အလုပ်လုပ်လို့ ရမလား`` လို့မေးမြန်းတော့ ယောကျ်ားတွေဟာ ကြာညိုကို ဝိုင်းဝန်း ရယ်မောလိုက်ကြပြီး ယောကျ်ား တစ်ယောက်က ``မိုင်းဆိုတာ အင်မတန် ကြမ်းတမ်း ခက်ထန်တယ်၊ တော်တန်ရုံ သတ္တိနဲ့ ယောကျ်ားတွေတောင် မိုင်းမှာ မနေနိုင်ကြဘူး``လို့ပြောတယ်။ ကြာညိုဟာ သူမကို ကြည့်ပြီး ဝိုင်းဝန်းလှောင်ပြောင်တဲ့ ယောကျ်ားတွေကြားမှာ အရှက်ရနေတုန်းမှာ ဇရပ် တစ်နေရာက အသံတစ်သံ ထွက်ပေးလာတယ်။ ``မိုင်းမှာ မိန်းမသား တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

အတွက် အလုပ် မရှိဘူးလို့ ဘယ်သူပြောလဲ``ကြာညိုဟာ အသံကြားရာကို လှည့်ကြည့်လိုက်တော့ ဇရပ်ပေါ်မှာ ထိုင်နေတဲ့ အသက် လေးဆယ်ဝန်းကျင် မိန်းမ တစ်ယောက်ကို တွေ့ရတယ်။ ထိုမိန်းမက ကြာညိုကို နှစ်လိုဖွယ် ပြုံးပြလိုက်ပြီး``အစ်မနံမည် မပိုင်းလို့ ခေါ်တယ်။ မိုင်းတွင်းမှာ ထမင်းချက် အလုပ်ကို လုပ်တယ်။ အစ်မ အလုပ်မှာ ထမင်းချက် အကူ တစ်ယောက် လိုနေတယ်၊ ညီမ အလုပ် လုပ်ချင်ရင် မိုင်းတွင်းကို လိုက်ခဲ့ပါ``လို့ဖိတ်ခေါ်တယ်၊ ကြာညိုဟာ မပိုင်းဆိုတဲ့ မိန်းမရဲ့ နှစ်လိုဖွယ် ဖိတ်ခေါ်မှုကြောင့် မိုင်းတွင်းမှာ ထမင်းချက်အကူ လိုက်လုပ်ဖို့ သဘောတူ လိုက်တယ်။ ဒီလိုနဲ့ ကြာညိုဟာ မပိုင်းနဲ့ လိုက်ပြီး ထမင်းချက်အလုပ်ကို လုပ်ဖို့ မိုင်းတွင်းကို လိုက်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

မိုင်းတွင်းကို သွားမဲ့ လော်ရီကားကြီးပေါ်မှာ ယောကျ်ားသားတွေနဲ့ ပြည့်နေပြီး မိန်းမသားဆိုလို့ ကြာညိုတို့နှစ်ယောက်ပဲ ရှိတယ်။ ကြာညို လိုက်ပါလာတဲ့ လော်ရီကားကြီးဟာ မိုင်းတွင်းကို ရောက်ဖို့ ၃ရက်တိတိ သွားရတယ်။ လမ်းခရီးမှာ မိုင်းက ကြာညိုဘဝ နောက်ကြောင်းကို မေးမြန်းတော့ ကြာညိုက သူ့ဘဝ

www.burmeseclassic.com

www.burmeseclassic.com

နောက်ကြောင်းကို စီကာပတ်ကုံး ပြောပြလိုက်တယ်။ မပိုင်းက ကြာညို့စကားကို စုတ်တသပ်သပ်နဲ့ နားထောင်ပြီးတော့

``ငါ့ညီမ နောက်ကြောင်းကို ကြားရတာ စိတ်မကောင်းစရာ ပါလားကွယ်။ ယောကျ်ားတွေဟာ ဒီလိုပဲ၊ တစ်ယောက်မှ မကောင်းဘူး၊ တစ်ယောက်တစ်မျိုး ဆိုးကြတယ်။ အစ်မယောကျ်ားလဲ ဒီလိုပါပဲ၊ မယားကြီး ရှိရက်နဲ့ ခယ်မနဲ့ ဖောက်ပြန်တယ်လေ၊ အစ်မလဲ အိမ်ထောင်ရေးကို စိတ်ကုန်ပြီး သူတို့နဲ့ လမ်းခွဲထွက်ခဲ့တာ ဒီနေ့အထိပါပဲ``

လို့ပြောတယ်။ ကြာညိုက မပိုင်း စကားကို နားထောင်ပြီးတော့

``အစ်မက ဘာလို့ မိုင်းမှာ သွားအလုပ်လုပ်တာလဲ``

လို့မေးမြန်းလိုက်တော့ မပိုင်းက သက်ပြင်းချပြီး ``ငါ လူ့ယဉ်ကျေးမှုတွေကို မယုံကြည်တော့ဘူး၊ လူ့ယဉ်ကျေးမှုဆိုတာ အပေါ်ယံဟန်ပြလို့ပဲ ထင်တယ်၊ အပေါ်ယံ ( သန နောက်မှာ ဖောက်ပြန်မှုတွေ ဖြည့်နှက်နေတယ်လို့ ခံစားရတယ်၊ ဒါကြောင့်

www.burmeseclassic.com

 www.burmeseclassic.com

လူယဉ်ကျေးမှုနဲ့ ဝေးတဲ့နေရာမှာ သွားနေတာ``

လို့ပြောတယ်။ ကြာညိုဟာ မပိုင်းရဲ့ မျက်နှာ ခံစားမှုတွေကို

ကြည့်ပြီး သက်ပြင်းချလိုက် မိတယ်။ ဒီလိုနဲ့

သုံးရက်မြောက်တဲ့ နေ့နံနက်မှာ မိုင်းတွင်းကို ရောက်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘြာညီုတို့လိုက်ပါလာတဲ့ လော်ရီကားကြီးဟာ မိုင်းတွင်း ဒီတ်တံခါးတွေ ကျော်လွန်ပြီး ကျောက်လမ်းအတိုင်း အတွင်းထဲကို တဖြည်းဖြည်း ဝင်သွားတယ်။ မပိုင်းက လော်ရီကားကြီးထဲက ကုန်းထလိုက်ပြီး ``မိုင်းတွင်းထဲကို ရောက်ပြီ၊ ရှေ့မှာ မိုင်းတွင်းရောက်ပြီ၊ နင်ထကြည့်လိုက်၊

www.burmeseclassic.com

 www.burmeseclassic.com

မိုင်းတွင်းတစ်ခုလုံး တွင်းတွေ လူတွေ ပြည့်နေတယ်``

လို့ပြောတော့ မပိုင်းပြောသလို မိုင်းတွင်း ပတ်ဝန်းကျင်

တစ်ခုလုံး တွင်းလုပ်သားတွေနဲ့ ပြည့်နေကြောင်း

တွေ့ရတယ်။ ဒီအချိန်မှာ တစ်ကိုယ်လုံး ရွှေတွေ

မြင်မကောင်းအောင် ဂတ်ဆင်ထားတဲ့

ကုလားတစ်ယောက်ဟာ ကားရှေ့ကို ဟန်ပါပါနဲ့

ရောက်လာပြီး ကားပေါ်မှာ လိုက်ပါလာတဲ့ လူတွေကို

ဆင်းခိုင်းလိုက်တယ်။ မပိုင်းက လူအုပ်နောက်မှက

ဂင်တန်းစိရင်း လေသံတိးတိုးနဲ့``ဒီကုလားနံမည်

ရာကွတ်လို့ခေါ်တယ်။ မိုင်းသခင်ကြီး ကိုယ်စားလှယ် ဆိုပြီး

မိုင်းလုပ်သားတွေကို ခေါင်းပုံဖြတ် နေသူပေါ့``လို့ဆိုတယ်။

ရာကွတ်က သူတို့ အားလုံး ရှေ့မှာ ဟန်ပါပါ

ရပ်လိုက်ပြီး``မင်းတို့ အားလုံးကျုပ်စကားကို နားထောင်ကြ၊

လေကုန်ခံပြီး နှစ်ခါ မပြောဘူး။ မင်းတို့ အားလုံး

တန်းလျားတွေမှာ ညအိပ်ရမယ်၊ မင်းတို့ မနက်စော

www.burmeseclassic.com

www.burmeseclassic.com

ညစာအတွက် ဈေးဆိုင်တွေ ရှိတယ်။ ဆိုင်မှာ မစားချင်ရင် ကိုယ့်အစုနဲ့ ကိုယ် ချက်စားပေတော့၊ မိုင်းတွင်းမှာ အရက်ရှိတယ်၊ ဘိန်းရှိတယ်၊ ပြည်တန်ဆာ ရှိတယ်၊ လောင်းကစားဝိုင်းတွေ ရှိတယ်၊ ဒါတွေကို လိုက်စား နေရင်တော့ ရှာသမျှ ငွေကုန်မှာပဲ။ ဒီမှာ ကြောက်စရာ အကောင်းဆုံးက ငှက်ဖျား ရောဂါပဲ၊ မိုင်းတွင်း ပြိုကျမဲ့ အန္တရာယ်လဲရှိတယ်။ ကိုယ်အသိဉာဏ်နဲ့ ကိုယ်မထိမ်းရင်တော့ သေမှာပဲ။ သေရင်တော့ မိုင်းသခင်ကြီးဆီက လျော်ကြေး တစ်ပြားမှ မရဘူး။ ဒီမှာ မကောင်းမှု ကျူးလွန်ရင်တော့ မြို့ပေါ်မှာလို ပုလိပ်မရှိဘူး၊ မိုင်းလုံခြုံရေး တပ်သားတွေနဲ့ တွေ့မယ်။ ဒီလူတွေဟာ ပုလိပ်ထက် ကြောက်စရာ ကောင်းတာ မင်းတို့ လက်တွေ့သိလိမ့်မယ်။ မိုင်းမှာ ကိုယ်ပစ္စည်း ကိုယ်လုံအောင် ထိမ်းကြ၊ ပစ္စည်းပျောက်ရှသွားရင် တာဝန်မယူဘူး၊ အလုပ်သမားတွေ အားလုံး ကိုယ်တန်းလျားမှာပဲ ကိုယ်နေရမယ်။ ညဘက်

www.burmeseclassic.com

 www.burmeseclassic.com

ဟိုဘက်တဲ ဒီဘက်တဲ မကူးသန်းရဘူး၊

ကိုယ်တန်းလျားအတွက် အိမ်သာတွေ ကိုယ့်ဘာသာ တူးရမယ်။ မိုင်းမှာ အလုပ်လုပ်ဖို့ အတွက် ပေါက်တူးတွေ ဂေါ်ပြားတွေ မိုင်းသခင်ကိုယ်စားလှယ် ရုံးမှာ လာငှါးကြ။ ပစည်းငှါးတဲ့အတွက် ငှါးခ ပေးစရာ မလိုဘူး၊ ဒါပေမဲ့ ပေါက်တူးတွေ ဂေါ်ပြားတွေ ကျိုးပဲ့လာရင်တော့ အလျော်ပြန်ပေးရမယ်။ မိုင်းသခင်ကြီးက မင်းတို့ အပေါ် သိပ်ကောင်းတယ်။ မိုင်းတွင်း အတွက် ပေါက်တူးတွေ ဂေါ်ပြားတွေလဲ အခမဲ့ ငှါးပေးတယ်။ နေစရာလဲ အခမဲ့ ပေးတယ်။ ဒါကြောင့် မင်းတို့ အလုပ်ကို ကျိုးကျိုးစားစား လုပ်ပြီး ရတဲ့ သတ္တုတွေကို မိုင်းသခင်ဆီမှာ ပြန်ရောင်းကြပါ။ ဒီအတွက် ထိုက်တန်တဲ့ အဖိုးအခလဲ ရမယ်။ ကံကောင်းလို့ သံကြောမိခဲ့ရင် မင်းတို့ သူဌေးကြီး ဖြစ်ပြီပေါ့ ။

ဩော်..အရေးကြီးတာပြောရဦးမယ်၊ မင်းတို့ ရဲ့ တစ်လစာ လုပ်ခ လစာထဲက ကျပ်က တစ်ဆယ် ဖြတ်မယ်နော် `လို့

www.burmeseclassic.com

www.burmeseclassic.com

ပြောတယ်။ ကျုပ်စကားကို နားမထောင်ရင်တော့ မိုင်းတွင်းကနေ ရောင်းရမယ် နားလည်လား``လို့ပြောတယ်။

ကြာညိုဟာ အလုပ်သမားခေါင်း အိစွတ်ရဲ့ သံကြောမိရင် သူဌေး ဖြစ်မယ်ဆိုတဲ့စကားကြောင့် စိတ်အား တက်ကြွသွားတယ်။ မပိုင်းက ကြာညိုရဲ့ အတွေးကို ရိပ်စားမိဟန်နဲ့ ``စိတ်ကူးယဉ်မနေနဲ့၊ တကယ်တော့ သံကြောမိဖို့ ဆိုတာ သိပ်ခက်ခဲတယ်။ မိုင်းက လူတွေဟာ သံကြော မမိခင် ပျက်ဆီးရင် ပျက်ဆီး ။ မပျက်ဆီးရင် ငှက်ဖျားမိပြီး အသက်ဆုံးကြတာပဲ။ မိုင်းတွင်းမှာ တကယ် ကြီးပွါးသွားတဲ့သူက မိုင်းသခင်ကြီးတစ်ယောက်ပဲ ရှိတယ်``လို့ပြောတယ်။ ပြီးတော့ မပိုင်းက ကြာညိုအား မိုင်းတွင်းကို ပတ်ပြီး ပြသလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ လမ်းတစ်လျှောက်တွင် တွေ့ရသော တူးလက်စ မိုင်းတွင်းတွေကို စိတ်ဝင်စားစွာ ကြည့်ရှုတယ်။ ကြာညိုတို့ လူသစ်တွေကို မိုင်းတွင်းရှိ လူဟောင်းများက စိတ်ဝင်စားစွာ ကြည့်ရှုကြတယ်။ မိုင်းတွင်းများကို ကျော်လွန်ပြီးတော့ အလုပ်သမားသစ်များ နေထိုင်ရမည့်တန်းလျားများကို တွေ့ရတယ်။ မပိုင်းက အလုပ်သမား တန်းလျားတွေကို လက်ဝှေ့ယမ်းပြပြီး ``ဒီတန်းလျားတွေမှာ

www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားသစ်တွေ နေရမယ်၊ နင်ကတော့ ငါနဲ့ လိုက်ပြီးနေထိုင်ရမယ်`` လို့ပြောတယ်။ ကြာညိုက မျက်မှောင်ကြုတ်ပြီး ``အခေါ်က ဘယ်မှာ နေတာလဲ`` လို့မေးမြန်းလိုက်တယ်။ မပိုင်းက ``ငါက မိုင်းလုံခြုံရေး တပ်က စားဖိုဆောင်မှာ တာဝန်ယူရတယ်၊ နင်လဲ ငါနဲ့အတူ စားဖိုဆောင်မှာ နေရမယ်၊ စားဖိုဆောင်ဆိုတော့ နင့်အတွက် စားရေးသောက်ရေး ကတော့ ပူစရာ မလိုပါဘူး`` လို့ပြောတယ်။ မပိုင်းဟာ မိုင်းတွင်းအလယ်က အုတ်တိုက်နိုကြီး ရှိရာကို ခေါ်ဆောင်သွားတယ်။ အနီရောင် ခြံတံခါးကြီး ရှေ့ကို ရောက်တော့ အစောင့်က မပိုင်းကို အစစ်အဆေး အမေးအမြန်း မရှိဘဲ ခြံတံခါး ဖွင့်ပေး လိုက်တယ်။ မပိုင်းက အိမ်ကြီးအနောက်က ထင်းလှောင်ခန်းလေးကို ခေါ်ပြီး ``ဒီအခန်းလေးထဲမှာ နင်နဲ့ငါ အတူတူ နေရမယ်၊ ပြီးရင် ထမင်းစား ရေချိုးရမဲ့ နေရာတွေကို ပြမယ်၊ ဒီလိုနဲ့ ကြာညိုဟာ မိုင်းတွင်းက လုံခြုံရေးတပ်မှာ

www.burmeseclassic.com

www.burmeseclassic.com

ထမင်းချက် အကူ အလုပ်ရခဲ့တယ်။ ဒေါ်ပွါးဟာ ကြာညို့ကို လောလောဆယ် မီးဖိုချောင်ထဲမှာပဲ လုပ်ကိုင်စေတယ်။ ကြာညိုဟာ မိန်းမသားပီသသူမို့ မီးဖိုချောင် အလုပ်တွေကို ကောင်းကောင်း နိုင်နင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ နောက်တစ်နေ့ နံနက်စောစောထပြီး ဒေါ်ပွါးနဲ့အတူ မနက်စာကို ဝိုင်းဝန်း ပြင်ဆင်ပေးတယ်။ မနက်စာကတော့ နံပြားနဲ့ ပဲဟင်းသာ ဖြစ်တယ်။ မဝိုင်းက ``လုံခြုံရေး တပ်သားတွေက ကုလားများတယ်ဟဲ့၊ ဒါကြောင့် ဒါက ကုလားစာတွေပဲ ချက်ရတယ်``လို့ပြောတယ်။ နံပြားနဲ့ ပဲဟင်းရတော့ သံပန်းကန်ထဲမှာ ထည့်ပြီး အစားအသောက်

www.burmeseclassic.com

www.burmeseclassic.com

တွေတင်တဲ့ စားပွဲပေါ်မှာ တင်ထားရတယ်။ ခဏအကြာမှာ မိုင်းလုံခြုံရေး တပ်သားတွေ ရောက်လာပြီး နံပြားနဲ့ ပဲဟင်းပန်းကန်ကို ယူသွားကြတယ်။ လုံခြုံရေး တပ်သားတွေ ထွက်သွားတော့ မပိုင်းက ``နေ့လယ်စာကို သိမ်းစုံ ပဲကုလားဟင်း စီစဉ်ရမယ်၊ကုလားတွေ သိပ်ကြိုက်တယ်`` လို့ဆိုပြီး ကြာညိုကို အသီးအနှံတွေ ရေဆေးခိုင်းတယ်။ မပိုင်းကိုယ်တိုင် ငါးခြောက်တွေကို ခုတ်ထစ်နေတယ်။ နေ့လယ်စာ စားပြီးတော့ မပိုင်းက`` ငါတို့ဈေးဂယ်ထွက်ရင်း မိုင်းတွင်းကို လိုက်ပြမယ်``လို့ပြောတယ်။ ခဏကြာတော့ ဒေါ်ပွါးဟာ ဈေးဂယ်ဖို့ ပေးထားတဲ့ မြင်းလှည်းလေးကို ကိုယ်တိုင်မောင်းပြီး မိုင်းတွင်းဘက်ကို ထွက်ခဲ့တယ်။ မပိုင်းက မြင်းလှည်းမောင်းရင်း``မိုင်းတွင်းကို အနီးပတ်ဝန်းကျင်က မုဆိုးတွေက သားငါးတွေ လာရောင်းကြတယ်။ အသီးအနှံတွေ ကိုတော့ ရွာတွေက လူတွေ လာရောင်း ကြတာ များတယ်။ မပိုင်းက မိန်းမချောလေး တစ်ယောက်ပါသော မြင်းလှည်းကို

www.burmeseclassic.com

www.burmeseclassic.com

ကျောက်တောင်မခတ်တမ်း ကြည့်နေသော မိုင်းလုပ်သားများအား ရွံ့ရှာဟန်ဖြင့် ကြည့်လိုက်ပြီး ``ဒီမှာက တဏှာရူးတွေ များတယ်၊ သူတို့ဟာ မိန်းမနဲ့ မတွေ့ရတာ နှစ်ပေါင်းများစွာ ကြာပြီဆိုတော့ မိန်းမဆိုရင် သဲကြီးမဲကြီးပဲ`` လို့ပြောတယ်။

ကြာညိုက သက်ပြင်းချပြီး ``ဒီမှာ ကြေးစားမိန်းမတွေ ရှိတယ်ဆို`` လို့ပြောလိုက်တော့ မပိုင်းက သက်ပြင်းချပြီး ``ရှိတယ်ဆိုပေမဲ့ ဒီကောင်မတွေက ဈေးကြီးတော့ မကပ်နိုင်ဘူး၊ဒါကြောင့် လိင်တူချင်း ဆက်ဆံကြတာများတယ်`` လို့ဆိုလိုက်တော့ ကြာညိုက ရှက်ရွံ့ဟန်ဖြင့် ``အရက်မရှိကြဘူးနော်`` လို့ဆိုလိုက်တော့ မပိုင်းက သက်ပြင်းချပြီး ``ဒါ သဘာဝထဲက ကိစ္စတွေပဲလေ၊ လောကကြီးမှာ နင်မသိတာတွေ အများကြီး ရှိသေးတယ်`` လို့ပြောပြီး ရှည်လျားသော ဈေးဆိုင်တန်းများကို လက်ဝှေ့ယမ်းပြပြီး ``ဒီမှာပိုက်ဆံသာ ရှိရင် အရက်၊ဖဲ၊မိန်းမ အကုန်ရတယ်။ ငွေကို လွယ်လွယ်ရတော့ လွယ်လွယ်

www.burmeseclassic.com

www.burmeseclassic.com

သုံးနေတဲ့ လူတွေလဲ မနည်းဘူး။ ကြည့်ပါလား ဘုရားပွဲတော်လား အောက်မေ့ရတယ်။ တောထဲမှာ ထမင်းဆိုင်၊ခေါက်ဆွဲဆိုင်၊ အရက်ဆိုင်၊ လူသုံးကုန် ပစ္စည်းဆိုင် အစုံရှိတယ်။ မြန်မာ ဆေးဆရာတွေရဲ့ ဆေးခန်းတွေတောင် ရှိသေးတယ်၊ ဟိုး..ရှေ့မှာ အပေါင်ဆိုင်တွေလဲ ရှိတယ်၊ မိုင်းမှာ အပေါဆုံးက အပေါင်ဆိုင်နဲ့ အရက်ဆိုင်ပဲ``လို့ရှင်းလင်းပြတယ်။ မိုင်းလုပ်သား အသစ်များကို ထမင်းဆိုင်များက အလုအယက် ခေါ်နေပုံကိုလည်း မြင်ရတယ်။ ကြာညိုက လူစုလူဝေးကို ကြည့်ရင်း`` ဒီလူတွေ ဘယ်လောက်များ စီးပွါးဖြစ် သလဲတော့မသိဘူး၊ သူတို့ ပိုက်ဆံ ထိုင်ဖြုန်းမဲ့ လူတွေက လက်တစ်ကမ်းမှာ ရှိနေကြတယ်``လို့ပြောတယ်။ ကြာညို့ စကားမဆုံးမီ ရိုက်သံပုတ်သံများ စီစီညံအောင် ကြားလိုက်ရပြီး ဒဏ်ရာ ရသူများကို ဆေးခန်းထဲကို ထမ်းခေါ်သွားကြောင်း တွေ့ရတယ်။ မပိုင်းက သဘောကျဟန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ရယ်မောလိုက်ပြီး ``ဟားဟား..ဒါနင့်ကို မိုင်းတွင်းက ရောက်ရောက်ချင်း လက်ကမ်း ကြိုဆိုလိုက်တာပဲ`` လို့ပြောဆိုတယ်။ မပိုင်း မောင်းနှင်တဲ့ မြင်းလှည်းလေးဟာ မိုင်းတွင်းရဲ့ အမြင့်မားဆုံး တောင်ကုန်းပေါ်ကို ရောက်တော့ ကြာညိုက မိုင်းတွင်း မြင်ကွင်းကို ကြည့်ပြီး ``ဒီလိုတော့လဲ မိုင်းတွင်းက အပေါ်စီးက ကြည့်ရင် ချစ်စရာလေးနော်၊ နေရာတိုင်းမှာ မိုင်းတွင်းတွေပြည့်နေတာ ကဗျာဆန်လိုက်တာ`` လို့မှတ်ချက်ချတော့ မပိုင်းက ``ကဗျာဆန်တယ် လုပ်မနေနဲ့၊ တောင်အဆင်းလမ်း ရောက်ရင် လောင်းကစားဝိုင်းတွေ သိပ်ပေါတယ်။ လောင်းကစားဝိုင်းတွေမှာ မှုခင်းတွေ အများဆုံး ဖြစ်ကြတယ်၊လူသေမှုလဲ အများဆုံးပဲ။ လူတွေဟာ ငွေကို လွယ်လွယ်ရလို့ လောင်းကစားဝိုင်းတွေမှာ လွယ်လွယ် သုံးကြတာများတယ်`` လို့ရှင်းပြတယ်။ ကြာညိုက မပိုင်း စကားကြောင့် မျက်မှောင်ကြုတ်ပြီး ``တောထဲမှာ လူသေမှု

www.burmeseclassic.com

 www.burmeseclassic.com

ဖြစ်ရင် လုံခြုံရေးတပ်က အရေးမယူဘူးလား``

လို့မေးမြန်းတယ်။ မပိုင်းက ``တော်တန်ရုံ အမှုဆိုရင်

လုံခြုံရေးကောင်တွေက မျက်လုံးပိတ် ထားလေ့ရှိတယ်။

လူသတ်မှုလို အမှုမျိုးဆိုရင် တရားခံကို အလွယ်ဖမ်းလို့

ရရင်ဖမ်းတယ်။ အလွယ်ဖမ်းလို့ မရရင် ကိုယ်နဲ့ မဆိုင်သလို

နေလိုက်တာ များတယ်။ မိုင်းမှာ လုံခြုံရေးတပ်ကို

ခါးပိုက်ဆောင် ထားရင် ကြံတိုင်းအောင် ဆောင်တိုင်း

မြောက်တယ်``လို့ဆိုလိုက်တော့ ကြာညိုက သက်ပြင်းချပြီး

``မင်းမဲ့ တိုင်းပြည်လို ပါလား``လို့မှတ်ချက်ချတယ်။ မပိုင်းက

ခေါင်းညိတ်ပြီး``ဒီမှာက မျက်နှာကြီးရာ ဟင်းဖတ်ပါ ဆိုသလို

ငွေကြေးတတ်နိုင်တဲ့သူ ကျူးလွန်ရင် အမှုမပေါ်တာများတယ်။

အမှုမှာ တရားသဖြင့် သက်သေလိုက်ရင် ဘေးတွေ့

တတ်တယ်။ တစ်ခါက လူကုံထံတစ်ယောက် ကျူးလွန်တဲ့

မုဒိမ်းမှုမှာ သက်သေလိုက်လို့ တရားခံ မပေါ်ဘဲ ဓားထိုး

ခံရတယ်၊ တကယ်တော့ မိုင်းဟာ ဒုစရိုက်

www.burmeseclassic.com

www.burmeseclassic.com

ကသွားကြီးလို့တောင် တင်စားခေါ် လို့ရတယ်``လို့ပြောတယ်။ ကြာညိုက သက်ပြင်းချပြီး``မိုင်းသခင်ကြီး အကြောင်းပြောပါဦး``လို့မေးမြန်းလိုက်တော့ မပိုင်းက ခေါင်းညိတ်ပြီး``မိုင်းသခင်ကြီးရဲ့ ဆွေမျိုးစုတွေက ဥရောပမှာ မိုင်းတွင်းတွေ အကြီးအကျယ် လုပ်တဲ့ ကုမ္ပဏီအုပ်စုပဲ၊ မြန်မာပြည်မှာ ကတော့ ဥရောနဲ့ ယှဉ်ရင် ဘာမှ မဟုတ်ပါဘူး၊ မိုင်းသခင်ကြီးဟာ မိုင်းအပေါ် ထားတဲ့ သဘောထား မဆိုးပေမဲ့ သူ့လူယုံတွေက မိုင်းလုပ်သားတွေကို ခေါင်းပုံဖြတ်နေတာ ဆိုးတယ်``လို့ပြောလိုက်တော့ ကြာညိုက``မိုင်းမှာ သတ္တုတွေ စီးပွါးဖြစ်အောင် ထွက်လို့လား`` လို့မေးလိုက်တယ်။ မပိုင်းက ခေါင်းညိတ်ပြီး``ထွက်ပါတယ်၊ ဒါပေမဲ့ မိုင်းသခင်ကြီးပဲ စီးပွါးဖြစ်တာလေ၊ မိုင်းလုပ်သား တွေကတော့ နေရာတိုင်းမှာ ခေါင်းပုံဖြတ်ခံရတယ်။ သူတို့ ပစ္စည်းတွေကို သူဌေးကိုယ်စားလှယ်တွေက ဈေးနှိမ်ပြီး ဝယ်တာခံရတယ်၊ ကုမ္ပဏီ ရုံးမှာ ပစ္စည်းထုတ်တဲ့



www.burmeseclassic.com

 www.burmeseclassic.com

ကောင်တွေကလဲ အဆင်မပြေတဲ့ လူတွေဆိုရင် မကောင်းတဲ့ ပေါက်တူးဂေါ်ပြား အညံ့တွေပေးတယ်၊ သူတို့ ညစ်ပတ်တဲ့ အခါလဲ ကိုယ်ခံရတယ်၊သူတို့ မကျေနပ်တဲ့ သူတွေဆိုရင် ပေါက်တူးဂေါ်ပြား တွေ ပျက်ဆီးတယ်ဆိုပြီး အလျော် တောင်းတယ်၊ မိုင်းမှာ အရာရာ အရှုံးတွေချည်းပါပဲ`` လို့ပြောတယ်။ ကြာညိုက မပိုင်းကို ကြည့်ပြီး ``အရာရာ အရှုံးဆိုရင် အဒေါ်က ဘာလို့ မိုင်းမှာလုပ်တာလဲ`` လို့မေးမြန်းလိုက်တယ်။ မပိုင်းက ရယ်မောပြီး``ငါ့အလုပ်က အရှုံးမရှိဘူးလေ၊ သူတို့ပေးတဲ့ ပိုက်ဆံကို ယူပြီး ချက်ပြုတ်ပေးရတာ၊ တစ်ခါတစ်ရံ အမြတ်တောင် ထွက်သေးတယ်၊ မိုင်းမှာ အမြတ်ထွက်တာ ဆိုလို့ မိုင်းသခင်ကြီး ပြီးရင် ငါပဲ`` လို့ဆိုလိုက်တော့ ကြာညိုက ရယ်မော လိုက်မိတယ်။ မပိုင်းက ဆက်ပြောတယ်။ ငါက ဒီကိုလာတဲ့ မိုင်းလုပ်သားတွေနဲ့ ရည်ရွယ်ချက် မတူဘူး။သူတို့က ခပ်ညံ့ညံ့လူတွေ။ အပြင်မှာ

www.burmeseclassic.com

www.burmeseclassic.com

ပွဲမရှာတတ်လို့ မိုင်းမှာ ပိုက်ဆံရမယ် ဆိုပြီး လာရှာကြတာ။ ဒါက သူတို့လို နလပိန်းတုံး မဟုတ်ဘူး။ မိုင်းမှာ ရှာတဲ့ ပိုက်ဆံလောက်ကတော့ အပြင်မှာ အေးအေးဆေးဆေး ရှာလို့ရတယ်၊ ငါ မိုင်းကို လာတာ စွန့်စားခြင်းကို လိုချင်လို့ဟဲ့ ``လို့ ပြောတော့ ကြာညိုက မျက်မှောင်ကြုတ်ပြီး ``မိုင်းမှာ သံကြော တစ်ကြောတွေ့ရင် ချမ်းသာ သွားနိုင်ဘူးလား``ဟုမေးမြန်းလိုက်တယ်။ မပိုင်းက ခေါင်းခါယမ်းလိုက်ပြီး ``သံကြောတွေ့ဖို့ မလွယ်ပါဘူး၊ လူတစ်သောင်းမှာ တစ်ယောက် မတွေ့နိုင်ဘူး။ မိုင်းလုပ်သားတွေဟာ ဝင်ငွေကောင်းတယ် ဆိုပေမဲ့ မိုင်းမှာ မြန်သုံးပစ်လို့ ကုန်တာပါပဲ။ တကယ်တော့ မိုင်းဆိုတာ စိတ်ကူးယဉ် ကမ္ဘာကြီးပါ၊ မိုင်းမှာ ဝင်ငွေကောင်းတာ မှန်ပေမဲ့ မြန်သုံးပစ်လို့ ကုန်တာများတယ်၊ ရင်းနှီးမြုပ်နှံမဲ့ နေရာလဲ မရှိဘူး ``လို့ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ ညကို ရောက်တော့ အိပ်စက် မပျော်နိုင်ဘဲ နဖူးပေါ် လက်တင် စဉ်းစားရင်း ဘဂရှေ့ရေးကို တွေးတောနေမိတယ်။ သူမ ဘဂရှေ့ရေးအတွက် ဘာတစ်ခုမှ ရေရေရာရာ မရှိသေးချေ။ ကြာညိုဟာ မိုင်းတွင်းကို ရောက်ပြီး မပိုင်းနဲ့ အတူ မိုးဖိုချောင်ထဲမှာပဲ ကူညီလုပ်ကိုင် ပေးရတယ်။ စားသောက်ခန်း ထဲကို မဝင်ရသေးဘူး။ တစ်လနီးပါး

www.burmeseclassic.com

www.burmeseclassic.com

ကြာတော့မှ မပိုင်းက သူမကို ခေါ်ပြီး ``စားသောက်ခန်းကို နင် ဒီနေ့က စထွက်ရမယ်၊ အစားအသောက် ဗန်းတွေကို စားပွဲပေါ်ကို ထုတ်ပေးရမယ်၊ ဒီမှာ မိန်းမချော မိန်းမလှတွေ များတယ်၊ နင့်ကို မျက်စိကျမယ်။ သတိထားပါ`` လို့ပြောတယ်။ ကြာညို အစားအသောက် ဗန်းတွေကို စားပွဲပေါ် တစ်ဗန်းပြီး တစ်ဗန်းတင် နေတုန်း လုံခြုံရေး တပ်သားတွေ နေ့လယ်စာ စားဖို့ တစ်ယောက်ပြီး တစ်ယောက် ရောက်လာပြီး ချောမောလှပတဲ့ ကြာညိုကို မျက်လုံးကျွတ် မတတ်ကြည့်ကြတယ်။ ပုတ်ကြီးဆိုတဲ့ တပ်သားက ``လှလိုက်တဲ့ မဒီလေးပါလား``လို့ ကြားတကြား နောက်ပြောင်ကြတယ်။ ကြာညိုဟာ ဘဝ ရည်မှန်းချက်ကြီးသူ ဖြစ်လို့ လုံခြုံရေးတပ်သားတွေ စကားကို နားထဲမဝင်ဘူး။ မီးဖိုခန်း ထဲရောက်တော့ မပိုင်းက ``ပထမနေ့မှာတင် နင့်ကို မျက်စိကျတဲ့ ကောင်တွေ ပေါ်နေပြီ၊ အဆိုးဆုံးက ပုတ်ကြီး ဆိုတဲ့ကောင်ပဲ၊ ဒီကောင်က



www.burmeseclassic.com

www.burmeseclassic.com

အင်မတန် မိန်းမပွေတယ်၊ သူ့လိုကောင်ကို လက်ခံမိရင် ဒုးနဲ့မျက်ရည် သုတ်ရမယ်``လို့ပြောလိုက်တယ်။ ကြာညိုက ရယ်မောပြီး``လောကကြီး အကြောင်း ကျွန်မသိချင်တာတွေ အများကြီး ရှိသေးတယ်၊ လင်ယူဖို့ စိတ်မဝင်စားဘူး`` လို့ပြောလိုက်တယ်။ ဒီလိုနဲ့ ရက်တွေကြာလာတော့ ပုတ်ကြီးဆိုတဲ့ တပ်သားဟာ ကြာညိုကို နေ့စဉ် ရိသဲ့သဲ့ လုပ်နေတာက မကျေနပ်တော့ဘဲ ``မင်းကို မီးဖိုချောင်မှာ မြင်ရတာ ပင်ပန်းလိုက်တာကွာ၊ ကိုယ့်ကို လက်ထပ်ပြီး အေးအေးဆေးဆေး နေပါလား``လို့ဆိုလိုက်တော့ ကြာညိုဟာ ပုတ်ကြီးကို တစ်ချက်စောင်းငဲ့ ကြည့်ပြီး စကားမတုန့်ပြန်ဘဲ ကျောခိုင်းထွက်ခဲ့တယ်။ ပုတ်ကြီးက ကြာညို့လက်ကို ဖမ်းဆွဲပြီး``ဘယ်လိုလဲ ကြာညို ကိုယ်ပြောတာ ကြားရဲ့လား``လို့မေးမြန်းလိုက်တော့ ကြာညိုက စိတ်ကို အတတ်နိုင်ဆုံး ထိန်းပြီ``ကျွန်မ လက်ကို လွှတ်ပါ``လို့လေသံမာမာနဲ့ ပြောလိုက်တယ်။ ပုတ်ကြီးက

www.burmeseclassic.com

www.burmeseclassic.com

ကြာညို စကားကို နားမဝင်ဘဲ``ကိုယ်မေးတာ ဖြေဦးလေ``လို့ဆိုလိုက်တယ်။ကြာညိုက ပုတ်ကြီးကို အံ့ကြိတ်ကြည့်ပြီး``ကျွန်မ ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားဘူး၊ လက်ကို လွှတ်ပါ`` လို့တောင်းဆို လိုက်တယ်။ ပုတ်ကြီးက ကြာညိုလက်ကို မလွှတ်ဘဲ မထိလေးစား ကြည့်ပြီး``မင်း ကိုယ့်ကိုတော့ စိတ်ဝင်စားမှာပါ၊ ကိုယ်က မိုင်းမှာ ဩဇာ သိပ်ရှိတယ်`` လို့ဆိုလိုက်တယ်။ ကြာညိုဟာ ပုတ်ကြီးကို စကားအပို မပြောတော့ဘူး။ ဒါကြောင့် ပုတ်ကြီး ပေါင်ကြားကို ဒူးနဲ့ ဆောင့်တိုက်လိုက်တော့ ပုတ်ကြီး အင့်ခနဲ အော်ပြီး ကြမ်းပေါ်မှာ ခွေလဲပြီး ကျန်ရစ်ခဲ့တယ်။ ကြာညို မီးဖိုချောင်ထဲ ရောက်တော့ မပိုင်းက သဘောကျဟန်နဲ့ ရယ်မောပြီး``ညဉ်းမဆိုးဘူး၊ သတ္တိကောင်းသားပဲ`` လို့ ချီးမွမ်းလိုက်တယ်။ ကြာညိုက သက်ပြင်းချပြီး ``တမ္ဘာလောကကြီးကိုတောင် ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီပဲ



www.burmeseclassic.com

www.burmeseclassic.com

ပုတ်ကြီးလိုကောင်ကို ဘာဂရုစိုက်မှာလဲ၊ နောက်ပြီး အခွန့်ရယ်နဲ့ ကြုံရင် ရင်ဆိုင်ဖို့ ကျွန်မမှာ နည်းလမ်းကောင်း ရှိတယ်၊ ဘာကိုမှ တွေဝေမနေနဲ့ ရန်သူကို လက်ဦးမှု ရအောင်ယူလိုက်ပါတဲ့၊ ဒါ ကျွန်မရဲ့ လက်သုံးဆောင်ပုဒ်ပဲ`` လို့ပြောရင်း တစ်ခါက ဘူတာမှာ ဆုံခဲ့ဖူးတဲ့ မိန်းမကြမ်းကြီး ဒေါ်ပွါး မျက်နှာကို မြင်လိုက်တယ်။ မပိုင်း သက်ပြင်းချပြီး ``ပုတ်ကြီးရဲ့ ရန်ကိုတော့ ဒီနေ့ကစပြီး ဂရုစိုက်ရမယ်`` လို့သတိပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညို ပုတ်ကြီးကို ရိုက်နှက်ပြီးတဲ့နောက် မပိုင်းက ကြာညို့ကိုအပြင် မထွက်ခိုင်းတော့ဘူး။ ကြာညို ရာထူးကျပြီး မီးဖိုဆောင်ပြန် ရောက်သွားတယ်။ ပုတ်ကြီးဟာ ကြာညိုကို မမြင်ရတဲ့ အတွက် မပိုင်းကို ရန်ငြိုးရန်စ ထားခဲ့တယ်။ တစ်နေ့ မပိုင်း ကြော်တဲ့ ကြာဖုံကြော်ကို မြည်းစမ်းကြည့်ပြီး ``တောက်.. ကြာဖုံကြော်ကို ဘယ်လို အရသာ မရှိအောင် ကြော်ထားတာလဲ၊ ပေါ့ရွတ်နေတာပဲ`` လို့ အပြစ်တင်လိုက်တော့ မပိုင်းဟာ ရန်ငြိုးရန်စကို

www.burmeseclassic.com

www.burmeseclassic.com

ရိပ်စားမိလိုက်တယ်။ ဒါကြောင့် ဆားဘူးကို ကိုင်ပြီး အခန်းပြင် ထွက်သွားရင်း ``ပေါ့နေရင် ဟောဒီမှာ ဆားဘူး`` လို့ စားပွဲပေါ်ကို တင်ပေးလိုက်တယ်။ ပုတ်ကြီးဟာ မပိုင်းကို ပြုံသာနာ ရှာချင်တဲ့ သူဆိုတော့ ``မရဘူး၊ ကျုပ်စားဖို့ နောက်တစ်ကြိမ် ပြန်ကြော်ပေးရမယ်`` လို့တောင်းဆို လိုက်တယ်။ မပိုင်းဟာ ပုတ်ကြီးကို စကားအပို မပြောတော့ဘဲ ကျောခိုင်း ထွက်ခွါလာခဲ့တယ်။ ပုတ်ကြီးက မပိုင်း နောက်ကျောကို မကျေမချမ်း ကြည့်ပြီး ``ဒီမှာ.. ခင်ဗျားကြီး ကြော်မလား မကြော်ဘူးလား`` လို့အော်ဟစ်မေးမြန်းလိုက်တယ်။ မပိုင်းက ငဲ့စောင်း ကြည့်ပြီး ``မကြော်ဘူး၊ မကျေနပ်ရင် နင်ပထွေး သခင်ကြီးကို သွားတိုင်လိုက်`` လို့ ပြောလိုက်တော့ ပုတ်ကြီးဟာ ဒေါသတကြီး ရေရွတ်ပြီး ကျန်ရစ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ နောက်ပိုင်းမှာ မိးဖိုချောင်ထဲမှာပဲ အနေများခဲ့တယ်။ အာလူး၊ကြက်သွန်ခွါ၊ ငရုတ်သီးတောင်း တော့် မိးဖိုချောင်တွေနဲ့ပဲ နပန်းလုံးခဲ့ရတယ်။ တစ်နေ့တော့ ကြာညိုဟာ အပြင်ဘက်မှာ ရွက်ကြွေတွေ စုပုံနေလို့ အမှိုက်လှဲနေတုန်း မမျှော်လင့်ဘဲ ပုတ်ကြီး ရောက်လာတယ်။

 www.burmeseclassic.com

ကြာညိုဟာ ပုတ်ကြီးကို ``ထွက်သွားစမ်းလို့'' မောင်းထုတ်နေတုန်း ချုံထဲ ဆွဲသွင်းတာ ခံလိုက်ရတယ်။ ကြာညိုဟာ အလစ်အငိုက်မို့ ခံလိုက်ရပေမဲ့ သတိကြီးသူပီပီ လက်ထဲက တံမြက်စည်းရိုးနဲ့ နောက်ပြန် ဆောင့်ထိုးလိုက်တော့ ပုတ်ကြီး မျက်နှာကို ထိပြီး ပုတ်ကြီး ငယ်သံပါအောင် အော်ဟစ်လိုက်တယ်။ ကြာညိုက ဒီလောက်နဲ့ မရပ်ဘဲ တံမြက်စည်းရိုးနဲ့ ပုတ်ကြီး ပေါင်ကြားကို တအား ဆောင့်ထိုးလိုက်တော့ ပုတ်ကြီး မြေပေါ် ပြိုလဲကျသွားတယ်။ ကြာညိုဟာ နေရာက တစ်ချိုးတည်း ထွက်ပြေးလာခဲ့တယ်။ ယောကျ်ား တစ်ယောက်ကို တိုက်ခိုက်နိုင်တဲ့ အတွက် လက်ဦးဆရာ ဒေါ်ပွါးကို ကျေးဇူးတင်နေမိတယ်။ ကြာညိုဟာ ပုတ်ကြီးရဲ့ ယုတ်မာမှုကို မပိုင်းသိအောင် ပြောပြလိုက်တော့ မပိုင်းက ဒေါသတကြီး တက်ခေါက်ပြီး ``တောက် မိုက်ရိုင်းတဲ့ကောင်၊ ဒီကောင် မိုက်ရိုင်းနေရရင်တော့ ညဉ်းကို ဒီမှာ ဆက်ထားလို့

www.burmeseclassic.com

www.burmeseclassic.com

မရတော့ဘူး၊ နင် ငါ့မိတ်ဆွေ ဦးတိတ်ငွမ် ဆီမှာ

သွားနေရမယ်``လို့ဆိုလိုက်တော့ ကြာညိုက ခေါင်းခါယမ်းပြီး

``အို..ပုတ်ကြီးကို ကျွန်မ် ဂရုမစိုက်ဘူး၊ ဒီမှာပဲ

ဆက်နေမယ်`` လို့ ငြင်းဆန်တယ်။ မပိုင်းက``ပုတ်ကြီးကို

ငါလဲ ဂရုမစိုက်ပါဘူး။ ဒီကောင်ကို အချိန်မရွေး

တန်ထုတ်နိုင်တဲ့ နည်းလမ်းတွေ ငါ့မှာရှိတယ်၊နင့်ကို

ဦးတိတ်ငွမ် ဆီကို ပို့ချင်တာက လူ့လောကထဲ ဂင်ဖို့ သူ့ဆီက

ပညာတွေ သင်ယူစေချင်လို့ပဲ၊ နင့်အတွက် အကျိုးရှိမဲ့

တိစ္စပါ``လို့ဆိုလိုက်တော့ ကြာညိုဟာ

မငြင်းဆန်နိုင်တော့ဘူး။

ကြာညိုက မပိုင်းကို စိုးရိမ်ဟန်နဲ့ ကြည့်ပြီး``ပုတ်ကြီးက

အဒေါ်ကို ရန်ပြုးဖွဲ့နေဦးမယ်နော်``လို့ဆိုလိုက်တော့

မပိုင်းကာ လက်ကာပြပြီး``တုတ်ကြီးလို ကောင်မျိုးက

ငါ့စာရင်းထဲမှာ မရှိဘူး၊ ဒီကောင် မိုင်းမှာ နေပင်ချိန်

ဆောက်ပါပြီ။ ဒီကောင်ရဲ့ မိန်းမ ပွေရှုပ်ပုံတွေနဲ့၊ မိုင်းတွင်းကို

www.burmeseclassic.com

www.burmeseclassic.com

ဖျက်ချပုံတွေကို မိုင်းသခင်ကြီး ဆီကို စာပို့လိုက်ရင် ဒီကောင် ရက်ပိုင်းအတွင်း မိုင်းက ပြေးရတော့မှာ သေချာတယ်။ ဒါကြောင့် ကိုယ့်ဘာသာ ဦးတိတ်ဂွမ်ဆီမှာ သွားနေပြီး တတ်သင့်တာတွေအပ်ဖို့ ပညာတွေ သင်ယူပါ``

လို့မှာကြားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ မပိုင်းဟာ ကြာညို့ကို ဦးတိတ်ငွမ်နေထိုင်ရာ
သစ်လုံးအိမ်ကို ခေါ်သွားတယ်။ ဦးတိတ်ငွမ်ရဲ့ နေအိမ်က
တောင်ကုန်းလေး အပေါ်မှာ တည်ဆောက်ထားတဲ့
သစ်လုံးအိမ်လေးဖြစ်တယ်။ မပိုင်းက ကြာညို့ ပခုံးကို ပုတ်ပြီး
"မိုင်းတွင်းကို ရောက်ကာစနေ့က တောင်ကုန်းပေါ်က
သစ်လုံးအိမ်လေးက နေချင်စရာလေးနော် လို့ နင်ပြောခဲ့တာ
မှတ်မိလား၊အဲဒီတုန်းက မပူနဲ့ တစ်နေ့ သစ်လုံးအိမ်လေးကို

www.burmeseclassic.com

 www.burmeseclassic.com

နင်ရောက်ချင် ရောက်မှာလို့ ငါပြောခဲ့တာ မှတ်မိလား။
အဲဒီကတည်းက နင့်ကို ဦးတိတ်ဂွမ်ဆီ ပို့ဖို့
ငါရည်ရွယ်ခဲ့တယ်``လို့ဆိုတော့ ကြာညိုဟာ မပိုင်းကို
အံ့ဩဟန်နဲ့ ကြည့်မိတယ်။ တောင်ကုန်းလေး အပေါ်ကို
ရောက်တော့ သစ်လုံးအိမ်ရှေ့က ကွပ်ပစ်လေးပေါ်မှာ
ဆေးတံတစ်ချောင်းနဲ့ မိန့်မိန့်ကြီး ထိုင်နေတဲ့ တရုတ်အဘိုးအို
တစ်ယောက်ကို မြင်ရတယ်။ တရုတ်အဘိုးအိုက မပိုင်းကို
ကြည့်ပြီး``ဘယ်လိုလဲ မပိုင်း မကောင်း ကျောင်းပို့ဆိုတဲ့
စကားပဲရှိတယ်၊ တိတ်ဂွမ်ဆီကို ပို့ဆိုတဲ့ စကားမရှိပါဘူး``
လို့ဆိုလိုက်တော့ မပိုင်းက သဘောကျဟန်နဲ့
ရယ်မောလိုက်ပြီး``ဦးတိတ်ဂွမ်က မျက်စိနား
ကြီးပါ့``လို့ချီးမွမ်းလိုက်ပြီး ကြာညို ပခုံးကို
ဖက်ရင်း``ကမ္ဘာမြေပေါ်မှာ နေပြီးကမ္ဘာမြေကို
ကျေးဇူးဆပ်ရမှာ တို့အားလုံးရဲ့ တာဝန်ပဲ၊ ဒါကြောင့်
သူ့ကိုလက်ခံစရာ အကြောင်း မရှိဘူး၊ သူ့ကို လက်ခံခြင်းဟာ

www.burmeseclassic.com

www.burmeseclassic.com

တမ္ဘာ့မြေကို ကျေးဇူးဆပ်ခြင်း တစ်မျိုးပါပဲ လို့ ဆိုလိုက်တော့ မဝိုင်းက ရယ်မောပြီး ဦးတိတ်ဝွမ်ဆီကို ရောက်ရင် ဒသာနတွေ ကြားရပြီ လို့ဆိုလိုက်တော့ ဦးတိတ်ဝွမ်က ရယ်မောပြီး

``လောက တစ်ခုလုံး ဒသာနတွေနဲ့ ပြည့်နေတာကွ၊ လူတွေက မယူတတ်လို့ ဒသာနကို အထူးအဆန်း လုပ်နေတာ`` လို့ ပြော လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ ဒီအချိန်ကစပြီး ဦးတိတ်ငွမ်ရဲ့ တောင်ကုန်းပေါ်က အိမ်ကလေးမှာ ပြောင်းရွှေ့ပြီး နေရတယ်။ ဦးတိတ်ငွမ်ဟာ မိုင်းမှာ အပေါင်ခံတဲ့ အလုပ်ကို လုပ်ကိုင်လို့ အပေါင် ပစ္စည်းတွေကို ကြာညိုက မှတ်သားပေးရတယ်။

ဦးတိတ်ငွမ်ဟာ အပေါင်ဆိုင် ဖွင့်ထားပေမဲ့ အမြတ်ကြီးစား

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းပုံဖြတ်သူ မဟုတ်ဘူး။ အပေါင်ဆိုင်လေးရဲ့ အတိုးကို

တစ်ကျပ်သာ ကောက်ခံတယ်။ ဦးတိတ်ဂွမ်နဲ့ လုပ်ငန်းတူ

အပေါင်ဆိုင်တွေက ငါးကျပ် ခြောက်ကျပ် အထိ

အတိုးများယူကြတယ်။ ကြာညိုက ဦးတိတ်ဂွမ် ဂင်ငွေတိုးစေဖို့

အတိုးပမာဏ တိုးမြှင့်ကောက်ခံရန် အကြံပြုလိုက်တော့

ဦးတိတ်ဂွမ်က ရယ်မောပြီး ``ငါအလုပ်လုပ်နေတာ

ပိုက်ဆံအတွက်မှ မဟုတ်တာ၊ ကမ္ဘာမြေပေါ်မှာ ငါ

ရှိနေကြောင်း သိစေချင်လို့ အလုပ်လုပ်တာကွ၊

ကမ္ဘာမြေပေါ်မှာ နေထိုင်တဲ့သူဟာ ကမ္ဘာမြေရဲ့ကျေးဇူးကို

သိတတ်ရမယ်။ လူအများစုဟာ ပိုက်ဆံရှာဖို့

အသက်ရှင်နေကြတယ်၊ ပိုက်ဆံအတွက်ပဲ တစ်သက်လုံး

ကြိုးစား ရုန်းကန်ခဲ့တယ်။ ရတောင့်ရခဲလှတဲ့ လူ့ဘဝမှာ

အဓိပ္ပါယ်ရှိတဲ့ အလုပ်တွေကို မလုပ်နိုင်ခဲ့ဘူး``

လို့ဆိုလိုက်တော့ ကြာညိုက ``လူရယ်လို့ ဖြစ်လာရင်

အသက်ရှင်ဖို့ ကြိုးစားရုန်းကန် ရတာပဲ

www.burmeseclassic.com

 www.burmeseclassic.com

မဟုတ်လား``လို့ဆိုလိုက်တယ်။ ဦးတိတ်ဂွမ်က ``လောကမှာ စားဖို့သောက်ဖို့ပဲ အလုပ်လုပ်တဲ့သူက လူသာမာန်တွေပဲကွ၊ သူတို့ဟာ မွေးကတည်းက ပညာသင်၊ စီးပွါးရှာ၊ အိမ်ထောင်ပြုပြီး ကလေးတွေ မွေးကြ တယ်။ ကလေးတွေ ကြီးလာတော့လဲ ပြုစုပျိုးထောင်ပြီး အချိန်တွေကုန်တယ်။ သေကာနီးကျမှ ဘုရားသွား ကျောင်းတက်ပြီး အလှူအတန်းလေးလုပ်၊ ဆရာတော်တွေရဲ့ တရားတွေကို နာ၊ ဒီလိုနဲ့ နိဗ္ဗာန် စိတ်ကူးတွေ ကြီးသထက် ကြီးလာပြီး သေကြတာ များပါတယ်`` လို့ဆိုလိုက်တော့ ကြာညိုဟာ ဦးတိတ်ဂွမ် စကားကြောင့် တစုံတစ်ရာကို လေးလေးနက်နက်စဉ်းစားပြီး တွေဝေသွားတယ်။

ဦးတိတ်ဂွမ်က ဆက်ပြီး``လောကမှာ အဓိပ္ပါယ်ရှိတဲ့ အလုပ်ကို လုပ်ချင်ရင် ကိုယ်လုပ်တဲ့ အလုပ်ကို စေတနာထားပြီး လုပ်ကိုင်ရတယ်။ကိုယ့်အတွ အတွက်ပဲ အလုပ်လုပ်တဲ့ သူဟာ အဓိပ္ပါယ်ရှိတဲ့ အလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com

မလုပ်နိုင်ဘူး။လမ်းဘေးမှာ ဖိနပ်ချုပ်ဆိုင်လေး

ဖွင့်ထားဦး။ကိုယ့် ဆိုင်မှာ လာတဲ့ ဖောက်သည်တွေကို

အကောင်းဆုံး ချုပ်ပေးမယ်ဆိုတဲ့ စေတနာမျိုးနဲ့

ချုပ်ပေးရမယ်။ ငါ့ဆိုင် လာတဲ့သူတွေကို ဖိနပ်ချုပ်ခ

များများတောင်းမယ်၊ ဖိနပ်မြန်မြန် ပြန်ပြတ်ရင် ငါ့အတွက်

အလုပ်ထပ်ရမယ် ဆိုတဲ့ အောက်တန်းကျတဲ့ စိတ်မျိုး

မထားရဘူး။ကမ္ဘာပေါ်မှာ ရှိတဲ့သူတိုင်း ကိုယ့်အလုပ်ကိုယ်

ကိုယ်လေးစားစေချင်တယ်။ ဒီလိုစိတ်မျိုးနဲ့ အလုပ် လုပ်တဲ့

သူဟာ အဓိပ္ပါယ်ရှိတဲ့ အလုပ်ကို လုပ်ကိုင်သူပဲ``

လို့ပြောပြတယ်။ ကြာညိုဟာ ဦးတိတ်ဂွမ်စကာကို

နားထောင်ပြီး ရင်ထဲမှာ ပိတ်လှောင်နေတဲ့ အရာတွေ

ပွင့်အံသွားသလို ခံစားလိုက်ရတယ်။ ဦးတိတ်ဂွမ် ပြောတဲ့

ဒဿနတွေဟာ သူမရင်ထဲမှာ လက်ခံထားပြီးသား အရာတွေ

ဖြစ်နေတယ်။ ရင်ထဲက ခံယူချက်တွေကို လက်ခံရဲတဲ့ သတ္တိ

မရှိလို့သာ ဖွင့်အံ မထွက်တာ ဖြစ်တယ်။ အခုတော့

www.burmeseclassic.com

 www.burmeseclassic.com

ဦးတိတ်ငွမ်ကြောင့် လက်ခံရဲတဲ့ သတ္တိ တွေရှိသွားပြီ။ အရာရာကို ရင်ဆိုင်ဂံ့တဲ့ ကြာညို ဖြစ်သွားပြီ။ ကြာညိုရင်ထဲမှာ ပြီးပြည့်စုံ သလို ခံစားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မှာ ဦးတိတ်ဂွမ်ရဲ့ အပေါင်ဆိုင်ကို မိုင်းလူမိုက်

စိန်ကြီးတို့လူစု ရောက်လာတယ်။ ဦးတိတ်ဂွမ်က

ရေနွေးကြမ်းသောက်နေရာက ``ငါ့ဆီမှာ လူမိုက်ပစ္စည်းကို

အပေါင်မခံဘူးနော်`` လို့သတိပေးတဲ့ အနေနဲ့

ပြောလိုက်တယ်။စိန်ကြီးဟာ မိုင်းတွင်းကို ရောက်လာတဲ့

www.burmeseclassic.com

www.burmeseclassic.com

လူမိုက် အသစ်တစ်ယောက်ဖြစ်တယ်။ မိုင်းက

လူမိုက်တွေဟာ ဦးတိတ်ငွမ် အကြောင်းသိလို့ အံမတုရဲပေမဲ့

စိန်ကြီးဟာ တရုတ်အဘိုးကြီး တစ်ယောက်ကို

ဘာမှုစရာလိုသလဲ ဆိုတဲ့ အတွေးနဲ့ဆိုင်ကို ရောက်လာတာ

ဖြစ်တယ်။ ဦးတိတ်ငွမ်က စိန်ကြီးကို မထိလေးစား

ကြည့်ပြီး ``မင်းကြည့်ရတာ ငါ့ကို ပညာစမ်းချင်ပုံရတယ်``

လို့ပြောလိုက်တော့ စိန်ကြီးက ခေါင်းညိတ်ပြီး ``အဟုတ်ပဲဗျ။

ခင်ဗျားလို သချိုင်းကုန်း ခြေတစ်ဖက် လှမ်းနေတဲ့ အဘိုးကြီး

တစ်ယောက်ကို ခေါင်းထဲ ထည့်ထားတာ အဓိပ္ပါယ်

မရှိဘူးလို့ထင်တယ်``လို့ပြောတယ်။ ကြာညိုဟာ

ဦးတိတ်ငွမ်ကို ဒုက္ခပေးမဲ့ လူမိုက်ကို ကြည့်ပြီး ရင်ဆိုင်နိုင်ဖို့

အိမ်ထဲက ဓားတုတ်ကြီးတစ်ချောင်းကို မျက်လုံး

ရောက်သွားတယ်။ဦးတိတ်ငွမ်က ကြာညို အကြည့်ကို

နားလည်ဟန်နဲ့ပခုံးကို ပုတ်လိုက်ပြီး ``ကောင်မလေး နင်နဲ့

မဆိုင်ဘူး၊ အေးအေးဆေးဆေး နေစမ်း``

www.burmeseclassic.com

www.burmeseclassic.com

လို့တားဆီးလိုက်တယ်။ ကြာညိုက လေသံတိုးတိုးနဲ့

``ဦးတိတ်ဂွမ် ဖြစ်ရဲ့လား``လို့မေးမြန်းလိုက်တယ်။

ဦးတိတ်ဂွမ်က ရယ်မောလိုက်ပြီး``ငါက သဘာဂတရားနဲ့

တသားတည်း ဖြစ်အောင်နေတယ်၊ ဒါကြောင့် ငါ့ကို

သဘာဂတရားကြီးက အမြဲစောင့်ရှောက်တယ်``လို့ပြောပြီး

လူမိုက်တွေ ကြားထဲကို တိုးဝင်သွားတယ်။ လူမိုက်စိန်ကြီးက

ဦးတိတ်ဂွမ်ရဲ့ ရင်ဂကို ဆောင့်တွန်းလိုက်တယ်။

ဦးတိတ်ဂွမ်ဟာ ကိုယ်ကို ယိမ်းနွဲ့ ရှောင်တိမ်းလိုက်ပြီး

လူမိုက်ရဲ့ ညို့သကြီးကို ခြေနဲ့ နင်းချလိုက်တော့ ညိုကြီးဟာ

မြေပေါ်ကို ခွေခေါက်ကျသွားတယ်။ ဒီတော့မှ ဦးတိတ်ဂွမ်ဟာ

စိန်ကြီးရဲ့ လက်ကို လိမ်ချိုးလိုက်တော့ စိန်ကြီးဟာ

နာကျင်လွန်းလို့ ငယ်သံပါအောင် အော်ဟစ်လိုက်တယ်။

ဦးတိတ်ဂွမ်က စိန်ကြီးကို မထိလေးစား ကြည့်ပြီး``မင်းလို

လူမိုက်ပေါက်စလေးမို့ ဒီတစ်ခါတော့ ချမ်းသာ

ပေးလိုက်မယ်``လို့ဆိုပြီး ချုပ်နှောင်ထားရာက

www.burmeseclassic.com

 www.burmeseclassic.com

ပြန်လွတ်ပေးလိုက်တော့ စိန်ကြီးဟာ ဦးတိတ်ဂွမ်ကို အံ့မတုရဲတော့ဘဲ တောင်ပေါ်က ကမန်းကတန်း ပြန်ဆင်းပြေးသွားတယ်။ ကြာညိုဟာ ဦးတိတ်ဂွမ်ရဲ့ တိုက်ခိုက်ပုံကို အလွန်သဘောကျသွားတယ်။ဒါကြောင့် ဦးတိတ်ဂွမ်ရဲ့ တိုက်ခိုက်ရေး ပညာကို မေးမြန်းလိုက်တယ်။ လူမိုက်တွေကို တိုက်ခိုက်တာ ကောင်းလိုက်တာ ဦးတိတ်ဂွမ်၊ အဲဒါ ဘာပညာလို့ခေါ်သလဲဟင်``လို့ မေးမြန်းလိုက်တော့ ဦးတိတ်ဂွမ်က ``အရိုပ်သိုင်း လို့ခေါ်တယ်၊ ငါ တို့ ရိုးရာသိုင်းပေါ့ကွယ်``လို့ပြောတော့ ကြာညိုက ဦးတိတ်ဂွမ်ရဲ့ ပညာကို သင်ကြားချင်တဲ့ အကြောင်း ပူဆာတော့ ဦးတိတ်ဂွမ်က သက်ပြင်းချပြီး``ဒီပညာကို တတ်ချင်ရင် ပင်ပန်းခံနိုင်ရမယ်``လို့ဆိုပြီး သူ့ကျင့်စဉ်ရဲ့ခက်ခဲနက်နဲ ပုံကို ပြောပြတယ်။ ကြာညိုက ဘယ်လောက် ခက်ခဲနက်နဲ ပါစေ မရရအောင် သင်ယူမယ်လို့ ဆုံးဖြတ်ပြီး မည်မျှပင် ခက်ခဲပါစေ၊ ဖွဲလုံ့လ ဝီရိယနဲ့ သင်ယူမယ်လို့ ကတိပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဦးတိတ်ဂွမ်က ရယ်မောလိုက်ပြီး``သင်ပေးပါမယ်၊ နင့်ကို သင်ပေးမဲ့ပညာထဲမှာ ကိုယ်ခံပညာလဲ ပါပြီးသား`` လို့ပြောပြတယ်။ကြာညိုက အရိုပ်သိုင်း သင်ရမယ်ဆိုတော့ အလွန် ပျော်ရွှင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်ကစပြီး ကြာညိုဟာ ဦးတိတ်ငွမ်ရဲ့ ဆီမှာ နေထိုင်ပြီး ဦးတိတ်ငွမ်ဆီက လူ့ဘဝရဲ့ နေနည်းထိုင်နည်းတွေကို သင်ယူခဲ့ရတယ်၊ဦးတိတ်ငွမ်ဟာ သဘာဝ လောကကြီးကို အရှင်းဆုံးအလင်းဆုံး မြင်ထားသူ ဖြစ်တဲ့အတွက် ဦးတိတ်ငွမ်ရဲ့ သင်ကြားမှုတွေဟာ အပိုအလို မရှိ ကွက်တိဖြစ်နေတာကို တွေ့ရတယ်။တစ်နေ့ ဦးတိတ်ငွမ်က

www.burmeseclassic.com

www.burmeseclassic.com

တောင်ကုန်း ပေါ်မှာထိုင်ရင်း ``အရာအားလုံးဟာ သဘာဝမိခင်ကြီးက ဆင်းသက်လာတယ်၊ သဘာဝမိခင်ကြီးကို ဆန့်ကျင့်လို့ လုံးဝမရဘူး။ဆန့်ကျင်ရင်လဲ ကျရှုံးမှုနဲ့ ရင်ဆိုင်ရမှာပဲ`` လို့ပြောတော့ ကြာညိုက ခေါင်းခါယမ်းပြီး ``သိပ်မရှင်းဘူး၊ဦးတိတ်ဂွမ်`` လို့ဆိုလိုက်တော့ ဦးတိတ်ဂွမ်က ``နင်သိရအောင် အရိုးရှင်းဆုံး ဥပမာတွေနဲ့ ပြောရရင် အဖိုနဲ့အမ ၊အလင်းနဲ့အမှောင်၊အပူနဲ့ အအေးတွေလို ဆန့်ကျင်ဘက် တရားတွေကို နားလည်တယ်ဆိုရင် သဘာဝမိခင်ကြီးရဲ့ အခြေခံ သဘောတရားတွေကို နားလည်ထားပြီးသား ဖြစ်လိမ့်မယ်`` လို့ပြောလိုက်တယ်။ ယောကျ်ားနဲ့ မိန်းမ ကွာခြားချက်ကို ကြည့်ရင် ကျားသဘာဝက အမာဓါတ်.. ကာကွယ်တယ်၊ တွန်းလှန်တယ်၊ တိုက်ခိုက်တယ်၊ မသဘာဝက အပျော့ဓါတ်..ထိမ်းသိမ်းစောင့်ရှောက်တယ်၊ စုဆောင်းတယ်၊ အမာဓါတ်နဲ့ အပျော့ဓါတ်က ဆန့်ကျင့်ဘက်

www.burmeseclassic.com

www.burmeseclassic.com

သီးခြားဘဲ၊ ဒီဓါတ်နှစ်ခုကို ပေါင်းစပ်လို့ မရဘူး၊ ဒီနေ့ခေတ်မှာ သိပ္ပံ ပညာတိုးတက်လာလို့ ကျားသဘာဝတွေ ပျောက်ဆုံးပြီး မသဘာဝတွေ အစားထိုး ဝင်ရောက်လာတယ်၊

ယောကျ်ားတွေဟာ အမဲမလိုက်ရတော့ဘူး။

ရင်ဆိုင်တိုက်ပွဲတွေ မတိုက်ရတော့ဘူး၊ မသဘာဝ နူးညံ့သိမ်မွေ့မှုမှာလဲ ကျားသဘာဝ မာကျောမှုတွေ အစားထိုး လာတယ်။ မိန်းမတွေ မနူးညံ့တော့ဘူး၊ လုပ်ငန်းခွင်တွေမှာ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းလာကြတယ်။ ကြွက်သား မြောင်းမြောင်းထအောင် လေ့ကျင့်လာကြတယ်။

ဒါဟာသဘာဝ လောကကြီးကို ဆန့်ကျင်တဲ့အတွက် လူ့ဘောင်လောကကြီး ပျက်ဆီးမှုရဲ့ အစပဲကွယ်၊

လူ့ဘောင်လောက ဘယ်လို ပျက်ဆီးမလဲဆိုတော့ ယောကျ်ားနဲ့ မိန်းမတွေရဲ့ အလိုအပ်ဆုံး အထွတ်အထိတ်ဆန္ဒ ကို မရတဲ့အတွက် အလို မပြည့်မှုတွေ စတင်လာမယ်၊ နောက်တော့ တဖြည်းဖြည်းနဲ့ မိန်းမတစ်ယောက်ရဲ့ဆန္ဒဟာ

www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားတစ်ယောက်တည်းနဲ့ မတင်းတိမ်နိုင်တော့ဘူး။ ယောကျ်ားတွေရဲ့ ဆန္ဒမှာလဲ မိန်းမတွေ ပိုမို လိုအပ်လာမယ်၊ ကျားနဲ့မ ဆန့်ကျင်မှုတွေ ပို များပြားလာမယ်။ ဖောက်ပြန်မှုတွေ ကြောက်မက်ဖွယ် ကောင်းအောင် ဖြစ်လာလိမ့်မယ်၊ လင်ကွာ မယားကွာ အမှုတွေ ပိုများလာမယ်။ ဒါဟာ သဘာဝတရားကို ဆန့်ကျင်လို့ပဲ၊ သဘာတရားကို ဆန့်ကျင်လို့ ရာသီဥတုတွေ ဖောက်ပြန်တာတော့ လူအများသိကြတယ်။ လူ့စိတ်တွေ ဖောက်ပြန်တာကို သိတဲ့လူ မရှိဘူးကွ၊ ပိုကြောက်ဖို့ ကောင်းတယ်``လို့ပြောတယ်။ကြာညိုဟာ ဦးတိတ်ဂွမ် စကားကို တစိမ့်စိမ့်တွေးပြီး နားလည် သဘောပေါက် လာသလို ရှိတယ်။ ဒီလိုနဲ့ ကြာညိုဟာ ဦးတိတ်ဂွမ်ဆီမှာ အတွေးအခေါ် ဒဿန အမျိုးမျိုး သင်ယူပြီး တဖြည်းဖြည်း ရင့်ကျက်လာတယ်။ဦးတိတ်ဂွမ်ဆီက အရိပ်သိုင်းကိုလဲ တဖြည်းဖြည်းသင်ယူခဲ့တယ်။ အရိပ်သိုင်း သင်ယူပြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်လောက်ကြာတော့ ကြာညီ့ဟာ ကိုယ်ခံပညာပိုင်းမှာ အများကြီး တိုးတက်သွားတယ်။မိမိကိုယ်မိမိလည်း ယုံကြည်မှုတွေ ပိုရလာတယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တော့ ကြာညို့ဟာ ဦးတိတ်ဂွမ် စေခိုင်းတဲ့အတွက် မြို့တွင်း ပရဆေးဆိုင်က ဆေးမြစ်တွေ သွားယူတယ်။ အရက်ဆိုင်ရှေ့က ဖြတ်လျှောက်သွားတဲ့ ကြာညို့ရဲ့ နောက်ပိုင်းကို ကြည့်ပြီး လူမိုက်ဘိုးတေက ``အပေါင်ဆိုင်က ခေါ်ခါလေးကွ၊ တကယ်မှည့်တယ်၊ငါ တော့ သူ့ကို စားချင်နေပြီ`` လို့ဆိုလိုက်တော့ တပည့်နှစ်ယောက်က ``စားခင်ရင် စားတာပေါ့ဆရာရယ်၊ ဟီး.ဟီး.`` ဆိုပြီး ကြာညို့ အနောက်က ... ဖို့ မြှောက်ပင့်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

လူမိုက်ဘိုးတေဟာ အရက်ရှိန်နဲ့ တပည့်တွေ ခြောက်ပေးတာကို နားယောင်သွားတယ်။ ကြာညိုသွားတဲ့ လမ်းက လူပြတ်တယ်။အခြေအနေပေးရင် မဒီလေးနဲ့ နှစ်ပါးကြည်လို့ ရတယ်လို့ တွေးမိတယ်။ သူ့မှာလဲ မိန်းမတွေ နှစ်သက်စွဲလမ်းတဲ့ ကာမဆိုင်ရာ အဆောင်အယောင်တွေ ရှိထားတယ် ဆိုတော့ မဒီလေး စွဲမက်နိုင်တယ်လို့ တွေးမိတယ်။ ဒါကြောင့် ကြာညိုအနောက်ကို လိုက်ခဲ့တယ်။ ဘိုးတေဟာ ဦးတိတ်ဝွမ်ရဲ့ အစွမ်းကို ကြားဖူးနား ရှိပေမဲ့ ကိုယ်တွေ့မကြုံတော့ မယုံကြည်ဘူး။ အသက် ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ယောက် ဘာများ အစွမ်းရှိမှာလဲ တွေးမိတယ်။ သူတို့ဟာ တောလမ်းလေး အစပ်မှာ ကြာညို့ကို မီလာတယ်။ ဘိုးတေက ကြာညိုရှေ့က ကျော်တက်ပြီး ``နေပါဦးကွာ`` လို့တားဆီးလိုက်တယ်။ကြာညို ဟာ အနောက်အယှက်တော့ ကြုံပြီဆိုတာ နားလည်ပြီး ရှေ့ဆက်လျှောက်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ သူမရဲ့ရှေ့က

www.burmeseclassic.com

www.burmeseclassic.com

ဘိုးတေက ပိတ်ထားတယ်။ ဘိုးတေဟာ တစ်ကိုယ်လုံး

တက်တူးတွေ ထိုးထားလို့ ရွံ့စရာ သိပ်ကောင်းပြီး

အောက်တန်းကျတဲ့ အမူအယာမျိုး ပေါ်လွင်နေတယ်။

ကြာညိုဟာ ဘိုးတေကို ရွံ့ရှာလွန်းလို့

``လမ်းဖယ်ပေးစမ်း`` လို့အော်လိုက်တယ်။ ဘိုးတေက

နားမဝင်ဘဲ ကြာညိုရဲ့ မို့မောက်သော ရင်ကို သွားရည်

တမြားမြား ကြည့်နေတယ်။ ကြာညိုက နောက်တစ်ကြိမ်

ထပ်ပြောချိန်မှာ ဘိုးတေက စွင့်ကားတဲ့ တင်သားတွေကို

အကြည့်ရောက်တယ်။ ဘိုးတေဟာ ရင်ခုန်နှုန်း မြန်လာလို့

မေတ္တာစကားပြောဖို့ စိတ်မကူးတော့ဘူး။ ရှေ့တိုးပြီး

ကြာညိုကို ဖက်ဖို့ ကြိုးစားလိုက်တယ်။ ကြာညိုက

ဘိမ်းရှောင်ပြီး ဘိုးတေရဲ့ ပေါင်ကြားကို ခြေနဲ့ဆောင့်ကန်

လိုက်တော့ ဘိုးတေ အော်ပြီး မြေပေါ်ကို ခွေကျသွားတယ်။

ဆက်ပြီး အနီးက ချုပ်နှောင်ဖို့ ကြိုးစားသူကို တတောင်နဲ့

တွက်ပြီး ကျန်တစ်ယောက်ကို တိုက်ခိုက်ဖို့

www.burmeseclassic.com

www.burmeseclassic.com

အသင့်ပြင်လိုက်တယ်။ ဘိုးတောရဲ့ တပည့်နှစ်ယောက်ဟာ မြေပေါ်မှာ လူးလိမ့်နေတဲ့ ဘိုးတောကို ကြည့်ပြီး မစွန့်စားရဲတော့ဘူး။ မာယာ သွားမဲ့လမ်းက ဖယ်ပေးလိုက်တယ်။ မာယာက မိန်းမသားတန်မဲ့ တက်တစ်ချက် ခေါက်ပြီး ``တဏှာရူးတွေ၊ သေသွားမယ် ဘာအောက်မေ့လဲ``လို့ ကြုံးဝါးပြီး ထွက်လာခဲ့တယ်။ မာယာဟာ အားနွဲ့သူ မိန်းမသားတစ်ယောက်က ယောကျ်ား သုံးယောက်ကို ယှဉ်ပြိုင်နိုင်လို့ ဦးတိတ်ဂွမ် သင်ပေးတဲ့ အရိပ်သိုင်းကို ပိုအထင်ကြီးသွားတယ်။ တောင်ပေါ်ကို ရောက်တော့ ကြာညိုက လူရမ်းကားသုံးယောက် အကြောင်း ဦးတိတ်ဂွမ်ကို ပြောပြတယ်။ ဦးတိတ်ဂွမ်က သက်ပြင်းချပြီး ``ချောမောလှပခြင်းရဲ့ အန္တရာယ်တွေ ကြာညို၊ မပေါ့နဲ့`` လို့တိုးတိုးပြောတယ်။ ဒီ တိုက်ပွဲကြောင့် ကြာညိုဟာ ရန်သူနဲ့ ယှဉ်ပြိုင်ဖို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပိုရှိခဲ့တယ်။သူ့မှာ အစွမ်း ကောင်းကောင်း ရှိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တော့ ကြာညိုဟာ မိန်းမသားသဘာဝမို့ တောစပ်ကို
သွားပြီး သစ်ခွပန်းတွေကို ရှားဆွတ်ဖို့ ကြိုးစားတယ်။
သစ်ခွပန်းတွေ ဖူးပွင့်ရာ တောစပ်ကို တဖြည်းဖြည်း
လျှောက်လာခဲ့တယ်။ တစ်နေရာကို ရောက်တော့ ချုံတွေ
ကြားထဲမှာ လှုပ်ယမ်း နေတယ်ထင်လို့ တောကောင် ထင်ပြီး

www.burmeseclassic.com

www.burmeseclassic.com

သတိထားကြည့်တယ်။ ပြီးတော့ သတိကြီးကြီး ထားပြီး ချုံအစပ်ကို ကပ်သွားတော့ ရင်ဂမှာ သွေးထွက်ဒဏ်ရာရပြီး လဲကျလု ဖြစ်နေတဲ့ မျောက်ကလေးတစ်ကောင်ကို မြင်ရတယ်။ ကြာညိုဟာ မျောက်ကလေးကို မြင်မြင်ချင်း သနားကရုဏာစိတ် ဖြစ်သွားပြီး ချုံထဲက ဆွဲထုတ်လိုက်တယ်။ ပြီးတော့ မိုင်းကို ပြန်လာပြီး ဆေးဆရာဦးဖြိုးဆီမှာ သွားပြတယ်။ ဆေးဆရာက ဒဏ်ရာရနေတဲ့ မျောက်ကို ကြည့်ရင်း မျက်နှာရှုံ့မဲ့သွားပြီး``မုဆိုးတွေ ပစ်လိုက်တာ ဖြစ်မယ်၊ ကျုပ်ကမျောက်ကုတဲ့ ဆေးဆရာ မဟုတ်ဘူး ''လို့ငြင်းဆန်တယ်။ ကြာညိုက ကရုဏာစိတ်နဲ့ ``သနားပါတယ် ဆရာကြီးရယ်၊ မျောက်ကို ကုရင် လူကုတာထက် ၂ဆပေးပါ့မယ်``လို့တောင်းပန် လိုက်တော့ ငွေမက်တဲ့ ဆရာဖြိုးက စဉ်းစားဟန်ပြုပြီး `` သုံးဆပေးရင် ကုပေးမယ်``လို့ပြောတယ်။ ကြာညိုဟာ သမားစိတ် မရှိတဲ့ ဆေးဆရာကို ရွံရှာပေမဲ့ မျောက်ကလေးကို ကရုဏာစိတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com

အခကြေးငွေ များစွာပေးပြီး ကုသခဲ့တယ်။ မျောက်လေးဟာ တစ်ပတ်လောက်အကြာမှာ ကျမ်းမာလာပြီး အနည်းငယ် လှုပ်ရှားလာနိုင်တယ်။ကြာညို မျောက်ကလေးကို ပြုစုနေတာကို ကြည့်ပြီးဦးတိတ်ဝွမ်က ``တစ်နေ့ စေတနာ အကျိုးပြန်ပေးလိမ့်မယ်`` လို့အားပေးအားမြှောက် လုပ်တယ်။ မျောက်လေးဟာ တစ်လလောက် ကြာတော့ လှုပ်ရှား သွားလာ နိုင်လာတယ်။ ကြာညို့ကိုလဲ သူ့ရဲ့ကျေးဇူးရှင်လို့ ထင်မှတ်ထားပုံရတယ်။ ကြာညိုဟာ မျောက်လေးကို ဖမ်းဆီး ချုပ်နှောင်ထားတာ မရှိဘူး။ ဒါပေမဲ့ မျောက်လေးဟာ ကြာညိုရဲ့ အိမ်ကနေ ထွက်ခွါမသွားဘူး။ ကြာညို့ရဲ့ အိမ်လေးမှာပဲ ပျော်ရွှင်နေဟန် ရှိတယ်။ ကြာညိုက မျောက်လေးကို ဂီဂီလို့ နံမည်ပေးထားတယ်။ ဒါပေမဲ့ မျောက်လေးဟာ ကြာညိုရဲ့ဆီမှာ ၃လ လောက်နေပြီး တောထဲကို ပြန်ထွက်သွားတယ်။ ကြာညိုဟာ မျောက်လေး ထွက်သွားတော့ စိတ်မကောင်းဖြစ်ပြီး မှိုင်တွေနေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဦးတိတ်ငွမ်က ကြာညို ပခုံးကိုပုတ်ပြီး ``သဘာဝ တရားရဲ့ အလိုအတိုင်းသာ ထားလိုက်ပါ``လို့ပြောပါတယ်။ ကြာညိုဟာ မျောတ်လေးဂီဂီရဲ့ ပြေးလွှား ဆော့ကစားဟန်တွေကိုပဲ မျက်လုံးထဲ မြင်နေမိတယ်။ တောထဲမှာ ဂီဂီတစ်ကောင် အန္တရာယ်နဲ့ ကြုံတွေ့မှာကိုလဲ စိုးရိမ်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ ဂီဂီ မရှိတဲ့ အချိန်ကစပြီး တောထဲကို သစ်ခွပန်းခူး မထွက်တော့ဘူး။ ဦးတိတ်ဂွမ်ရဲ့အပေါင်ဆိုင် မှာပဲ ကူညီလုပ်ကိုင် ပေးနေတယ်။ တစ်လလောက်ကြာမှ အပေါင်ဆိုင်မှာ ထိုင်ရတာ ငြီးငွေ့လာတာနဲ့ တောစပ်ကို ထွက်ခဲ့တယ်။ ဦးတိတ်ဂွမ်ရဲ့ အပေါင်ဆိုင်ဟာ မိုင်းရဲ့ အစွန်းက တောင်ငီကုန်းပေါ်မှာ ရှိပြီး တောင်ကုန်း အနောက်က တောစပ်ကို မိုင်းလုပ်သားတွေ အရောက်အပေါက် နည်းတယ်။ ဒါကြောင့် တောစပ်ဟာ ကြာညို့အတွက်

www.burmeseclassic.com

www.burmeseclassic.com

စိတ်အပန်းဖြေစရာ နေရာ ဖြစ်ခဲ့တယ်။ကြာညိုဟာ တောစပ်က ဂါးရုံပင်လေး အနောက်မှာ ဦးတိတ်ငွမ်သင်ပေးတဲ့ အရိုပ်သိုင်းကို လေ့ကျင့်လေ့ရှိတယ်။

တစ်နေ့ကြာညိုဟာတောစပ်မှာ အရိုပ်သိုင်းလေ့ကျင့်တုန်း ခပ်လှမ်းလှမ်းမှာ မျောက်တစ်ကောင်ကို တွေ့လိုက်လို့ ကြည့်လိုက်တာ မျောက်ဆိုးသွားတဲ့ မျောက်လေးဂီဂီ ဖြစ်နေတယ်။ ကြာညိုဟာ မျောက်လေးဂီဂီကို မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ ဝမ်းသာအားရ ခေါ်ပေါ်လိုက်တယ်။ ဒါပေမဲ့ ဂီဂီဟာ ကြာညို့ အနားကို မလာဘဲ တောထဲကို ဝင်ရောက်သွားတယ်။ ကြာညိုဟာ မျောက်လေးကို တွေ့ချင်စိတ်နဲ့ တကြော်ကြော် ခေါ်ပြီး အနောက်က လိုက်သွားတယ်။ ဂီဂီဟာ ကြာညို့ကို မှတ်မိဟန် ရှိပေမဲ့ အနားကို မကပ်ဘဲ တောထဲကိုသာ ထွက်ခွါသွားတယ်။

www.burmeseclassic.com

 www.burmeseclassic.com

ကြာညိုဟာ မျောက်ငယ်ကို တွေ့ချင်ဇောနဲ့ အနောက်က
တကောက်ကောက် လိုက်ရင်း တောနက်ထဲကို
ရောက်မှန်းမသိ ရောက်သွားတယ်။ မျောက်လေးဂီဂီဟာ
ကြာညို့ကို တောနက်ထဲကို ခေါ်ဆောင်သွားတယ်။
ကြာညိုဟာ မျောက်လေးဂီဂီရဲ့ ထူးခြားတဲ့ အပြုအမူကို
သိချင်ဇောနဲ့ အနောက်က ထပ်ကြပ်မကွာ လိုက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

မျောက်လေးဟာ တောနက်ထဲက စမ်းချောင်းတစ်ခုကို ရောက်တော့ ဆက်မသွားဘဲ ရပ်တန့်လိုက်တယ်။ စမ်းချောင်းနံဘေးမှာ သို့က်ဂူကြီး တစ်လုံး ရှိနေတယ်။ မျောက်လေးဟာ လှိုဏ်ဂူပေါ်ကို မျောက်သတ္တဝါပီပီ ခိုဆွဲတက်သွားတယ်။ ကြာညိုဟာ လှိုဏ်ဂူပေါ်ကို လိုက်မတက် နိုင်တော့တဲ့ အတွက် ရပ်တန့်လိုက်ပြီး``ဂီဂီ ဘယ်သွားနေတာလဲ မျောက်စုတ်.. ငါမလိုက်နိုင်တော့ဘူး``လို့အော်ဟစ် ပြောဆိုလိုက်တယ်။ မျောက်လေးဟာ လှိုဏ်ဂူရဲ့ အပေါ်ဆင့်ကို တက်သွားပြီး အပေါ်ကနေ ကြာညို့ကို ကြည့်တယ်။ ဒီအချိန်မှာပဲ မျောက်လေးဂီဂီရဲ့ အနောက်မှာ ရွယ်တူ မျောက်တစ်ကောင်နဲ့ မျောက်ငယ်လေး တစ်ကောင် ကို မြင်ရတယ်။ ဒီတော့မှ ကြာညိုဟာ မျောက်လေးဂီဂီမှာ မိသားစု ရှိနေပြီဆိုတာ ရိပ်စားမိသွားတယ်။ ဒါကြောင့် သက်ပြင်းချပြီး``ငါနားလည်ပြီ ဂီဂီ..နင့်မှာ မိသားစု ရှိနေပြီကိုး``လို့ရေရွတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ မျောက်လေးဂီဂီရဲ့ ဘဂကို နားလည်သွားပြီး သူ့မ
အနောက်ကို ခေါ်ဖို့ မကြိုးစားတော့ဘဲ လက်လျော့ပြီး
ပြန်ဖို့ပြင်တယ်။ ဒီအချိန်မှာပဲ ဂီဂီက လှိုဏ်ဂူပေါ်က အရောင်
တလက်လက် ထနေတဲ့ ကျောက်တုံး အစအနလေးတွေကို
ကြာညိုရှေ့ ယက်ချပေးတယ်။ ကြာညိုဟာ လိုဏ်ဂူ
အမိုးပေါ်က တဖွဲဖွဲ ကျလာတဲ့ ကျောက်ခဲ အစအန
လေးတွေကို အံ့သြဟန်နဲ့ကြည့်ရှုနေမိတယ်။
မျောက်လေးဂီဂီဟာ သူ့ရှေ့ကို ကျောက်ခဲ အစအနလေးတွေ
ဘာလို့ချပေးနေလဲ မသိဘူး။ ကြာညိုဟာ
ကျောက်ခဲလေးတွေကို ကြည့်ရင်း အဂါရောင်
တောက်နေတာ မြင်လို့ ရွှေတုံးရွှေခဲလေးတွေ များလား
လို့တွေးပြီး စိတ်လှုပ်ရှားသွားတယ်။ နောက်ဆုံးတော့
ဟုတ်သော်ရှိ၊ မဟုတ်သောရှိ အဂါရောင်အခဲလေးတွေ
အကုန်လုံး သိမ်းကျုံးယူပြီး ဦးတိတ်ဝွမ်ကို ပြကြည့်မယ်လို့
ဆုံးဖြတ်လိုက်တယ်။ ကြာညိုဟာ အဂါရောင် ကျောက်ခဲ

www.burmeseclassic.com

www.burmeseclassic.com

လေးတွေကို တစ်လုံးမကျန်ကောက်ပြီး ဖက်ထဲကို ထည့်ရင်း မျောက်ကလေး ဂီဂီကို နှုတ်ဆက်လိုက်တယ်။

``ဂီဂီရေ..ငါသွားတော့မယ်၊ နင်ပေးတဲ့ အခဲလေးတွေဟာ ရွှေတွေဆိုရင် နင့်ကို ငါကျေးဇူးတင်ပါတယ်။ နင့်ကို ရည်စူးပြီး အလှူအတန်းလုပ်ပေးပါ့မယ်`` လို့ပြောပြီး တောထဲက စမ်းတဂါးဂါး ပြန်ထွက်လာခဲ့တယ်။ ကြာညိုဟာ ညနေစောင်းသည်အထိ တောထဲမှာ မျက်စိလည်ပြီး လမ်းပျောက်နေခဲ့တယ်။ မစူးစမ်းမဆင်ခြင်ဘဲ ဂီဂီ နောက်ကို လိုက်ခဲ့တဲ့ အတွက် နောင်တကြီးစွာ ရခဲ့တယ်။ နောက်ဆုံး မှောင်ရိပျိုးစ အချိန်မှ တောစပ်ကို ပြန်ရောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညို အိမ်ကို ပြန်ရောက်တော့ ဦးတိတ်ဂွမ်က မီးအိမ်လေးကို ထွန်းညှိနေရာက လှည့်မကြည့်ဘဲ``မျောက်လေး ဂီဂီကို တွေ့လို့ တောထဲကို လိုက်သွားတာမဟုတ်လား``လို့ဆီးကြိုပြီး အပြစ်တင် လိုက်တော့ ကြာညိုက ဦးတိတ်ဂွမ်ကို အံ့သြဟန်နဲ့ ကြည့်ပြီး ``ဦးတိတ်ဂွမ် အကြားအမြင် ရနေသလား`` လို့မေးမြန်းလိုက်တယ်။ဦးတိမ်ဂွမ်က သက်ပြင်းချပြီး

www.burmeseclassic.com

www.burmeseclassic.com

``အကြားအမြင် ရစရာမလိုပါဘူး၊ ကြာညို့ကို ဆွဲဆောင်နိုင်တာ ဂီဂီတစ်ကောင်ပဲ ရှိတယ်လေ``လို့ ပြောလိုက်တော့ ကြာညိုက ခေါင်းညိတ်ပြီး ``ဟုတ်လိုက်လေ ဦးတိတ်ဝွမ်ရယ်..ဟောဒီမှာကြည့်စမ်းပါ၊ ဂီဂီက ကျွန်မကို တောထဲက လက်ဆောင်ပေးလိုက်တာ``လို့ဆိုလိုက်တော့ ဦးတိတ်ဝွမ်က ဖက်ထဲက အဂါရောင် ကျောက်ခဲလေးတွေကို လက်နဲ့ ပွန်းတတ်ကြည့်ပြီး``ဒါ..ရွှေတွေပဲ..နင်တော့ သူဌေးဖြစ်ပြီ``လို့ပြောလိုက်တော့ ကြာညိုက ဝမ်းသာသွားပြီး ``ဟင်..ဒါတွေဟာ တကယ်ရွှေ..ရွှေတွေပေါ့..ဒါ ဂီဂီ ကျွန်မကို ကျေးဇူးဆပ်လိုက်တာပဲ၊ ထူဆန်းလိုက်တာ``လို့ အံ့သြဟန်နဲ့ ရေရွတ်လိုက်တော့ ဦးတိတ်ဝွမ်က ကြာညို ရွှေတွေ ရလာတဲ့ အကြောင်းကို မေးမြန်းတယ်။ ကြာညိုက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တော့ ဦးတိတ်ဝွမ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး`` သူတို့ မိသားစု နောက်ကို နင်လိုက် မလာအောင် လိုက်ဂူပေါက ကျောက်ခဲ အစအနလေးတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com

ပစ်ပေါက်ပြီး ခြောက်လှန့်လိုက်ပုံရတယ်။ သူပစ်လိုက်တဲ့

ကျောက်ခဲလေးတွေဟာ ရွှေဖြစ်နေတာကတော့

နင့်ကံပဲပေါ့``လို့ဆိုလိုက်တော့ ကြာညိုက

မျက်မှောင်ကြုတ်ပြီး ``မျောက်ကလေးဂီဂီ ဟာကြာညိုကို

ကျေးဇူးရှင် မှန်းသိလို့ ရွှေတုံးရွှေခဲလေးတွေနဲ့ ကျေးဇူးတုံ့ပြန်

လိုက်တာလဲ ဖြစ်နိုင်တာပဲ``လို့ဆိုလိုက်တယ်။ ဦးတိတ်ဝွမ်က

သက်ပြင်းချပြီး ``မျောက်တစ်ကောင်က ရွှေရဲ့ တန်ဘိုးကို

သိတယ် ဆိုရင်တော့ ဟုတ်တာပေါ့၊ ဒါဟာ သဘာဝလွန်

ဖြစ်ရပ်လို့ပဲ သဘောထားလိုက်ပါ၊ ရှေ့ဆက်ပြီး နင့်မှာ ရွှေတွေ

ရှိနေပြီ။ နင်ဘာဆက်လုပ်မှာလဲ၊ ငါ့ ဆန္ဒကတော့ ဒီ မိုင်းက

ထွက်သွားဖို့သင့်တယ်``လို့ဆိုလိုက်တယ်။ ကြာညိုဟာ

ဦးတိတ်ဝွမ် မျက်နှာကို အံ့သြဟန်နဲ့ ကြည့်လိုက်ပြီး

``ကြာညိုက မိုင်းက ထွက်သွားရမယ် ဟုတ်လား၊ မိုင်းက

ထွက်ပြီး ဘာလုပ်ရမှာလဲ`` လို့မေးမြန်းလိုက်တယ်။

ဦးတိတ်ဝွမ်က ``တကယ်တော့ မိုင်းဟာ နင့်လို မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်နဲ့ မအိပ်စပ်ပါဘူး၊ မိုင်းမှာ နေရင် နင့်ဘဝ နစ်မွန်းသလို ဖြစ်နေလိမ့်မယ်၊မြို့ပေါ်ကို တက်ပြီး လူတွေကြားထဲကို ဝင်ပါ၊ အသိပညာတွေ ရှာဖွေပါ၊ လူတွေလိုအပ်တဲ့ အကူအညီတွေကို ပေးပါ``

လို့ဆိုလိုက်တော့ ကြာညိုဟာ သူ့မဘဝကို ပြန်သုံးသပ်ကြည့်တော့ မိုင်းဟာ စွန့်စားခန်းတွေ ပြည့်နေတယ် ဆိုပေမဲ့ သူ့မအတွက် မဟုတ်ဘူး။ မိုင်းမှာ အကျဉ်းကျနေသလိုပဲ၊ ဒါကြောင့် မိုင်းကို စွန့်ခွါသွားတာပဲ ကောင်းတယ်လို့ ဆုံးဖြတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညို့က မပိုင်းဆီကို သွားပြီး မိုင်းက စွန့်ခွါတော့မဲ့ အကြောင်း ပြောပြပြီး နှုတ်ဆက်လိုက်တယ်။ မပိုင်းက ``မိုင်းမှာ နင့်ဘ၀ နစ်မွန်းနေသလို ဖြစ်နေတယ်လို့ ငါခံစားရတာကြာပြီ၊ မိုင်းကို စွန့်ခွါသင့်တယ်`` လို့ပြောတယ်။ ကြာညို့ဟာ သူမရဲ့ ဆရာနှစ်ယောက်စလုံးက မိုင်းကို ခွါဖို့ တိုက်တွန်းနေလို့ မိုင်းကစွန့်လွှတ်ပြီး မြို့ကြီးပြကြီးဂ ထွက်ခွါဖို့ ပြင်ဆင်တယ်။ ဦးတိတ်ဂွမ်ဟာ ကြာညို့ရရှိတဲ့ ရွှေတိုရွှေစ အနည်းငယ်ကို ပိုက်ဆံနဲ့ လဲယူလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ တစ်ပတ်လောက်အကြာမှာ မိုင်းကနေ

မြို့ပေါ်တက်မဲ့ ကားကြုံနဲ့ လိုက်ဖို့ပြင်တယ်။

ကားထွက်ကာနီးအထိ ဦးတိတ်ဂွမ်နဲ့ မပိုင်းက လိုက်ပို့ပြီး

ဦးတိတ်ဂွမ်က ``လောကထဲဝင်မဲ့လူက လက်သီးဆုပ်ပြီး

ဝင်လို့မရဘူး၊ လက်ဝါးဖြန့်ထားမှ ဖြစ်မယ်၊ နင့်ရဲ့ လက်ဝါးကို

အမြဲ ဖြန့်ထားပါ``လို့မှာကြားတယ်။ မပိုင်းက ကြာညို့ပခုံးကို

ပုတ်ပြီး ``ဘယ်လိုအခက်အခဲမျိုးကြုံကြုံ.. ဉာဏ်ကိုလှူပြီး

သုံးဖို့ကြိုးစားပါ၊ ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံးက

ဉာဏ်ပညာပါ``လို့မှာကြားခဲ့တယ်။

ကြာညိုဟာ ဆရာသမားနှစ်ယောက်ရဲ့ မှာကြားချက်ကို

မြေဂယ်မကျ နားထောင်ပြီး လော်ရီကားကြီးနဲ့ မြို့ပေါ်ကို

လိုက်ခဲ့တယ်။ နောက်တော့ ရထားတစ်တန် ကားတစ်တန်နဲ့

အောက်ပြည်အောက်ရွာကို ခရီးဆက်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ ဦးတိတ်ငွမ် မှာကြားတဲ့အတိုင်း ရွှေတိုရွှေလေးတွေကို ထုခွဲဖို့ ရန်ကုန်မြို့ကို ခရီးဆက်ခဲ့တယ်။ ရန်ကုန် မြို့ကို ရောက်တဲ့အခါ စည်ကားသိုက်မြိုက်တဲ့ မြို့ကြီးကို ကြည့်ပြီး ရန်ကုန်ကလူတွေ လူဖြစ် ရကျိုးနပ်တယ်လို့ ထင်မြင်မိတယ်။ ကြည့်လေရာ မြင်လေရာ ကားတွေ ရထားတွေနဲ့ ကြိတ်ကြိတ်တိုး စည်ကားနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး ရန်ကုန်မြို့မှာ လူမျိုးခြား တရုတ်ကုလားတွေ အများကြီး ရှိတယ်လို့ ခံစားရတယ်။ ဦးတိတ်ဂွမ် စေခိုင်းတဲ့အတိုင်း ရွှေတိုရွှေစ ရောင်းဖို့ မဂိုလမ်း ရောက်ပြန်တော့ ကုလားပြည် ရောက်နေသလား ထင်မှတ်မှားမိပြန်တယ်။ ကြာညိုဟာ မဂိုလမ်းက ရွှေတိုက်ကြီး တစ်တိုက်ကို ဝင်ပြီး ရွှေတွေကို အကုန် မရောင်းဘဲ အနည်းငယ်သာ ရောင်းခဲ့တယ်။ ရွှေတိုက်က ဘာဘူတွေဟာ ကြာညိုကို ဈေးမနှိမ်ဘဲ ထိုက်သင့်တဲ့ အခကြေးငွေပေးပြီး ဝယ်ယူခဲ့တယ်။ နောက်လဲ ရွှေတိုရွှေစ ရှိရင် လာရောင်းဖို့ ဖိတ်ခေါ်ခဲ့တယ်။ ကြာညိုဟာ ရွှေရောင်းလို့ ရတဲ့ ငွေတွေကို ဦးတိတ်ဂွမ် စေခိုင်းတဲ့အတိုင်း မဏ္ဍာဖင့်ဘဏ်မှာ သွားပြီး အ[illegible]ယ်။ ပြီးတော့ ရန်ကုန်မြို့ ဘားလမ်းထဲက ဝ[illegible]သုံခန်း တစ်ခုမှာ ငှါးရမ်းပြီး နေထိုင်ခဲ့တယ်။ [illegible]ာတည်းခိုခန်းမှာနေရင်း ရန်ကုန်မြို့အနှံ့ မရော[illegible]ူးတဲ့ နေရာတွေကို လည်ပတ်သွားလာခဲ့တယ်။

www.burmeseclassic.com

 www.burmeseclassic.com

ရွှေတိဂုံ စေတီတော်ကြီးကိုလည်း ရောက်အောင်သွားဖူးတယ်။ အငှါးကားတစ်စီးကို ငှါးရမ်းပြီး နေ့စဉ် လည်ပတ်နေမိတယ်။ ဒီလို လည်ပတ်ရင်း ရန်ကုန် ဧည့်ဟောင်တန်းဆိပ်ကို ရောက်တော့ ဆင်းရဲသား တံငါသည်တွေရဲ့ တဲအိမ်စုလေးတွေကို မြင်တယ်။ ကြာညိုဟာ တံငါသည်တွေရဲ့ ဆင်းရဲနွမ်းပါးတဲ့ ဘဝကို မြင်တော့ အလှူအတန်း လုပ်ချင်စိတ်ဖြစ် ပေါ်လာတယ်။ သူ့အလှူဟာ ပကာသနနဲ့ယှဉ်တဲ့ အလှူလဲ မဖြစ်ချင်ဘူး။ ဒါကြောင့် ကမ်းနားလမ်းက ပွဲရုံတွေကို သွားပြီး ဆန်အိတ် တင်ရာဂယ်လိုက်တယ်။ ပြီးတော့ ဒေါ့ဂျစ် ကားတစ်စင်း ငှါးပြီး ပွဲရုံက အလုပ်သမားနှစ်ယောက်နဲ့အတူ ဧည့်ဟောင်တန်းဆိပ်က တံငါတွေကို ဆန်တွေဝေခဲ့တယ်။ မိသားစု တစ်စုကို ဆန်ဆယ်ပြည်နှုန်း သတ်မှတ်ပြီး ဝေခဲ့တယ်။ဧည့်ဟောင်တန်းဆိပ်က တံငါတွေဟာ ကြာညိုဝေတဲ့ ဆန်တွေကို ဝမ်းသာအားရ အလှူလာခံကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ဆန်တွေဝေပြီး တစ်ဂက်လောက် အကုန်မှာ ကြာညို့တို့အနိုးကို လူမိုက်ဆန်ဆန် လူသုံးယောက် ရောက်လာလို့ ပွဲရုံအလုပ်သမား နှစ်ယောက် မျက်စိမျက်နှာ ပျက်သွားတယ်။အလုပ်သမားတစ်ယောက်က လေသံတိုးတိုးနဲ့

``အစ်မကြီး သူတို့က ပုဇွန်တောင်ညောင်တန်းက လူမိုက်လူသိန်းနဲ့ တပည့်တွေပဲ၊ သူတို့ ဘာမကျေနပ်

www.burmeseclassic.com

www.burmeseclassic.com

လို့လဲမသိဘူး``လို့ဆိုလိုက်တော့ ကြာညိုက သဘောပေါက်သွားပြီး ဂရုမစိုက်ဖို့ လက်ကာပြလိုက်တယ်။ လူမိုက်လှသိန်းက``နေပါဦး မင်းတို့က ဘယ်သူ့ခွင့်ပြုချက်နဲ့ ဆန်တွေဝေနေတာလဲ``လို့မေးမြန်းလိုက်တယ်။ ကြာညိုက မျက်မှောင်ကြုတ်ပြီး``တံငါသည်တွေ သိပ်ဆင်းရဲလို့ အလှူလုပ်တာ ခွင့်ပြုမိန့် ယူရဦးမှာလား`` လို့မေးမြန်းလိုက်တော့ လှသိန်းဆိုတဲ့ လူမိုက်က ``နင် ဘယ်ကလာတာလဲ၊ ပုဇွန်တောင်ဘောင်တန်းမှာ လှသိန်းဆိုတာ မကြားဖူးဘူးလား၊ ငါတို့ ခွင့်ပြုမိန့်မရဘဲ ဘာတစ်ခုမှ လုပ်လို့မရဘူးဆိုတာ နင်မသိဘူးလား`` လို့လေသံမာမာနဲ့ ခြိမ်းခြောက်လိုက်တော့ ကြာညိုဟာ လူမိုက်တွေကို မကျေမချမ်း ဖြစ်သွားပြီး``ဒီမှာ..ကျွန်မ ကောင်းမှုလုပ်နေတာ ဘယ်သူ့ကိုမှ ခွင့်တောင်း စရာမလိုဘူး။ နေပါဦး၊ ရှင်ဘို့က လူမိုက်လား၊ လူမိုက်ဆိုရင်လဲ ကျွန်မ ဂရုမစိုက်ဘူး``လို့ဆိုလိုက်တော့ လူမိုက်လှသိန်းဟာ

www.burmeseclassic.com

www.burmeseclassic.com

လူဘုံအလယ်မှာ အရှက်ခွဲခံရလို့ ဒေါသပုန်ထပြီး

``တောက်..ကောင်မ လူပါးဝလို့ ပါးပိတ်ရိုက်လိုက်မယ်။

ငါ့လို ညောင်တန်းလူမိုက်ကို မထိလေးစား လုပ်ပံ့သလား။

ဟော့ကောင်တွေ ဆန်တွေကို ချောင်းထဲကို

သွန်ပစ်လိုက်စမ်း``လို့အမိန့်ပေးလိုက်တော့ ဆန်အလှူခံဖို့

ရောက်လာတဲ့ ညောင်တန်းဆိပ်က ဆင်းရဲသားတံငါတွေဟာ

အလွန် နမြောတသ ဖြစ်သွားတယ်။ လူမိုက်လှသိန်းရဲ့

အနိုင်ကျင့်ပုံကိုလည်း မကျေမနပ်ဖြစ်သွားတယ်။ကြာညိုဟာ

လူမိုက်တွေကို နဂိုကတည်းက ရွံ့မုန်းနေသူဖြစ်လို့

သည်းမခံနိုင်တော့ဘူး။ ဒါကြောင့် ကားထားမှာ ပါလာတဲ့

ပါးစိမ်းတုတ်ကြီးကို ယူလိုက်ပြီး လူမိုက် လှသိန်းရဲ့ခေါင်းကို

ခွပ်ခနဲ ရိုက်ခွဲလိုက်တယ်။ လှသိန်းဟာ ကြာညိုရဲ့

လက်မြန်ခြေမြန် ရိုက်နိုက်ပုံကြောင့် ခေါင်းက သွေးတွေ

စီးကျလာတယ်။ လှသိန်းရဲ့ တပည့်နစ်ဦးဟာ တအံ့တသြ

ဖြစ်နေတုန်း သူတို့ကိုယ်ပေါ်ကို ပါးရင်းတုတ် ရိုက်ချက်တွေ

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာလို့ ကမန်းကတန်း ထွက်ပြေးရတယ်။

မိန်းမပျိုလေးတစ်ယောက်ရဲ့ရိုက်ချက်တွေ

မယုံနိုင်လောက်အောင် မြန်ဆန်တိကျတာ သူတို့

နားမလည်နိုင်ခဲ့ဘူး။ ကြာညိုဟာ သာမန်

မိန်းကလေးတစ်ယောက် မဟုတ်ဘဲ အရိုပ်သိုင်းကို

အဆင့်မြင့်မြင့် တတ်ကျွမ်းတဲ့ မိန်းမတစ်ယောက် ဆိုတာ

သူတို့ မသိရှာဘူး။ ကြာညိုဟာ လူမိုက်လှသိန်းကို ရိုက်နှက်ပြီး

ဆန်အိတ်တစ်ရာကို အောင်မြင်စွာပေးနိုင်ခဲ့တယ်။

ရန်ကုန်မြို့ရဲ့ လူမိုက်လောကမှာတော့ ညောင်တန်းဆိပ်မှာ

လူမိုက်လှသိန်းကို ခေါင်းရိုက်ခွဲပြီး ဆန်ပေးသွားတဲ့

မိန်းမလှလေးတစ်ယောက်ရဲ့ အကြောင်း ရေပန်းစား

သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ ရန်ကုန်မြို့က တည်းခိုခန်းမှာ တည်းခိုရင်း ရက်တွေ ကြာလာသောတည်းခိုခန်း မန်နေဂျာက တစ်ဆင့် ကျောက်မြောင်းဈေးရှေ့က တစ်ထပ်တိုက်ပုလေး တစ်လုံးကို ဝယ်ယူခဲ့တယ်။ တိုက်ပုလေးကို ဝယ်ယူပြီး ရပ်ကွက်ထဲက ဘုန်းကြီး ငါးပါးပင့်ပြီး အိမ်တက်ပွဲ လုပ်ခဲ့တယ်။ ကြာညိုဟာ သူ့အိမ်တက်ပွဲကို အိမ်နီးချင်းတွေ အကူအညီနဲ့ အလှူပွဲလေး လုပ်ဖြစ်တယ်။ အိမ်တက်ပွဲမှာ ငါးသလောက်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com

ချဉ်ပေါင်းဟင်း၊ ဂဏ်သား စသည်ဖြင့် စုံစုံလင်လင် ကျွေးမွေးခဲ့တယ်။ ကြာညိုဟာ အိမ်တက်ပွဲလေးလုပ်နေရင်း ခြံဝန်းထဲက ဆူဆူညံညံ အသံကြားလို့ လှမ်းကြည့်လိုက်တော့ အဝတ်အစား စုတ်စုတ်ခြာခြာ ဝတ်ဆင်ထားတဲ့ မိန်းမကြီး တစ်ယောက်ဟာ လှေကားထိပ်ပိုင်းမှာ ဝင်စားဖို့ ပြင်နေတာတွေ့ရတယ်။ မိန်းမကြီးရဲ့ စုတ်ချာတဲ့ အဝတ်အစားတွေကြောင့် လှေကားထိပ်တွေဟာ တီကိုဆားနဲ့ တို့သလို ဖြစ်နေကြတယ်။ ကြာညိုရဲ့ အိမ်နီးချင်း တွေက မိန်းမကြီးကို အိမ်အနောက်မှာ စားဖို့ တိုက်တွန်းကြတယ်။ မိန်းမကြီးက အိမ်နီးချင်းတွေရဲ့ စကားကို နားထဲမဝင်ဘဲ ``ငါ့ ကို ညည့်ကောင်းစောင်ကောင်း မဟုတ်ဘူးဆိုပြီး အိမ်အနောက်မှာ စားနိုင်းတာလား၊ ငါ အိမ်အနောက်မှာ မစားနိုင်ဘူး။ အိမ်ရှေ့မှာပဲ စားမယ်၊ မကျေနပ်ရင် အလှူရှင်ကို သွားခေါ်လိုက်``လို့ခေါင်းမာမာနဲ့ ငြင်းဆန်နေတာ ကြားရတယ်။ ကြာညိုက မိန်းမကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com

အနောက်က ရောက်သွားပြီး ``ခေါ်စရာမလိုပါဘူး၊ ကျွန်မရောက်လာပါပြီ၊ အဒေါ်စားချင်တဲ့ နေရာမှာပဲ စားပါ။ ကျွန်မ အလှူက အယုတ်အလတ် အမြတ်မရွေးပါဘူး။ အားလုံး အတူတူလို့ သဘောထားပါတယ်´လို့ဆိုလိုက်တော့ စုတ်ချာချာ ဝတ်ဆင်ထားတဲ့ မိန်းမကြီးက ကြာညိုဘက်လှည့်ပြီး ``နင်မဆိုးဘူး၊လူ့လောက သဘာဝကို နားလည်သွားပဲ၊ လောကနိတိကို ကောင်းကောင်း သင်ကြားထားပုံရတယ်´´လို့ချီးမွမ်းလိုက်တယ်။ ကြာညိုဟာ မိန်းမကြီးရဲ့ မျက်နှာမြင်တော့ အံ့ဩလွန်းလို့ ပါးစပ် အဟောင်းသား ဖြစ်သွားတယ်။ မိန်းမကြီးဟာ လွန်ခဲ့တဲ့ နှစ်များစွာက ဘုတာတစ်ခုမှာ သိကျွမ်းခဲ့တဲ့ သူ့ဆရာ ဒေါ်ပွါးဆိုသူ မိန်းမကြီး ဖြစ်နေတယ်။ ကြာညိုက ဒေါ်ပွါးကို ဝမ်းသာအားရ နုတ်ဆက်ပြီး ပြေးပွေ့လိုက်တယ်။ ဒီအခါမှာ ကြာညိုရဲ့ အိမ်တက်မင်္ဂလာကို လာရောက်ကြတဲ့ ဂုဏ်သရေရှိ လူတွေဟာ ကြာညို့အမူအယာကို ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com

အထင်သေးဟန်နဲ့ နှာခေါင်းရှုံ့လိုက်ကြတယ်။ ဒေါ်ပွါးက ကြာညိုရဲ့ ပခုံးကို ဖက်ပြီး ``နှင့်သတင်းတွေကို ငါကြားပါတယ်..ကြာညို ..နှင်ဩောင်တန်းမှာ လူမိုက်လူသိန်းကို ခေါင်းရိုက်ခွဲခဲ့တာ ငါသိပါတယ်`` လို့ပြောလိုက်တော့ ကြာညိုက ဂမ်းသာအားရ အမူအယာနဲ့ ``သိရင်လဲ ကျွန်မဆီလာခဲ့ပေါ့ အဒေါ်ရယ်..ကျွန်မက အဒေါ်နဲ့တွေ့ချင်လို့ မျှော်နေတာလို့ ပြောတယ်``ဒေါ်ပွါးက ရယ်မောပြီး ``ငါလာမလို့ပါပဲ ကြာညိုရယ်..ငါ့မှာ ရှင်းစရာ အမှိုက်လေးတွေ နည်းနည်းရှိနေလို့ပါ``လို့ဆိုလိုက်တယ်။ ကြာညိုနဲ့ ဒေါ်ပွါးရဲ့ ဖက်လှဲတကင်း အမူအယာကြောင့် အိမ်တက်မင်္ဂလာကို ရောက်လာတဲ့ လူကုံထံတွေဟာ ကြာညိုကို အထင်သေးဟန်နဲ့ နှာခေါင်းရှုံ့ပြီး ထွက်ခွါ သွားတယ်။ ကြာညိုလို မိန်းကလေးတစ်ယောက်က စုတ်ချာနေတဲ့ ဒေါ်ပွါးလို မိန်းမကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဖက်လှဲတကင်းလုပ်နေတာ လူကုံထံတွေ အနေနဲ့ အထင်သေးစရာ ဖြစ်နေတယ်။ ဒေါ်ပွါးက အိမ်ပေါ်က တစ်ယောက်ပြီးတစ်ယောက် ဆင်းသွားတဲ့ လူကုံထံတွေကို ကြည့်ပြီး ``ငါနဲ့ပေါင်းလို့ နင့်ကို အထင်သေးသွားကြပြီ`` လို့ဆိုလိုက်တော့ ကြာညို့က နှုတ်ခမ်းမဲ့ပြီး ``သေးစမ်းပါစေ အဒေါ်ရယ်..သူတို့ကို ကျွန်မ ဂရုမစိုက်ပါဘူး`` လို့ပြောလိုက်တယ်။ ကြာညိုဟာ သူမဘဝ နောက်ကြောင်းကို ဒေါ်ပွါးသိအောင် စီကာပတ်ကုံး ပြောပြခဲ့တယ်။ ကြာညို့ရဲ့ ဘဝနောက်ကြောင်းကို နားထောင်ပြီး ဒေါ်ပွါးက ``နင်သိပ်ကံကောင်းတယ် ကြာညို.. နင်ဟာဆရာကောင်း နဲ့လဲတွေ့တယ်၊ ကောင်းမွန်တဲ့ ကံကြမ္မာနဲ့လဲ ကြုံရတယ်`` လို့ပြောလိုက်တယ်။ ပြီးတော့ ဒေါ်ပွါးက သူမဘဝ နောက်ကြောင်းကို တစ်လှည့်ပြောတယ်။ ဒေါ်ပွါးဟာ လက်ရှိ ကြည့်မြင်တိုင်ဘက်က ဇိမ်ခန်းတစ်ခန်းရဲ့ ခေါင်မိုးပေါ်မှာ နေထိုင်ကြောင်း ပြောပြတယ်။ ကြာညို့က ဒေါ်ပွါးစကားကို

www.burmeseclassic.com

www.burmeseclassic.com

အံ့ဩဟန်နဲ့ နားထောင်ပြီး ``အဒေါ်က ဘာကြောင့် ဇိမ်ခန်း ခေါင်မိုးပေါ်မှာ သွားနေရတာလဲ`` လို့မေးမြန်းလိုက်တော့ ဒေါ်ပွါးက ``ဇိမ်ခန်းပိုင်ရှင် မိန်းမဟာ ငါ့ကျေးဇူးရှိတယ်ဟဲ့၊ ရန်ကုန်မှာ မိန်းမလိုက်စားတဲ့ ယောကျ်ားမှန်ရင် သူ့ကို မသိသူ မရှိဘူး။ ဇိမ်ခန်းခေါင်မိုးပေါ်မှာ ဘာကြောင့်နေလဲ ဆိုတော့ ငါ့ရန်သူ တဏှာရူးဒွေးဦး ကို ဆည်ဂကာ ဖျိုင်းစောင့် သလိုစောင့်နေချင်လို့ပဲ၊ ဒွေးဦးဟာ ငါ့အချစ်ဆုံးတူမလေးကို ခြေတော်တင်သွားတယ်။ ဒင်းကြောင့် ငါ့တူမလေး အသက်ဆုံးရတယ်၊ ဒင်းကို ငါမသေမီ စီရင်ရမယ်``လို့ဆိုလိုက်တယ်။ ကြာညိုဟာ တစ်ခါက ဒေါ်ပွါးပြောဖူးတဲ့ တဏှာရူးဒွေးဦး အကြောင်းကို သတိရတယ်။ ဒွေးဦး ဆိုတဲ့လူကို သူကိုယ်တိုင်လဲ မတွေ့သေးဘူး။ ဒီလိုနဲ့ ဒေါ်ပွါးနဲ့ ကြာညိုဟာ ရန်ကုန်မြို့မှာ တစ်ဦးနဲ့တစ်ဦး အဆက်အသွယ် ပြန်ရခဲ့တယ်။

သူတို့နှစ်ယောက်ဟာ အားလပ်တဲ့အခါ ဘုရင်မ ပန်းခြံထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

ချိန်းဆိုပြီး တွေ့လေ့ရှိတယ်။ကြာညိုဟာ ဒေါ်ပွါးနဲ့ တွေ့တိုင်း မှတ်သားစရာ ပညာမျိုးစုံကို သင်ကြားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညီဟာ အိမ်ဂယ်ပြီးတော့ ဘေဘီအော်စတင် ဆိုတဲ့ ကားလေးတစ်စီးကို ဂယ်ယူကာ ဒရိုင်ဘာ တစ်ယောက်ကိုလည်း ငှါးရမ်းခဲ့တယ်။ သူမရဲ့ ဒရိုင်ဘာ အမည်မှာ မောင်ဦးလို့ခေါ်ပြီး ကျောက်မြောင်း ရပ်ကွက် အတွင်းမှာ နေထိုင်သူဖြစ်တယ်။ တစ်နေ့တော့ ကြာညီဟာ ရွှေတိဂုံဘုရား ဖူးရင်း ဗဟန်း ကြားတောရလမ်းမှာ အဘိုးအိုတစ်ယောက် မူးလဲနေတာ မြင်လို့ ကရုဏာသက်ပြီး ဒရိုင်ဘာကို ကားရပ်ခိုင်းလိုက်တယ်။ နောက်တော့ အဘိုးအိုကို

www.burmeseclassic.com

www.burmeseclassic.com

အကူအညီ ပေးဖို့ ကားဝေါ်ကဆင်းပြီး ဒရိုင်ဘာ အကူအညီနဲ့ ဘားလမ်းက ကုလားဆရာဝန်ဆီမှာ သွားပြပေးတယ်။ ကုလားဆရာဝန်က အဘိုးအိုကို စစ်ဆေးပြီးတော့ အားနည်းလို့ မူးလဲတာဖြစ်ကြောင်း၊ စိတ်ပူစရာ မရှိကြောင်း၊ အနားယူလိုက်ရင် ပြန်ကောင်းသွားနိုင်ကြောင်း ပြောတယ်။ ကြာညိုဟာ အဘိုးအိုကို ဆေးခန်းလိုက်ပို့ ရုံမက သူနေထိုင်ရာ ကန်တော်လေးရပ်ကွက်ထဲက တဲအိမ်လေးကို ပြန်ပို့တယ်။ အဘိုးအိုနဲ့အတူ ဆက်ကျော်သက် မြေးမလေး တစ်ယောက်ကိုလဲ တွေ့ရတယ်။ အဘိုးအိုက ကြာညိုကို ကျေးဇူးတင်လွန်းလို့ ``. အဘိုးမှာ ငါ့မြေးပေးတဲ့ အသက်ပဲ ရှိပါတော့တယ် လို့ပြောတယ်။ အဘိုးအိုရဲ့ အမည်ဟာ ဦး[illegible]လို့ ဆိုတယ်။ ဦးမြမောင်ရဲ့ မြေးမလေး နံ[illegible]တော့ မြတ်မွန် လို့သိရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ နောက်တစ်နေ့ ရောက်တော့ ဦးမြမောင်ကို စိတ်မချလို့ အိမ်ကို တစ်ကြိမ်သွားကြည့်တယ်။ ဦးမြမောင်နဲ့တွေ့တော့ ကျမ်းမာပြီး ထူထူထောင်ထောင် ဖြစ်နေပြီ။ ဦးမြမောင်ဟာ ဗဟန်းကြားတောရလမ်းက ရွှေနဒီ သယံဇာတိုက်မှာ အလုပ်လုပ်တယ်လို့ ဆိုတယ်။ လွန်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com

နေ့က ဦးမြမောင် နေမကောင်းလို့ ခွင့်ယူတာကို ရွှေနဂါး သယ်န်းတိုက်ပိုင်ရှင် ဦးလူဂကာ ခွင့်မပေးတဲ့ အပြင် အလုပ်က အပြီးအပိုင် ထုတ်ပစ် လိုက်တယ်လို့ ဆိုတယ်။ ဦးမြမောင်ဟာ မတရား အလုပ်ထုတ်ခံရလို့ စိတ်ထိခိုက်ရာက မူးမေ့ လဲတယ်လို့ သိရတယ်။ ကြာညိုဟာ ရွှေနဂါး သယ်န်းတိုက် ပိုင်ရှင် ဦးလူဂရဲ့ စိတ်ဓါတ်ညံ့ဖျင်းပုံကြောင့် အဘိုးအိုကို ကရုဏာသက်သွားတယ်။ ဒါအပြင် သယ်န်းတိုက် လုပ်ငန်းကိုလည်း စိတ်ဝင်စားသွားတယ်။ ကြာညိုဟာ သယ်န်းတိုက် လုပ်ငန်းကို မိမိ စိတ်ဝင်စားလို့ လုပ်ကိုင်ချင်ကြောင်း ပြောတော့ ဦးမြမောင်က ဝင်းသာအားရနဲ့ အစွမ်းကုန် ကူညီမယ်လို့ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ကြာညိုဟာ ဗဟန်း ကြားတောရလမ်းမှာပဲ အိမ်တစ်လုံးငှားပြီး ရွှေကိုယ်တော် သယ်န်းတိုက် ဆိုတဲ့အမည်နဲ့ ဖွင့်လှစ်ခဲ့တယ်။ ကြာညိုရဲ့ သယ်န်းတိုက်ဟာ ဦးမြမောင်ရဲ့ အကူအညီကြောင့် ဖွင့်တဲ့နှစ်မှာပဲ အောင်မြင်ခဲ့တယ်။ ကြာညိုဟာ သယ်န်းတိုက်လုပ်ငန်းကို

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် ကြီးကြပ်ချင်လို့ ကန်တော်ကြီးစောင်းက အိမ်ကို ရောင်းပြီး သယ်န်းတိုက်အပေါ်ထပ်ကို ပြောင်းရွှေ့ နေထိုင်တယ်။ တစ်နေ့တော့ ပဲခူးဘက်မှာ ဆန်စက်တစ်လုံး ရောင်းမယ်ဆိုလို့ သွားကြည့်ရင်း ဈေးမတည့်တော့ ရန်ကုန်ကို ပြန်လာခဲ့တယ်။ အပြန်လမ်းမှာ ကြာညိုစီးလာတဲ့ ဘေဘီ အော်စတင်ကားလေးက ဖွတ်ချက်ဖွတ်ချက် မြည်ပြီး လမ်းပေါ်မှာ ထိုးရပ်သွားတယ်။ ကြာညိုဟာ သူမရဲ့ ဒရိုင်ဘာ မောင်ဦးကို မေးမြန်းလိုက်တော့ မောင်ဦးက``ကျွန်တော် စစ်ကြည့်လိုက်ဦးမယ်``ဆိုပြီး ကားစက်ခေါင်းကို ဖွင့်တယ်။ ကြာညိုဟာ ကားပေါ်မှာ နေထိုင်ရတာ ပျင်းရိလာတာနဲ့ ကားပေါ်ကဆင်းပြီး အနီးပတ်ဝန်းကျင်ကို လမ်းလျှောက် ထွက်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညို ရောက်နေတဲ့ အရပ်ဟာ လူနေအိမ်ခြေ နည်းပါးပြီး ခပ်လှမ်းလှမ်းက မန်ကျည်းပင်စုအောက်မှာ အိမ်ကလေးတွေ တွေ့တယ်။ ကြာညိုဟာ အိမ်လေးတွေဘက်ကို လျှောက်သွားပြီး အရိပ်ကောင်းတဲ့ မန်ကျည်းပင်အောက်မှာ ထိုင်ခဲ့တယ်။ ခဏကြာတော့ ကြာညိုထိုင်နေတဲ့ အနီးဆုံး အိမ်ထဲကနေ ``ကယ်ကြပါဦးရှင်..ကယ်ကြပါ`` ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ အသံထွက်လာတယ်။ ကြာညိုဟာ

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် အိမ်ထဲက အော်သံကြားရလို့ စိုးရိမ်သွားတယ်။ နောက်ထပ် အော်သံက ဆက်ထွက်လာလို့ ကြာညိုဟာ စိုးရိမ်စိတ်နဲ့ အိမ်ထဲကို ဝင်သွားတယ်။ အိမ်ပေါက်ဝကို ရောက်တော့ ``မင်းအော်နေလဲ အပိုပါပဲ၊ ဒီနား ပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိဘူး၊ ကိုယ့်စကားကို နားထောင်စမ်းပါ၊မင်းကို တင့်တောင့်တင့်တယ် ထားနိုင်ပါတယ်``ဆိုတဲ့ ယောက်ျားတစ်ယောက် အသံကို ကြားရတယ်။ မိန်းမတစ်ယောက်ရဲ့ အကြောက်အကန် ငြင်းဆန်သံကိုလည်း ကြားရတယ်။ ``အို..လွှတ် ကျွန်မကိုလွှတ် ရှင် ဒီလို မတရားမလုပ်နဲ့၊လွှတ်ပါ`` လို့ငြင်းဆန်နေတယ်။ ကြာညိုဟာ အခန်းထဲကို ပြေးဝင်လိုက်တော့ မိန်းမပျိုတစ်ယောက်ကို ခုတင်ပေါ်မှာ အုပ်မိုးပြီး မတော်မတရား ပြုကျင့် ဖို့ ကြံစည်နေသူတစ်ဦးကို တွေ့ရတယ်။ ကြာညိုဟာ မတရား ကြံစည်သူကို ``လွှတ်လိုက်စမ်း``လို့ဒေါသတကြီး အော်ဟစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

လူယုတ်မာဟာ အနောက်ကို လှည့်ကြည့်ပြီး ကြာညိုကို မြင်တော့ တအံ့တသြ ဖြစ်သွားပြီး``မင်း ဘယ်သူလဲ အိမ်ထဲကို ဘယ်လိုရောက်လာတာလဲ`` လို့မေးမြန်းတယ်။ ကြာညိုက သူ့ကို အဖြေမပေးဘဲ ``ရှင် အိမ်ထဲက ထွက်သွားစမ်း``လို့မောင်းနှင် ထုတ်လိုက်တော့ လူယုတ်မာဟာ တက်တစ်ချက် ခေါက်ပြီး အိမ်ထဲက ထွက်သွားတယ်။ ပြီးတော့ အိမ်ရှေ့မှာ ရပ်ထားတဲ့ ဂျစ်ကားပေါ် ခေါသတကြီး တက်မောင်းသွားတယ်။ ကြာညိုက အိပ်ယာပေါ်မှာ အဝတ်အစားတွေ ကပိုကရိုနဲ့ ရှိုက်ငိုနေတဲ့ မိန်းမပျိုကို နှစ်သိမ့်လိုက်ပြီး ``မငိုပါနဲ့ ညီမရယ်.. လူယုတ်မာကြီး မရှိတော့ပါဘူး၊ ဒီလူ ဘယ်ကလူလဲ`` လို့မေးမြန်းလိုက်တယ်။ ဒီအခါမှာ မိန်းမပျိုက``ကျွန်မနံမည် မစိမ်းလဲ့ လို့ခေါ်ပါတယ်။ အလုပ်က သူနာပြုအလုပ်ပါ၊ ကျွန်မက တကျောရှုးကြီးရဲ့ အိမ်မှာ သူနာပြုအလုပ်ကို လုပ်ပါတယ်။ သူ့မိခင်ကြီး လေဖြတ်နေတာကို သူနာပြုအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com

ပြုစုရတာပါ။ လူယုတ်မာဟာ သူ့အိမ်မှာ သူနာပြု လုပ်နေကတည်းက ကျွန်မကို နည်းအမျိုးမျိုးနဲ့ နှောက်ယှက်နေတယ်။ လွန်ခဲ့တဲ့ရက်က လူရှင်းတယ် ဆိုပြီး အိပ်ခန်းထဲမှာ ဆွဲလားလွဲလား လုပ်တဲ့အတွက် သူ့အလုပ်က ထွက်ပြီး ကျွန်မ ပြန်လာခဲ့တာပါ၊ ဒါကို မကျေနပ်ဖြစ်လို့ အိမ်အထိ လိုက်ပြီး စော်ကားတာပါ၊ ဒီလူကြီးနံမည် ဦးငွေဦးလို့ ခေါ်တယ်။ ပြည်မှာတော့ သူ့ကို မြောသမားငွေဦးလို့ လူသိများတယ်။ သူဟာ အင်မတန် ယုတ်မာတယ်။ မိကောင်းဖခင် သားသမီး တော်တော်များများကို နည်းအမျိုးမျိုးနဲ့ သိမ်းသွင်းပြီး ခြေတော်တင်လေ့ရှိတယ်။ သူ့မှာ မယားကြီးရှိပေမဲ့ သူ့မယားဟာ သူနှိပ်စက်တဲ့ ဒဏ်ကြောင့် စိတ်ဆင်းရဲပြီး အသက်ဆုံးတာကြာပါပြီ``လို့ရှည်လျားစွာ ရှင်းလင်းပြတယ်။ ကြာညိုဟာ မစိမ်းလဲ့ ပြောပြတဲ့ ဦးငွေဦးဆိုတဲ့ အမည်ကို မျက်မှောင်ကြုတ် စဉ်းစားနေမိတယ်။ တစ်ခါက သူ့ဆရာ

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပွါး လိုက်ရှာနေတဲ့ တကျောရှူး ငွေးဦး ဆိုသူနဲ့ နံမည်ချင်း တူနေတယ်။ ဒေါ်ပွါးကို အမြန်ဆုံး အသိပေးရမယ်ဆိုပြီး ရန်ကုန်မြို့ကို ပြန်ခဲ့တယ်။ ဒေါ်ပွါးရဲ့ ရန်သူတော် ငွေးဦး ဟုတ်မဟုတ် မသေချာ့ သေးချေ။

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ကို ရောက်တဲ့အခါ ဒေါ်ပွါးနဲ့ ဘုရင်မ ပန်းခြံမှာ ချိန်းတွေ့ပြီး တဂျာရှူးဌွေးဦး အကြောင်းကို ပြောပြလိုက်တယ်။ ဒေါ်ပွါးဟာ တဂျာရှူးဌွေးဦး ဆိုတဲ့အမည်ကို ကြားလိုက်တာနဲ့ အလွန် စိတ်အားတက်ကြွသွားပြီး ``ဘာ..တဂျာရှူးဌွေးဦးကို တွေ့ပြီဟုတ်လား၊ ဘယ်မှာလဲ၊ ဒီကောင်ကို ငါသွားတွေ့မယ်``လို့ပြောလိုက်တော့ ကြာညိုက

www.burmeseclassic.com

www.burmeseclassic.com

``မစိမ်းလဲ့ကို စော်ကားတဲ့ ငွေးဦးဆိုတာ မျက်လုံးပြူးပြူးနဲ့ မျက်နှာက တဏှာခိုးတွေ ဝေနေတယ်``လို့လိုက်တော့ ဒေါ်ပွါးကို အံကိုကြိတ်ပြီး``ဒါ ငွေးဦးပဲ.ငွေးဦးဟာ မျက်လုံးပြူးပြူးနဲ့ တဏှာခိုးတွေ ဝေနေတဲ့ မျက်နှာမျိုးပဲ၊ ဒီကောင်က လက်စသတ်တော့ ပြည်ကို ရောက်နေတာကိုး၊ ငါ ပြည်ကို လိုက်သွားမယ်၊ တဏှာရူးကို လူလောကက လက်စတုံးပစ်မယ်``လို့ဆိုလိုက်တယ်။ ကြာညိုက ငွေးဦးဆိုသူကို ဒေါသပုန်ထပြီး``ဒီလိုလူမျိုးကို လူ့လောကကြီးထဲမှာ ထားဖို့ မကောင်းဘူး ကြာညိုလဲ အဒေါ်နဲ့လိုက်ခဲ့မယ်``လို့ဆိုလိုက်တော့ ဒေါ်ပွါးက ခေါင်းညိတ်ပြီး``ဒီကောင့်ကို ဒဏ်ခတ်ချင်ပေမဲ့ အင်းစိန်စီအိုင်ဒီမှာ ဆားပုလင်းမင်းအောင် ဆိုတဲ့ စုံထောက်ရှိတယ်။ ဒီလူ ရှိနေရင် ငါတို့အတွက် အခက်ပဲ``လို့ပြောတယ်။ကြာညိုက

``ဆားပုလင်းမင်းအောင်က တော်တော်စွမ်းလို့လား``

www.burmeseclassic.com

www.burmeseclassic.com

လို့မေးမြန်းလိုက်တယ်။ဒေါ်ပွါးက ခေါင်းညိတ်ပြီး ``ဆားပုလင်းမင်းအောင်ဆိုတာ စုံထောက်လုပ်ဖို့ ဘုရားသခင်က ပေးသနားလိုက်တဲ့လူဟဲ့။ မြန်မာပြည် ပုလိပ်အဖွဲ့မှာ သူဟာ အထူးချွန်ဆုံး စုံထောက်ပဲ၊ သူလိုက်တဲ့ အမှုမှန်ရင် မပေါ်တဲ့အမှု မရှိဘူး``လို့ပြောတယ်။ကြာညိုက တဂျာရှူးဒွေးဦး ကို နှိမ်နင်းမဲ့ အရေးမှာ ဒေါ်ပွါးနဲ့အတူ လိုက်ပါဖို့ ဆုံးဖြတ်လိုက်ပြီး ``တဂျာရှူးဒွေးဦးကို နှိမ်နင်းမဲ့ အရေးမှာ ကျွန်မကို ခေါ်ပါ``လို့ဆိုလိုက်တော့ ဒေါ်ပွါးက ခေါင်းညိတ်ပြီး``နင်တောင် မတရားတဲ့ ကိစ္စမှာ ဂင်ပါချင်စိတ် ပေါက်လာပြီကိုး ၊ ဒါပေမဲ့ ငါနဲ့ လိုက်ရင် အန္တရယ် များတယ်နော်၊ ထောင်ကျရုံမကဘူး၊ သေဒဏ် ပါကျနိုင်တယ် နင်စဉ်းစားပါ``လို့ဆိုလိုက်တယ်။ ကြာညိုက ခေါင်းခါယမ်းလိုက်ပြီး ``ဘယ်လိုအန္တရယ်မျိုးပဲ ကြုံကြုံ ..ကျွန်မ မကြောက်ပါဘူး။ ရင်ဆိုင်ဝံ့ပါတယ်`` လို့ဆိုလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက်အပတ် ခရီးထွက်ကာနီးမှာ ဒေါ်ပွါးက ကြာညို့ရဲ့ ပခုံးကို ဖက်ပြီး ``နင်တကယ်လိုက်မှာလား၊စဉ်းစားဦးနော်၊ ငါက လူသတ်မှာ၊ နင်ငါနဲ့ လိုက်ရင် သေဒဏ် ကျသွားနိုင်တယ်``လို့ဆိုလိုက်တော့ ကြာညိုက လက်သီးဆုပ်ပြီး ``သဘာဝတရားကြီး ကိုယ်စား အပြစ်ဒဏ်ခတ်ဖို့ ကိစ္စပဲ၊ ကျွန်မမှာလဲ တာဝန်ရှိပါတယ်``ဒေါ်လို

www.burmeseclassic.com

 www.burmeseclassic.com

လူယုတ်မာမျိုးကို ကျွန်မ လုံးဝမကြိုက်ဘူး``လို့ပြောပြီး ဒေါ်ပွါးနဲ့အတူ လိုက်ခဲ့ဖို့ ပြောတယ်။ဒီလိုနဲ့ ကြာညိုနဲ့ ဒေါ်ပွါးဟာပြည်ကို ရထားစီးပြီး ထွက်ခဲ့တယ်။

ပြည်မြို့ကိုရောက်တော့ လူယုတ်မာဋ္ဌေးဦးရဲ့ အိမ်ကို စုံစမ်းပြီး အိမ်ကြီးအနီးကို မသိမသာ သွားကြည့်တယ်။ ဋ္ဌေးဦးရဲ့ သတင်းကို စုံစမ်းကြည့်တဲ့အခါ ဋ္ဌေးဦးဟာ ဆင်တဲဘက်က ရွာကို ခရီးထွက်သွားကြောင်း သိရတယ်။ အနီးအနားက အကြော်ဆိုင်မှာ စုံစမ်းကြည့်တော့ အကြော်သည် မိန်းမက``ဒီလူယုတ်မာကြီး ရွာတွေကို ခရီးထွက်တာ အကြောင်းမဲ့ မဟုတ်ဘူး၊ ရိုးသားတဲ့ ရွာသူ မိန်းကလေးတွေကို နည်းအမျိုးမျိုးနဲ့ ခြေတော်တင်ဖို့ သွားနေတာ``လို့ပြောတယ်။ ဒေါ်ပွါးဟာ ဋ္ဌေးဦးရဲ့ သတင်းကို ကြားတော့``ဒီကောင်ရဲ့ ယုတ်မာမှုတွေက တဖြည်းဖြည်း ဆိုးလာပြီ၊ ဋ္ဌေးဦး ရွာတွေမှာလှည့်ပြီး မိန်းကလေးတွေ ဖျက်ဆီးဖို့ ကြံနေတယ်ဆိုတော့ ငါတို့အတွက် အကွက်ပဲပေါ့၊ ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပွါးနဲ့ ကြာညိုဟာ ဆင်တဲ တစ်ဖက်ကမ်းက ရွာတွေမှာ ငွေးဦးရဲ့ သတင်းကို စုံစမ်းကြတယ်။ဒီအခါမှာ ငွေးဦးနဲ့ ပေါင်းအသင်းတွေတောဘက် ရွာတွေကို လှည်းနဲ့ ထွက်သွားကြောင်း သိရတယ်။ ဒေါ်ပွါးက အံကိုကြိတ်ပြီး

``တကျာရှုးတွေ ရွာစဉ်လှည့်ပြီး ဆင်းရဲသား မိန်းမပျိုလေးတွေကို ဖျက်ဆီးဖို့ ကြံုးစား နေပုံရတယ်``

လို့ပြောတဲ့အခါ ကြာညိုက နားမလည်ဟန်နဲ့

www.burmeseclassic.com

www.burmeseclassic.com

မျက်မှောင်ကြုတ်ပြီး``တဏှာရူးကြီးဟာ တရေးဝင်
မိန်းမတောင် ၃ယောက်လောက် ယူထားပြီး ဘာလို့ မိန်းမတွေ
နောက်ကို သဲကြီးမဲကြီး လိုက်နေတာလဲ``
လို့နားမလည်ဟန်နဲ့ မေးလိုက်တယ်။ ဒေါ်ပွါးက
သက်ပြင်းချပြီး`` ယောကျ်ားတွေဟာ ကိုယ့်မိန်းမကလွဲရင်
မိန်းမအားလုံးချောမောလှပတယ် ဆိုတဲ့အမြင်ရှိတယ်၊
သူတို့ဟာ ဘယ်တော့မှ မိန်းမတစ်ယောက်တည်းနဲ့
မတင်းတိမ် နိုင်ကြဘူး၊ ကျားနဲ့မ သဘောအရ ကမ္ဘာပေါ်မှာ
ယောကျ်ားနဲ့မိန်းမ၊ ယောကျ်ားကပဲ ပိုပြီး ဖောက်ပြန်ကြတယ်၊
ဒါကြောင့် ငွေးဦးဟာ မိန်းမ ၃ယောက်ရှိတယ် ဆိုပေမဲ့
မတင်းတိမ်နိုင်ကြဘူး၊ ငွေးဦးဟာ ငါ့အချစ်ဆုံးတူမကို
ခြေတော်တင်သွားလို့ တူမလေး ကိုယ့်ကိုယ်ကိုယ်
အဆုံးစီရင်သွားတယ်၊ဒါကြောင့် ဒီကောင့်ကို တွေ့ရာမဆိုင်း
ခါးမဆိုင်းဘဲ သချိုင်းပို့ရမယ်``လို့ပြောတယ်။ကြာညိုတို့ဟာ
နွားလှည်းတစ်စီးနဲ့ ငွေးဦးတို့ လူစု အနောက်ကို လိုက်ခဲ့တယ်။


www.burmeseclassic.com

www.burmeseclassic.com

နှစ်ရက် မြောက်တဲ့နေ့မှာဋ္ဌေးဦးတို့လှုစု ရောက်နေတဲ့ ရွာကိုရောက်တယ်။ဋ္ဌေးဦးတို့ဟာ ရွာကြီး တစ်ရွာထဲကို ဖြတ်သန်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုနဲ့ ဒေါ်ပွါးဟာ ဋ္ဌေးဦးကို ပိပိရိရိ သုတ်သင်ချင်လို့ ရွာပြင်ဇရပ်မှာပဲ တည်းခိုခဲ့တယ်။ ကြာညိုက ရွာထဲက ကုန်စုံဆိုင်ကို မသိမသာ သွားပြီး ဋ္ဌေးဦးတို့ သတင်းကို စုံစမ်းကြည့်တယ်။ ဒီအခါမှာ ရွာထဲက ကွမ်းတောင်ကိုင် မိန်းကလေးကို မြို့ပေါ်က သူဋ္ဌေးက မွေးစားဖို့ ခေါ်သွားကြောင်း သိရတယ်။ ကြာညိုဟာ ဇရပ်ကို

www.burmeseclassic.com

www.burmeseclassic.com

မယောင်မလည်နဲ့ ပြန်လာပြီး ဒေါ်ပွါးကို အကြောင်းစုံပြောပြတော့ ဒေါ်ပွါးက ``ကွမ်းတောင်ကိုင် မိန်းကလေးကို ခြေတော် တင်တော့မှာဟဲ့၊ ဒီကောင် သိပ်ယုတ်မာတယ်၊ ငါတို့ ကွမ်းတောင်ကိုင် မိန်းကလေးရဲ့ ဘ၀ကို ကယ်တင်ရမယ်``လို့ပြောပြီး ဒွေးဦးတို့ လာမဲ့ လမ်းက စောင့်မျှော်နေကြတယ်။

ခ

www.burmeseclassic.com

www.burmeseclassic.com

ငွေးဦးတို့ လူစုဟာ နောက်တစ်နေ့ နံနက်မှာ ကွမ်းတောင်ကိုင် မိန်းမပျိုကို ခေါ်ပြီး ရွာပြင်ကို ထွက်လာတယ်။

ကြာညိုတို့ဟာ ဇရပ်အနီးက နွားလှည်းတစ်စီးကို ငှါးပြီး ငွေးဦးတို့လှည်း နောက်ကို လိုက်လာကြတယ်။နေ့လယ်နိုင်း ရွာကြီးတစ်ရွာ အနီးမှာ ငွေးဦးတို့ လှည်းကို မိလာတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုတို့ ငှါးလာတဲ့ လှည်းသမားဟာ ပတ်ဂန်းကျင်ကို စိတ်မဝင်စားဘဲ သီချင်းတအေးအေးနဲ့ မောင်းနှင်နေတယ်။ ကြာညိုတို့ဟာ ငွေးဦးတို့ အနောက်ကို မသိမသာ လိုက်လာရင်းနဲ့ ငွေးဦးတို့ လှည်း လမ်းကြောင်း ပြောင်းသွားတာ သတိပြုမိလိုက်တယ်။ ဒေါ်ပွါးက လေသံတိုးတိုးနဲ့ ``ဒီကောင်တွေ လှည်းလမ်းကြောင်း ပြောင်းသွားပြီဟေ့၊ဆင်တဲဘက်ကို မသွားတော့ဘူး`` လို့ပြောတယ်။ ငွေးဦးတို့ လှည်းဟာ ရွာကြီးထဲကို လှည့်ဝင်သွားပြီး ရွာထိပ်က နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးရှေ့မှာ ရပ်တန့်သွားတာ တွေ့ရတယ်။ ဒေါ်ပွါးက သီချင်းတအေးအေး သီဆိုနေတဲ့ လှည်းသမားကို အခကြေးငွေပေးပြီး ပြန်လွှတ်လိုက်တယ်။ ပြီးတော့ ကြာညို့ကို ရွာထဲ မယောင်မလည် သွားကြည့် ခိုင်းတယ်။ ကြာညို ရွာထဲကို ရောက်တော့ ငွေးဦးတို့ ရောက်နေတဲ့ အိမ်ဝိုင်းထဲမှာ ကွမ်းတောင်ကိုင် မိန်းကလေးထိုင် နေတာ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတယ်။ ဒေါ်ပိုင်းက စေတီရင်ပြင် ပေါ်မှာထိုင်ရင်း ``ဒီနေ့ည ငါတို့ ကွမ်းတောင်ကိုင် မိန်းကလေးကို ဂင်ကယ်မှဖြစ်မယ်၊ ကြာရင် မိန်းကလေး နစ်နာတော့မယ်`` လို့ဆိုလိုက်တော့ ကြာညိုဟာ မိန်းကလေးအတွက် စိုးရိမ်ပူပန်ပြီး ``ဟုတ်တယ် ကျွန်မတို့ အမြန်ဆုံး ကယ်မှဖြစ်မယ်``လို့ပြောတယ်။ဒေါ်ပွါးက`` ငါတို့ကို ကံကြမ္မာက မျက်နှာသာပေးတာက ဌေးဦးတို့ တည်းခိုနေတဲ့ အိမ်က ရွာစွန်မှာ ရှိနေတယ်။ငါတို့ ခိုးဂင်လို့ လွယ်သွားတာပေါ့``လို့ပြောတယ်။ ကြာညိုက အံကိုကြိတ်ပြီး ``ဒီလူကြီးကို ကျွန်မနဲ့ ဆုံကတည်းက သတ်ပစ်လိုက်ရင် အကောင်းသား``လို့ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ညကိုရောက်တဲ့အခါမှာ ကြာညိုတို့ဟာ ငွေးဦးတည်းခိုတဲ့ အိမ်ကြီးရဲ့ ခြံစည်းရိုးက တိုးပေါက်ဝင်ပြီး မီးဖိုချောင်ထဲကို ဝင်တယ်။ ကြာညိုတို့ မီးဖိုချောင်ထဲ ရောက်တော့ လူသူ အရိပ်အခြည်ကို ကြည့်ပြီး အိမ်ကြီးရဲ့ အပေါ်ထပ်ကို တက်သွားတယ်။ အိမ်ကြီးရဲ့ အပေါ်ထပ် ဂရန်တာမှာ ငွေးဦးရဲ့

www.burmeseclassic.com

www.burmeseclassic.com

တပည့်တွေ အရက်ဝိုင်းဖွဲ့နေကြတယ်။ ကြာညိုတို့ဟာ ဗိရိုကြီး တစ်လုံးနောက်မှာ ဝင်ပုန်းပြီးတော့ လူသံကြားတဲ့ အခန်းတခန်း အနီးကို တိုးကပ်ခဲ့တယ်။ အခန်းထဲက အသံတွေကြောင့် သူတို့ လက်မတင်လေး ကံကောင်းသွားတာ ရိပ်မိလိုက်တယ်။ အခန်းထဲက ``ရှင်..ရှင် ဒီလိုမတရား မလုပ်နဲ့နော်၊ ကျွန်မအော်လိုက်မယ်``

``ဟားဟားဟား..အော်လိုက်စမ်းပါ၊ ဒီအိမ်က ရွာစွန်မှာ ဘယ်သူမှ မကြားနိုင်ဘူး၊ မင်းအော်ရင်လဲ လေကုန်ရုံ ရှိမှာပဲ၊ အသာတကြည် နေလိုက်စမ်းပါ၊ မင်းကို လောကနိဗ္ဗာန် ရောက်အောင် လုပ်ပေးမယ်`` ``အို..ကျွန်မကို မထိနဲ့..ခွေးကြီး..လူယုတ်မာကြီး`` ဒေါ်ပွါးဟာ ကွမ်းတောင်ကိုင်ကို ကယ်တင်ဖို့ အခန်းတံခါးကို ကိုယ်စောင်းနဲ့တိုက်ပြီး တွန်းဖွင့်ဖို့ ကြံလိုက်တယ်။ ဒီအချိန်မှာပဲ တဏှာရူးဌေးဦးရဲ့ အသံနက်ကြီးနဲ့ အော်လိုက်တဲ့ အသံကြီးကို ကြားလိုက်ရတယ်။ ဒီအခါ ဂရုန်တာမှာ

www.burmeseclassic.com

www.burmeseclassic.com

အရက်သောက်နေတဲ့ ဋ္ဌေးဦးရဲ့တပည့်တွေလည်း လှုပ်လှုပ်ရွရွ ဖြစ်သွားကြတယ်။ ဒေါ်ပွါးက အခြေအနေ မကောင်းလို့ ကြာညို့ကို လက်ဆွဲပြီး ဗိရိုကြီး အနောက်မှာ ပြန်ပုန်းနေလိုက်တယ်။ ဒီအချိန်မှာ ဋ္ဌေးဦးတပည့်တွေ ပြေးဝင်လာပြီး အခန်းအပြင်ကနေ ``ဆရာ..ဆရာ`` လို့ခေါ်ကြတယ်။ ခေါ်လို့မရတော့ အခန်းတံခါးကို ကိုယ်စောင်းနဲ့ တိုက်ပြီး ဝင်တယ်။ ဒီအခါ အခန်းထဲမှာ ဓားမြှောင်တစ်လက်ကိုင်ပြီး ငိုယိုနေတဲ့ မိန်းကလေးနဲ့ သွေးအိုင်ထဲမှာ လဲကျနေတဲ့ ဋ္ဌေးဦးကို တွေ့ရတယ်။ ဋ္ဌေးဦးတပည့်တွေဟာ ဋ္ဌေးဦး အသက်မရှိတော့မှန်း သိလို့ အထိတ်တလန့် အော်ဟစ်ပြီး ``ဟာ..ဆရာ အသက်မရှိတော့ဘူး၊ ဆရာ့ကို ကွမ်းတောင်ကိုင် သတ်လိုက်ပြီ`` လို့အထိတ်တလန့် အော်ဟစ်လိုက်တယ်။ ကွမ်းတောင်ကိုင် မိန်းကလေးက ငိုယိုပြီး ``ဟုတ်တယ်၊ တဏှာရူးကို ငါသတ်လိုက်ပြီ၊ နင်တို့လဲ သေချင်ရင်

www.burmeseclassic.com

www.burmeseclassic.com

ရှေ့တိုးခဲ့``လို့ ကြုံးဝါးလိုက်တော့ သတ္တိမရှိတဲ့ တကျာရှုး ငွေးဦးတပည့်တွေဟာ သူကြီးကို သွားတိုင်ဖို့ အပြေးအလွှား ထွက်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုနဲ့ ဒေါ်ပွါးဟာ ဗိရိုအနောက်က ထွက်ပြီး အိမ်ပေါ်က ကမန်းကတန်း ပြေးဆင်းခဲ့တယ်။ ဇရပ်ကို ပြန်ရောက်တော့ ဒေါ်ပွါးက အံကိုကြိတ်ပြီး ``တဏှာရူးမွေးဦးတော့ သူ့လမ်းသူသွားပြီ၊ ငါတို့ သတ်စရာတောင် မလိုတော့ဘူး၊ ငါ့တူမလေးအတွက် ငါ့လက်နဲ့ လက်စားမချေလိုက်ရတာပဲ နာတယ်``လို့ပြောလိုက်တယ်။ကြာညိုက

www.burmeseclassic.com

www.burmeseclassic.com

သက်ပြင်းချပြီး``ဘာပဲဖြစ်ဖြစ် တရုတ်ကျူးကြီး လူ့လောကက ထွက်သွားတာ ကျွန်မတို့ မိန်းမသားတွေ အတွက် မင်္ဂလာသတင်းပါပဲ၊ မနက်ဖြန် ရွာထဲကို ဖြတ်သွားပြီး တရုတ်ကျူးကြီး တကယ်သေမသေ စုံစမ်းရမယ်`` လို့ပြောလိုက်တယ်။ နောက်တစ်နေ့ သူတို့ ရွာကြီးထဲက ဖြတ်ပြန်တော့ ကွမ်းတောင်ကိုင် မိန်းကလေးက တရုတ်ကျူးမွှေးဦးကို သုတ်သင်နိုင်တဲ့ သတင်းကို ကြားသိရတယ်။ ကြာညိုတို့ဟာ မွှေးဦး သေဆုံးကြောင်း သေချာ သွားတော့မှ ဧရာဝတီမြစ်ကို ဖြတ်ကူးပြီး ရန်ကုန်မြို့ကို ပြန်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညီဟာ ရန်ကုန်မြို့ကို ရောက်တော့ သယ်န်းတိုက်ကို ကြီးစားပမ်းစား လုပ်ကိုင်ရာက ဦးမြမောင်ရဲ့ အကူအညီနဲ့ ရွှေကိုယ်တော် သယ်န်းတိုက်ဟာ အတော် အောင်မြင်လာတယ်။ မြစ်ဂကျွန်းပေါ်ဘက်က သယ်န်း အဂယ်တော်တွေဟာ ရွှေနဂါးသယ်န်းတိုက်မှာ မဂယ်တော့ဘဲ ရွှေကိုယ်တော် သယ်န်းတိုက်က သယ်န်းတွေကို ပြေးငယ်

www.burmeseclassic.com

www.burmeseclassic.com

ကြတယ်။ ဒါကြောင့် ရွှေနဂါးသယ်န်းတိုက်ဘက်က မကျေမချမ်း ဖြစ်ကြောင်း ကြားရတယ်။ တစ်နေ့တော့ ဦးမြမောင်ဟာ ကြာညိုရုံးခန်းထဲကို ရောက်လာပြီး ကြာညိုကို အရေးကြီးတဲ့ စကား ပြောချင်ကြောင်း ပြောတော့ ကြာညိုက ပြောဖို့ခွင့်ပြုလိုက်တယ်။ ဦးမြမောင်က ``အဘကို အလုပ်က ထုတ်ပစ်လိုက်တဲ့ ရွှေနဂါး သယ်န်းတိုက်ပိုင်ရှင် ဦးလူဂတို့က ရွှေကိုယ်တော် သယ်န်းတိုက်ရဲ့ အောင်မြင်မှုကို မနာလိုမရှုစိမ့် ဖြစ်နေတယ်။ သူတို့က အဘကို ရန်ငြိုးဖွဲ့ပြီး ရွှေကိုယ်တော် သယ်န်းတိုက်ကို ဖျက်လိုဖျက်ဆီး လုပ်မယ်လို့ သတင်းထွက်နေတယ်၊ အဘတို့ သတိထားရမယ်၊ အဘ ဒီသယ်န်းတိုက်က ထွက်သွားရင် ကောင်းမလား၊ အဘကို ရန်ငြိုးဖွဲ့ပြီး ရွှေကိုယ်တော် သယ်န်းတိုက်ကို ရန်ငြိုးဖွဲ့မှာစိုးလို့ ``လို့ဆိုလိုက်တော့ ကြာညိုက သက်ပြင်းချပြီး

``မဟုတ်ဖူးဘာပဲ အဘရယ်၊ အဘထွက်စရာ မလိုဘူး၊ ရွှေနဂါးသယ်န်းတိုက် ပိုင်ရှင် ဦးလူဂကို ကျွန်မ ရရမစိုးပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ အန္တရာယ်တွေကို ရင်ဆိုင်ရမှာပေါ့` `လို့ဆိုပြီး ဦးမြမောင်ကို အားပေးစကား ပြောရတယ်။ကြာညိုဟာ ရှေ့ကိုယ်တော်နဲ့ ပတ်သက်တဲ့ အန္တရာယ် မှန်သမျှကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တော့ ကြာညို့တို့ဆိုင်က အလုပ်သမား

လူငယ်သုံးယောက်နဲ့ ရွှေနဂါး သိုင်းသင်တန်းက လူငယ်တစ်စု

ရန်ပွဲဖြစ်ပွါးကြောင်း သတင်းရရှိတယ်။ ကြာညို့က ရန်ဖြစ်တဲ့

သတင်းကို ကြားရလို့ အလုပ်သမားတွေ ခေါ် မေးလိုက်တယ်။

လူငယ်တွေက သူတို့ကို ဘုရားခြေရင်း ထမင်းဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com

တမင်ရန်စပြီး ထိုးကြိတ်ကြောင်း ပြောဆိုကြတယ်။ သူတို့နဲ့ ရန်ငြိုး မရှိရှိသာမက တစ်ကြိမ်တစ်ခါမှ မြင်တွေ့ဖူးခြင်း မရှိဘူးလို့တောင် ဆိုကြတယ်။ ကြာညို့က မျက်မှောင်ကြုတ်ပြီး ``ရွှေနဂါးသိုင်းသင်တန်းဆိုတာ ရွှေနဂါးသယ်န်းတိုက်နဲ့ နံမည်တူနေတယ်`` လို့ရေရွတ်လိုက်တယ်။ ဒီအချိန်မှာ ကြာညို့တို့ဆိုင်က အဘဦးမြမောင်ဝင်လာပြီး ရွှေနဂါးသိုင်းသင်တန်းရဲ့ သိုင်းဆရာဟာ ရွှေနဂါး သယ်န်းတိုက်ပိုင်ရှင်ရဲ့ အကြီးဆုံးသား လူရမ်းကားလို့ ဆိုတယ်။ ကြာညို့က သက်ပြင်းချပြီး ``သူတို့ တမင်တကာ ရန်စကျူးလွန်တာလား၊ တိုက်ဆိုင်မှုလား မသိဘူး၊ ကျွန်မတို့ သတိတော့ထားရမယ်`` လို့ပြောပြီး အံကို တင်းတင်း ကြိတ်လိုက်မိတယ်။သူမ စီးပွါးရေးကို ဘယ်လိုလူမျိုးကြောင့်မှ အပျက်ဆီး မခံဘူးလို့ ဆုံးဖြတ်လိုက်တယ်။

www.burmeseclassic.com

 www.burmeseclassic.com

ရွှေနဂါး သယ်နှံးတိုက်နဲ့ ရွှေကိုယ်တော် သယ်နှံးတိုက်ရဲ့ ရန်ငြိုးရန်စဟာ ဖွဲ့မိးလို တစတစ လောင်ကျွမ်းနေတယ်။ ရွှေကိုယ်တော် သယ်နှံးတိုက်က အလုပ်သမားတွေကို မကြာခဏ ရန်စကျူးလွန်တာ ခံရတယ်။ ကြာညိုက ရန်ကိုရန်ခြင်း မတုံ့နှင်းလိုတဲ့အတွက် လူငယ်တွေကို သည်းခံဖို့သာ တစာစာ ပြောဆိုခဲ့တယ်။ ကြာညိုဟာ

www.burmeseclassic.com

 www.burmeseclassic.com

လူငယ်တွေကို မည်သို့ပင် နားချစေကာမူ ရန်ငြိုးရန်စက တဖြည်းဖြည်းကြီးလာတယ်။

သိတင်းကျွတ် လပြည့်ညမှာ ကြာညိုဟာ ထိန်ထိန်သာတဲ့ လမင်းကြီးကို ငေးမောကြည့်ရင်းအတိတ်က အကြောင်းတွေကို စဉ်းစားနေမိတယ်။ ဒီအချိန်မှာပဲ ကြာညိုတို့ သယ်န်းတိုက်ရှေ့မှာ တပုန်းပုန်း တဒိုင်းဒိုင်း အသံတွေ ကြားရပြီး သယ်န်းတိုက်ကို ခဲတွေနဲ့ ပစ်ပေါက် ဖျက်ဆီး နေကြောင်း သိရတယ်။ ကြာညို အိမ်ရှေ့ဂရန်တာက ကြည့်လိုက်တော့ သယ်န်းတိုက် ရှေ့မှာ ရွှေနဂါးသိုင်း သင်တန်းက လူဆယ့်ယောက် ဂန်းကျင်လောက် ရှိနေပြီး သူတို့ဆိုင်ကို ဖျက်ဆီးဖို့ ကြံနေကြောင်း တွေ့ရတယ်။ ကြာညိုဟာ ကြောင်လက်သည်း ဖွက်သလို နေထိုင်ပေမဲ့ သည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်သွားခဲ့ပြီ။ ကြာညိုက ဒေါသတကြီးနဲ့ ဂရန်တာပေါ်က ခုန်ဆင်းလိုက်တယ်။ ကြာညို ဆိုင်ရှေ့ မြေပေါ်ကို ရောက်တော့ ခဲတွေနဲ့ ပစ်ပေါက်တာ

www.burmeseclassic.com

 www.burmeseclassic.com

ရပ်တန့် သွားတယ်။ကြာညိုကို အထင်သေးဟန်နဲ့ တဟားဟား ရယ်မောလိုက်ကြတယ်။ ကြာညိုဟာ ဒေါသမထိမ်းနိုင်တော့ဘူး။ရှေ့ဆုံးက လျှောင်ပြောင်နေတဲ့ ဗလကောင်းကောင်းနဲ့ လူရဲ့ ပါးကိုဖြန်းခနဲ ရိုက်ထည့်လိုက်တယ်။ ဗလကောင်းကောင်းလူဟာ ပါးရိုက်ခံရလို့ ဒေါသပုန်ထပြီး``တောက်.. ကောင်မ ငါ့ကို ရိုက်တယ်``လို့ကြုံးဝါးပြီး ကြာညိုကို ပြန်ရိုက်ဖို့ ကြိုးစားလိုက်တယ်။ ကြာညိုက အသာတကြည် ရှောင်တိမ်းပြီး ဗလကောင်းကောင်းလူရဲ့ ပေါင်ကြားကို ခြေနဲ့ဆောင့်ကန်လိုက်တော့ မြေပေါ်ကို ခွေညွှတ် ကျသွားတယ်။ ကျန်တဲ့လူတွေဟာ မိန်းမချောလေး တစ်ယောက်ရဲ့တိုက်ခိုက်မှုကို မယုံနိုင်ဟန်နဲ့ ဝိုင်းဝန်းတိုက်ခိုက်ကြတယ်။ ကြာညိုဟာ အရိုပ်သိုင်းကို အဆင့်မြင့်မြင့် လေ့ကျင့်ထားသူဖြစ်လို့ လူရမ်းကားတွေကို တစ်ယောက်ပြီးတစ်ယောက် လဲကျအောင် တိုက်နိုင်တ

www.burmeseclassic.com

www.burmeseclassic.com

နိုင်တယ်။ သူတို့အားလုံး မြေပေါ်မှာ အတုံးအရုံး

လဲကျသွားကြတယ်။ကြာညိုလို မိန်းမချောလေး

တစ်ယောက်က ယောကျ်ားရင့်မ ဆယ်ယောက် လောက်ကို

အလဲလဲ အကွဲကွဲ ဖြစ်အောင် တိုက်ခိုက်နိုင်လို့

ဝိုင်းဂန်းကြည့်ရှုသူတွေဟာ အံ့သြလွန်းလို့

ပါးစပ်အပေါင်းသား ဖြစ်နေကြတယ်။ ကြာညိုက

လဲကျနေတဲ့ လူတွေကို မကျေမချမ်းကြည့်ပြီး

``နောက်..ငါ့သယ်န်းတိုက်ကို လာစော်ကားရင်

ဒီထက်နာမယ်၊ ဘာအောက်မေ့လဲ၊ ပုဖွန်တောင်လူမိုက်

လှသိန်းကို ညောင်တန်းဆိပ်မှာ ရိုက်ခဲ့တာလဲ ငါပဲ၊

နားလည်လား`` လို့ကြုံးဝါးလိုက်တယ်။ကြာညိုရဲ့

ဂုဏ်သတင်းပိုပြီးကျော်ကြားချင်တော့ အိမ်နိမ်းချင်း

သူကြီးဂေဇက် သတင်းထောက်က ကြာညိုတို့ ရန်ပွဲကိုဓါတ်ပုံ

တဖျတ်ဖျတ်ရိုက်ပြီး သတင်းစာထဲမှာ ဖော်ပြခဲ့တယ်။

ဒီအချိန်က စပြီးကြာညို့ကို ဘယ်သူမှ

www.burmeseclassic.com

www.burmeseclassic.com

ရန်မရှာရဲတော့ဘူး။ရွှေကိုယ်တော် သယ်န်းတိုက်ကိုလည်း

လူအများက ပိုမို အားပေးလာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တော့ ကြာညိုဟာ သယ်န်းတိုက်မှာ ရှိနေတုန်း အဘဦးမြမောင်ဟာ မူးမိုက်လဲကျသွားတယ်။ ဦးမြမောင်လဲကျသွားချိန်မှာ ကြာညို အနီးမှာ ရှိနေလို့ ဦးမြမောင်ကို ပြေးပွေ့လိုက်ပြီး ``အဘ..ဘယ်လိုဖြစ်တာလဲ အဘရယ်`` လို့ဆိုလိုက်တယ်။ ဦးမြမောင်က အသက်ကိုကြိုးစားရှုရင်း ``အဘ မနေရတော့ပါဘူးကွယ် ..အဘ သမီးကို တစ်ခုပဲ တောင်းဆိုချင်ပါတယ်`` လို့ဆိုလိုက်တော့ ကြာညိုက

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းစွာဖြင့်``တောင်းပါအဘရယ်..တောင်းပါ``လို့ဆိုလို က်တော့ အဘဦးမြမောင်က မောဟိုက်စွာဖြင့်``အဘ မရှိတော့ရင် အဘမြေးလေး မြတ်မွန်ကို ငါ့သမီး စောင့်ရှောက်ပေးပါ။အဘတို့မှာ အားကိုးအားထားရမဲ့ ဆွေမျိုးမရှိလို့ပါ``လို့ဆိုလိုက်တယ်။ကြာညိုက အဘ ဦးမြမောင်ရဲ့ ခံစားချက်ကို နားလည်စာနာပြီး ``စောင့်ရှောက်ပါမယ် အဘရယ်..အဘမြေးကို သမီးညီမလေးလို သဘောထားပြီး စောင့်ရှောက်ပါ့မယ်`` လို့ပြောလိုက်တယ်။ကြာညိုစကားကို နားထောင်ပြီး ဦးမြမောင်ဟာ မြေးလေးရဲ့ ဘဝနောင်ရေးအတွက် စိတ်အေးသွားဟန်နဲ့ တခဏမျှ ငြိမ်သက်သွားပြီး ဘဝ တစ်ပါးကို ကူးပြောင်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ ဦးမြမောင်ရဲ့ နာရေးကိစ္စကို ဦးစီး ဆောင်ရွက်ပေးပြီး ဦးမြမောင်ရဲ့ မြေးမလေး မြတ်မွန်ကို ညီမတစ်ယောက်လို မွေးစားလိုက်တယ်။ မြတ်မွန်လေးဟာ ဆင်းရဲနွမ်းပါးပေမဲ့ ရုပ်ရည်အဲဆင့်အတန်း မြင့်ပြီး ချစ်စဖွယ် ကောင်းတယ်။ အချို့သော လူတွေဟာ ကြာညိုနဲ့ မြတ်မွန်ကို ကြည့်ပြီး ညီအစ်မအရင်းလို ထင်မြင်ကြတယ်။ ကြာညိုနဲ့ မြတ်မွန်ဟာ တစ်ဦးနဲ့ တစ်ဦး စားအတူ သွားအတူ နေထိုင်ရာက ညီမအရင်း တစ်ယောက်လို

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခင်လာကြတယ်။ ကြာညိုဟာ အဂုတ်အစား

ဂယ်ရင်တောင် သူ့အတွက် တစ်ထည်ဂယ်ရင်

မြတ်မွန်အတွက် တစ်ထည် ဂယ်လေ့ရှိတယ်။

သူတို့နှစ်ယောက် ဆင်တူ ဂယ်လို့ရမဲ့ အစမရှိရင်

အဲဒီအထည်ကို မဂယ်ဖြစ်တော့ဘူး။ ကြာညိုဟာ

မြတ်မွန်လေးကို မွေးစားလိုက်တဲ့အတွက် သူ့ဘဝဟာ

ခြောက်သွေ့နေရာက စိုပြေသွားရတယ်။

တစ်နေ့တော့ ကြာညိုဟာ မြည်ဘက်က အလှူမင်္ဂလာပွဲ

တစ်ခုကို သွားပြီး ကားကို ကိုယ်တိုင် မောင်းပြီး

ပြန်လာခဲ့တယ်။ ကြာညို ကားကို မောင်းရင်း

တိုက်ကြီးအလွန်မှာ ကားဘရိတ်ပေါက်ပြီး လမ်းနံဘေးက

စက်ဘီးစီးနေတဲ့ လူငယ်ကို ဂင်တိုက်မိတယ်။ ကြာညိုက

ကားရပ်သွားတော့ အထိတ်တလန့်နဲ့ ဆင်းပြီး

စက်ဘီးတိုက်ခံရတဲ့ လူငယ်ကိုကြည့်တော့ လူငယ်ဟာ

လမ်းပေါ်မှာ လဲကျနေတယ်။ ကြာညိုက လူငယ်ကို

www.burmeseclassic.com

www.burmeseclassic.com

မေးမြန်းကြည့်တော့ လူငယ်က ``ကျုပ် ခြေထောက် ကျိုးသွားလား မသိဘူး အရမ်းနာနေတယ်`` လို့ပြောတယ်။ ကြာညိုဟာ လူငယ်ကို အနီးဆုံး ဆရာဂုဏ် ရှိတဲ့နေရာကို ခေါ်သွားပြီး ပြသလိုက်တော့ ဆရာဂုဏ်ကြီးက စစ်ဆေးကြည့်ပြီး ``ခြေထောက်ကျိုး သွားတယ်၊ တစ်လလောက် နားရမယ်`` လို့ပြောလိုက်တဲ့အတွက် ကြာညိုက စိတ်သက်သာရာ ရသွားပေမဲ့ လူငယ်ကတော့ မျက်စိမျက်နှာ ပျက်သွားပြီး ``ဒုက္ခပါပဲဗျာ၊ ကျုပ်က တစ်နေ့မှ နားလို့မရဘူး`` လို့ညည်းညူလိုက်တော့ ကြာညိုက လက်ကာပြပြီး ``ဒီအတွက် မပူပါနဲ့၊ မင်းရဲ့ စားဝတ်နေရေး ကိစ္စကို အစ်မ တာဝန်ယူပါ့မယ်`` လို့ဆိုလိုက်တော့ လူငယ်က စိတ်မသက်သာဟန်နဲ့ ခေါင်းခါယမ်းပြီး ``ကျုပ်မှာ ကျန်းမာရေးမကောင်းတဲ့ ဖခင်ကြီး ကြီး ရှိတယ်ဗျ၊ အဖေရဲ့ စားဝတ်နေရေးအတွက် ကျုပ်လုပ်ကိုင်ပေးနေတာ`` လို့ဆိုလိုက်တော့ ကြာညိုက သက်ပြင်းချလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

``ဘာပဲဖြစ်ဖြစ် စိတ်အေးအေးထားပါ၊ အစ်မကြိုးစားပြီး စီစဉ်ပါ့မယ်``လို့ပြောလိုက်တာ လူငယ်က ခေါင်းခါယမ်းပြီး ``မဖြစ်နိုင်ပါဘူးဗျာ``လို့ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ လှူငယ်နေထိုင်ရာ အိမ်ကို လိုက်ပို့ပေးလိုက်တယ်။ လှူငယ်ဟာ မြို့စွန်မှာ ရှိတဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး မှာနေထိုင်တယ်။ အိမ်ကို ရောက်တော့ ဆံပင်စုတ်ဖွါးနဲ့ အသက် ၇၀ ဝန်းကျင် အဘိုးကြီးတစ်ယောက်ကို မြင်တယ်။အဘိုးကြီးရဲ့ ခေါင်းကဆံပင်တွေဖွေးဖွေးဖြူပြီး မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေကလဲ မြင်မကောင်းအောင် ရှည်ထွက်နေတယ်။ကြာညိုက အဘိုးအိုကို ပြုံးပြလိုက်တော့ အဘိုးအိုက အလိုမကျဟန်နဲ့

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကို တစ်ဖက်လှည့်လိုက်တယ်။ လူငယ်က ကြာညိုကို အားနာဟန်နဲ့ ကြည့်ပြီး လေသံတိုးတိုးနဲ့ ``အဖေက စိတ်ဝေဒနာသည်ပါ အစ်မ`` လို့ပြောတယ်။ ဒီတော့မှ ကြာညိုဟာ လူငယ်ရဲ့ အခက်အခဲကို သဘောပေါက်တယ်။ ကြာညိုက လူငယ်ရဲ့ စားဝတ်နေရေးအတွက် တာဝန်ယူနိုင်ပေမဲ့ စိတ်ဝေဒနာသည် အဘိုးအိုကို ကူညီစောင့်ရှောက်ဖို့တော့ အခက်ကြုံသွားတယ်။ကြာညိုက သက်ပြင်းချပြီး ``မင်းအတွက် အခက်အခဲ ဖြစ်တော့မှ သေချာတယ်၊ အစ်မ စိတ်မကောင်းလိုက်တာကွယ်၊ ရန်ကုန်က သူနာပြုတစ်ယောက်ကို အစ်မ ငှါးပေးရင် ဖြစ်မလား`` လို့ဆိုလိုက်တော့ လူငယ်က လက်ကာပြပြီး ``မဖြစ်ဘူးအစ်မ၊အဖေက လူတွေကို မယုံဘူး၊ လူတွေနဲ့ ပတ်သက်ရမှာ ကြောက်တယ်။ အဖေ့ကို ကျွန်တော် တစ်ယောက်တည်း ပြုစုလို့ရတယ်`` လို့ပြောတော့ ကြာညိုဟာ အခက်တွေ့သွားတယ်။ ခဏကြာတော့

www.burmeseclassic.com

 www.burmeseclassic.com

ကြာညို့ဟာ လူငယ်တို့ သားအဖအတွက် နို့ဆီ၊ သကြား၊ ထောပတ်၊ငါးသေတ္တာ၊ပေါင်မုန့် ငါးခြောက် အစရှိတဲ့ စားသောက်ဖွယ်ရာတွေကို ဈေးထဲက သွားဝယ်ပြီး ပေးခဲ့တယ်။ ခဏကြာတော့ ``ညဉ့်နက်နေပြီ၊ အစ်မ နောက်နေ့လာကြည့်ပါ့မယ်`` လို့ပြောတော့ လူငယ်က ကြာညို့ နောက်တစ်ကြိမ်လာမှာကို ခရီးဝေးလွန်းလို့ သဘောမတူဘူး။ လူငယ်ရဲ့ အလုပ်အကိုင်ကို မေးမြန်းကြည့်တော့ လူငယ်ဟာ ဆံသ ဆရာဖြစ်ပြီး စက်ဘီးတစ်စီးနဲ့ တစ်မြို့လုံး ပတ် အလုပ် လုပ်ကြောင်း သိရတယ်။လူငယ်ရဲ့အမည်ကို တိုးအောင်လို့ သိရတယ်။ ကြာညို့ဟာ တိုးအောင်တို့ သားအဖ အတွက် စိစဉ်ပေးပြီး ည[illegible]သော အခါမှပင် အိမ်ကို ပြန်ရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com

မြတ်မွန်ဟာ အပျိုကြီး ဖါးဖါး ဖြစ်ပေမဲ့ ကြာညိုကို ကလေးတစ်ယောက်လို နွဲ့ဆိုးဆိုးတတ်တယ်။ ကြာညို အိမ်ပြန်နောက်ကျတဲ့အတွက် ညစာမစားဘဲ အိမ်ရှေ့မှာ စောင့်နေတာတွေ့ရတယ်။ ကြာညိုကားကို မြင်တော့မှ ပြေးလာပြီး ``မမ..ပြန်လာပြီ နောက်ကျလိုက်တာမမ[illegible] ကားပျက်နေလို့လား`` လို့မေးမြန်းလိုက်တယ်။ ကြာ[illegible] မြတ်မွန်ကို အမှန်အတိုင်း ဖွင့်ပြောရင် စိတ်ဆင်းရဲ မှာစိုးလို့ ကားတိုက်လာတဲ့ အကြောင်းမပြောဘဲ ကားပျက်တယ်လို့

www.burmeseclassic.com

www.burmeseclassic.com

မှသားပြောလိုက်တယ်။ မြတ်မွန်က စိုးရိမ်ဟန်နဲ့ `` နောက်ဆို ကားကို မမ တစ်ယောက်တည်း မောင်းပြီး ခရီးဝေးမသွားနဲ့၊ ဒရိုင်ဘာ တစ်ယောက်ရှာပါ ဆိုတော့လဲ မရှာဘူး၊ မမက ညီမလေး စကားကို နားမှ မထောင်တာ``လို့ပြောပြီး ကြာညိုနဲ့အတူ ညစာ စားတယ်။ကြာညိုပဲ ညစာစားပြီ အိပ်ယာဝင် ခဲ့ပေမဲ့ ကားတိုက်ခံရလို့ ခြေကျိုးသွားတဲ့ တိုးအောင်နဲ့ ဖခင်အို အတွက် စိတ်မကောင်းဖြစ်နေမိတယ်။ သူတို့ စားဝတ်နေရေး အဆင်ပြေ ပါ့မလားမသိ။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုဟာ တစ်ရက်နှစ်ရက် ကြာတော့ တိုက်ကြီးမြို့ကို လိုက်သွားပြီး တိုးအောင်ရဲ့ဒဏ်ရာကို သွားကြည့်တယ်။ တိုးအောင်ဟာ ဝေဒနာသည် ဖခင်ကြီးကို ပြုစုနေရလို့ ဒဏ်ရာက တော်တော်နဲ့ မသက်သာသေးဘူး။ ကြာညိုက တိုးအောင်ကို ကရုဏာသက်တာနဲ့ ``မောင်တိုးအောင် နားနားနေနေ နေလို့ရအောင် အဖေကြီးကို ပြုစုမဲ့ လူတစ်ယောက် ရှာရအောင်`` လို့ဆိုလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com

တိုးအောင်က ကမန်းကန်း လက်ကာပြပြီး``မဖြစ်လို့ပါ အစ်မရယ်..အဖေ့အကြောင်းကို ကျွန်တော်အသိဆုံး၊ အဖေဟာ ကျွန်တော်ကလွဲရင် ဘယ်သူမှ ပြုစုလို့မရဘူး၊ ကျွန်တော် အကူအညီတောင်းရင်တောင် မြို့ထဲက လူတွေ ဘယ်သူမှ အဖေ့ကို လာမပြုစုရဲကြဘူး၊ အဖေက အရင်တုန်းက သိပ်ကြမ်းတာ အစ်မရဲ့၊အခုမှ ရောဂါ သက်သာပြီး ယဉ်ယဉ်လေး ဖြစ်သွားတာ``လို့ပြောတယ်။ ကြာညိုက လူငယ်ကို ကရုဏာသက်ဟန်နဲ့``ဒါဆို ဖခင်အိုကြီးကို မင်းတစ်သက်လုံး စောင့်ရှောက် နေရတာပေါ့``လို့မေးမြန်းလိုက်တော့ ကြာညိုက ခေါင်းညိတ်ပြီး``ဟုတ်ပါတယ်၊ အစ်မ..အဖေက အရင်တုန်းက ရောဂါပိုသည်းတယ်`` လို့ဆိုလိုက်တော့ ကြာညိုက သက်ပြင်းချပြီး``မင်းအဖေရဲ့ ရောဂါ ဘယ်လိုရလာတာလဲ``လို့မေးမြန်းလိုက်တော့ တိုးအောင်က အံကိုကြိတ်ပြီး``အမေ့ကြောင့်ပေါ့ဗျာ၊ အမေဟာ

www.burmeseclassic.com

 www.burmeseclassic.com

ကျွန်တော်တို့ မိသားစုကို တာဝန် မကျေဘူးဗျာ၊ ကျွန်တော် ဆယ်နှစ်သား အရွယ်လောက်မှာ မိသားစုကို စွန့်လွှတ်ပြီး မြို့မှာလာကတဲ့ ဇာတ်မင်းသားနောက် လိုက်သွားတယ်။ အဖေဟာ အမေ့ကြောင့် အရှက်ရပြီး လူတွေကို မယုံကြည်တော့ဘူး။ နောက်ဆုံး အဖေ့မှာ စိတ္တဇ ဝေဒနာ စွဲကပ်ခဲ့တယ်။ အဖေ စိတ္တဇ ဖြစ်ကာစက ရောဂါ တော်တော်သည်းတယ်။ မိန်းမတွေကို မြင်ရင် အမုန်းစိတ်ကြောင့် ရန်ရှာတတ်တယ်။ မိန်းမ မှန်ရင် အမေ့လို စိတ်ဓါတ်မျိုး ရှိမယ်လို့ ထင်မှတ်မှားတယ်။ ဒါကြောင့် ကျွန်တော် ငယ်ငယ်က အိမ်ရှေ့မှာ ဘယ်မိန်းမမှ ဖြတ်မလျှောက်ရဲကြဘူး။ ကြာညိုက တိုးအောင်ရဲ့ ဘဝနောက်ကြောင်းကို သိရလို့ သနား ကရုဏာသက်မိတယ်။ ဒါကြောင့် တိုးအောင် နေမကောင်းမိ မကြာခဏ သွားရောက် ပြုစုကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညို အိမ်ကိုရောက်တဲ့ အခါတိုင်း တိုးအောင်ရဲ့ အဖေအိုကြီးက ကြာညိုကို စူးစမ်းဟန်နဲ့ ကြည့်ရှုနေတယ်။ ကြာညိုဟာ တိုးအောင်ရဲ့ ခြေထောက်က ဒဏ်ရာကို ဆရာဝန်ကြီးဆီမှာ စစ်ဆေးကြည့်တော့ ရောဂါ ကောင်းမွန်လာကြောင်း သိရတယ်။ ကြာညိုဟာ တိုးအောင်တို့ အိမ်ကို ရောက်တဲ့အခါ တစ်ပတ်စာ ငါးပိကြော်၊ ငါးခြောက်ကြော် စသည်ဖြင့် ချက်ပြုတ်ပေးလေ့ရှိတယ်။

www.burmeseclassic.com

 www.burmeseclassic.com

တိုးအောင်ရဲ့ ဖခင်ကြီးကတော့ စိတ်ဝေဒနာရှင်ပိပိ ကြာညိုကို မယုံကြည်ဟန်နဲ့ စူးစမ်းနေဟန်ကို မြင်တွေ့ရတယ်။ ဒီလိုနဲ့ တစ်လလောက်ကြာတော့ တိုးအောင်ရဲ့ ခြေထောက်တွေ သက်သာလာတယ်။တိုးအောင်က ကြာညိုကို အားတုံ့ အားနာဟန်နဲ့ ကြည့်ပြီး `` ရန်ကုန်နဲ့ တိုက်ကြီးက ဝေးလွန်း လှပါတယ် အစ်မရယ်..နောက်ဆိုရင် တကူးတက မလာပါနဲ့တော့၊ ကျွန်တော်လဲ ရောဂါသက်သာနေပြီပဲ၊ ဒီလိုပြောလိုက်ပေမဲ့ အစ်မကို ကိုယ့်အစ်မ အရင်းလို ခင်မင်နေတော့ မကြာခဏ သတိရနေမှာပါ၊ အစ်မ အားရင်လာလည်ပါနော်၊ ကျွန်တော်ကတော့ အဖေ့ ရောဂါအခြေအနေနဲ့ ရန်ကုန်ကို လာလည်နိုင်မှာ မဟုတ်ဘူး`` လို့ဆိုလိုက်တော့ ကြာညိုက သက်ပြင်းချပြီး ``အစ်မလဲ တိုးအောင်ကို ကိုယ့်မောင်လေး အရင်းလိုသံယောဇဉ် ဖြစ်နေပါပြီ၊ တိုးအောင် မဖိတ်လဲ လာလည်မှာပါ၊ မောင်လေး ခြေထောက် သက်သာလာတာကို

www.burmeseclassic.com

www.burmeseclassic.com

အစ်မဂုဏ်းသာတယ်၊ အစ်မကြောင့် ခြေထောက် ဖြစ်ရတာ

ဆိုပြီး မကြာခဏ စိတ်မကောင်းဖြစ်နေတာ``လို့ဆိုလိုက်တယ်။

တိုးအောင်က ``ကျွန်တော်ကတော့ ခြေထောက်ကျိုးတာကိုပဲ

ကျေနပ်နေမိတယ်၊ အစ်မနဲ့ ရင်းနှီးခင်မင် ခွင့်ရလို့လေ``

လို့ကြည်နူး စိတ်သက်သာအောင် ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ပြောဆိုနေရင်း ကြာညိုက ပြန်ကာနီးလို့ တိုးအောင်

ဖခင်ကြီးကို နှုတ်ဆက်ဖို့ ပြင်တယ်။ဒါပေမဲ့ စိတ်ဝေဒနာသည်

အဘိုးကြီးကို မတွေ့ရဘူး။တိုးအောင်ဟာ ဖခင်ကို

မတွေ့တော့ အိမ်ပေါ် ကမန်းကတန်းတက် ရှာပြီး

မျက်စိမျက်နှာ ပျက်သွားတယ်။ ပြီးတော့ ခြံအနောက်က

အိမ်လေး ရှိရာကို ပြေးတယ်။ ကြာညိုလည်း ဘုမသိဘမသိနဲ့

www.burmeseclassic.com

www.burmeseclassic.com

တိုးအောင်အနောက်က ပြေးလိုက်သွားတယ်။ တိုးအောင်ဟာ အိမ်ကလေးရှေ့ ရောက်တော့ ကျွန်းတံခါးကြီးကို ကမန်းကတန်း ဖွင့်ကြည့်လိုက်တော့ အခန်းထဲမှာ ငြိမ်သက်စွာ ထိုင်နေတဲ့ အဘိုးအိုကို မြင်ရတယ်။ တိုးအောင်ဟာ ဖခင်ဖြစ်သူကို အိမ်လေးထဲမှာ ပြန်တွေ့တော့ အလွန် စိတ်မချမ်းမြေ့ဟန်နဲ့ `ဘယ်လိုဖြစ်တာလဲ အဖေရယ်` လို့ရေရွတ်လိုက်တယ်။ ကြာညိုလည်း အခန်းထဲကို ဝင်လိုက်သွားတယ်။အဘိုးအိုဟာ ကြာညို ကို မြင်တော့ ရုတ်တရက် မျက်နှာ အရောင်ပြောင်းသွားပြီး အခန်းထဲက ပြန်ထွက်ဖို့ကြိုးစားတယ်။ တိုးအောင်က ဖခင် ဖြစ်သူ အနောက်က ဖေးမဖို့ လိုက်တယ်။ အဘိုးအိုဟာ တိုးအောင်ဖေးမတာကို လက်မခံဘဲ တိုးအောင်ကို အခန်းထဲ ပြန်တွန်းလွှတ်တယ်။ အဘိုးအို အိမ်အပြင်ရောက်သွားတော့ မထင်မှတ်တဲ့ အပြုအမူ တစ်ခုကို လုပ်လိုက်တယ်။ အဘိုးအိုက ကျွန်းတံခါးကြီးကို ရုတ်တရက် ပိတ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

အပြင်က မင်းတုတ်ကြီးကို ဒုန်းခနဲ ထိုးချလိုက်တယ်။ တိုးအောင်က ဖခင်ဖြစ်သူကို နားမလည်ဟန်နဲ့ ``အဖေ.. အဖေ.. ဘာလို့တံခါးပိတ်တာလဲ ပြန်ဖွင့်ပါ၊ ကျုပ် တစ်ယောက်တည်း မဟုတ်ဘူးလေ၊ အိမ်ထဲမှာ အစ်မကြာညိုလဲ ရှိတယ်၊ တံခါး ဖွင့်ပါဦး``လို့ဆိုလိုက်တယ်။ ကြာညိုက မျက်မှောင်ကြုတ်ပြီး အိမ်လေးရဲ့ နံရံတွေကို ကြည့်လိုက်တော့ နံရံလေးဖက်စလုံး ပြတင်းပေါက် မရှိဘဲ တံခါးမကြီးကို အလွန်ထူတဲ့ ကျွန်းတံခါးကြီးနဲ့ ပြုလုပ်ထားတာတွေ့ရတယ်။ အဘိုးအိုဟာ သားဖြစ်သူရဲ့ စကားကို နားမဝင်ဟန်နဲ့ ကျွန်းတံခါး အပြင်မှာ ဖောက်ထားတဲ့ အပေါက်ငယ်လေးက ချောင်းကြည့်တယ်။ တိုးအောင်ဟာ ဖခင်ဖြစ်သူကို တံခါး ဖွင့်ပေးဖို့ အာပေါက်မတတ်ပြောနေပေမဲ့ အဘိုးအိုက တံခါးဖွင့်မပေးဘူး။ ခဏအကြာမှာ အဘိုးအိုက အိမ်ကလေး အနီးကထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဘိုးအို ထွက်သွားတော့ ကြာညိုက အထိတ်တလန့်နဲ့
``ဘာဖြစ်လို့ တံခါးပိတ်တာလဲဟင်၊ ပြောပါဦး``
လို့မေးမြန်းလိုက်တယ်။တိုးအောင်က ခေါင်းခါယမ်းပြီး
``ကျွန်တော်လဲ မသိဘူး အစ်မ၊ အစ်မ ရန်ကုန်ပြန်ရဦးမယ်၊
အားနာလိုက်တာဗျာ``လို့ပြောတယ်။ ကြာညိုက
မျက်မှောင်ကြုတ်ပြီး``ဒီအိမ်က ထွက်နိုင်တဲ့ နည်းလမ်း
မရှိဘူးလား``လို့မေးမြန်းလိုက်တယ်။ တိုးအောင်က

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းခါယမ်းပြီး``မရှိဘူး အစ်မ၊အိမ်က ထွက်လို့ မရအောင် သေသေချာချာ စီမံထားတာ``လို့ပြောတယ်။ ကြာညိုက မျက်မှောင်ကြုတ်ပြီး``ထွက်လို့မရအောင် ဟုတ်လား၊ဘာဖြစ်လို့လဲ``လို့မေးမြန်းလိုက်တယ်။တိုးအောင် က ``အဖေ စိတ္တဇ ဖြစ်ကာစက သိပ်ဆိုးတယ်။ ပတ်ဂန်းကျင်က ထိမ်းလို့ မနိုင်တဲ့အခါ အဖေ့ကို ဒီအိမ်လေးထဲက ထည့်ထားရတယ်၊ ဒါကြောင့် အဖေ ထွက်ပြေးလို့ မရအောင် အိမ်ကို ခိုင်ခိုင်မာမာ ဆောက်ရတယ်`` လို့ပြောလိုက်တော့ ကြာညိုက အထိတ်တလန့်ဖြစ်သွားပြီး``ဟင်..ဒါဆိုရင် အစ်မတို့ ဘယ်လိုပြန်ထွက်ကြမလဲ``လို့မေးမြန်းလိုက်တယ်။ တိုးအောင်က မျက်မှောင်ကြုတ်ပြီး``အဖေ့ကိုပဲ ချော့မော့ပြီး မရမက ပြန်ဖွင့်ခိုင်းရမှာပဲ။ ကျွန်တော် အံ့သြတာက အဖေ ဒီလို တစ်ခါဖူးမှ မလုပ်ဖူးပါဘူး၊ ကျွန်တော်တို့ကို ဘာသဘောနဲ့ အိမ်လေးထဲမှာ ပိတ်ထားလဲ

www.burmeseclassic.com

 www.burmeseclassic.com

မသိဘူး``လို့ရေရွတ်နေတယ်။ ကြာညိုဟာ ရန်ကုန်မြို့ကို အချိန်မီ ပြန်ရမဲ့အရေးကို တွေးပြီး ရင်မောသွားတယ်။ တိုးအောင်ကတော့ တံခါးမကြီး အနီးမှာ ရှိတဲ့ အပေါက်ကလေး ကနေ ဖခင်ဖြစ်သူကို စိတ်စောဟန်နဲ့ စောင့်ကြိုနေတယ်။ တိုးအောင်က ဖခင်ရဲ့ အပြုအမူကို နားမလည်နိုင်ကြောင်း တတွတ်တွတ် ပြောဆိုနေတယ်။ ကြာညိုဟာ တိုးအောင်နဲ့ အိမ်လေးထဲမှာ အတန်ကြာအောင် နေထိုင်ရင်း မိမိကိုယ်မိမိ မိန်းကလေးဆိုတာ တွေးမိပြီး ရင်ထဲမှာ မောသွားတယ်။ ယောကျ်ားတစ်ယောက်နဲ့ အိမ်ငယ်လေးထဲမှာ နှစ်ယောက်အတူနေတာ လူအများသိရင် ငါ့သိက္ခာတော့ သွားပါပြီ လို့တွေးမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

အတန်ကြာတော့ တိုးအောင်ရဲ့ အဖေဟာ အိမ်လေးအနီးကို ချဉ်းကပ်လာတယ်။ တိုးအောင်က ဂမ်းသာအားရနဲ့ ``အဖေပြန်လာပြီ..ကျွန်တော်တို့ကို တံခါးဖွင့်တော့မယ်`` လို့ပြောတယ်။ ဒါပေမဲ့ ကျွန်းတံခါးကြီးရဲ့ အပေါ်ပေါက်ကနေ အတ်နဲ့ ထုပ်ထားတဲ့ ထမင်းထုပ် တစ်ထုပ်ကျလာပြီး အဘိုးကြီး ပြန်ထွက်သွားတယ်။ တိုးအောင်က ဖခင်ဖြစ်သူကို

www.burmeseclassic.com

www.burmeseclassic.com

တံခါးဖွင့်ပေးဖို့ တစာတစာ တောင်းပန်ပေမဲ့ အဘိုးအိုက မကြားဟန်နဲ့ ပြန်ထွက်သွားတယ်။ တိုးအောင်က ``အဖေ..အဖေ တံခါးဖွင့်ပါ`` လို့ အသံကုန် အော်ဟစ်ပေမဲ့ အဘိုးအိုက လှည့်မကြည့်တော့ဘူး။ကြာညိုက ရန်ကုန် ပြန်နောက်ကျရင် အိမ်မှာကျန်နေတဲ့ ညီမလေးမြတ်မွန် စိုးရိမ်နေမှာပဲလို့ တွေးပြီး ရင်ထဲမှာ ပူလောင်လာတယ်။ စိတ်မနှံ့ တဲ့ အဘိုးအိုဟာ သူတို့နှစ်ယောက်ကို ဘယ်လောက်ကြာကြာ အခန်းပိတ်ထားမလဲ မသိဘူး။ တိုးအောင်ကတော့ အခန်းထောင့်မှာ ခြေပစ်လက်ပစ် ထိုင်ပြီး ``အဖေ..အဖေ..ဘယ်လိုသဘောနဲ့ ကျုပ်တို့ကို တံခါးပိတ်ရတာလဲဗျာ`` လို့သာ ရေရွတ်နေတယ်။ ခဏကြာတော့ အမှောင်ထု ကြီးစိုးလာပြီး အိမ်လေးထဲမှာ ဝိုးတဝါးသာ မြင်တွေ့ရတော့တယ်။ တိုးအောင်က အမှောင်ထဲမှာ ရပ်နေတဲ့ ကြာညိုကို ကြည့်ပြီး ``အဖေ့လုပ်ရပ်အတွက် အစ်မကို တောင်းပန်ပါတယ်``

www.burmeseclassic.com

www.burmeseclassic.com

လို့ပြောတော့ ကြာညိုက သက်ပြင်းချပြီး``အဘမှာ စိတ်ရောဂါရှင်ကို အစ်မ နားလည်ပါတယ်၊ သူ.. ဘာလို့ အစ်မတို့ကို ပိတ်လှောင်ထားသလဲ မသိဘူး၊ အခုလို ထမင်းထုပ်တွေ ဘာတွေ ပို့ပေးတယ် ဆိုတော့ ဒီနေ့ည ပိတ်ထားဦးမယ်ထင်တယ်။ ရန်ကုန်က အစ်မ မိသားစုတွေ စိတ်ပူမှာပဲ စိုးရိမ်တယ်``လို့ပြောတော့ တိုးအောင်က အားတုံ့အားနာဟန်နဲ့``ဟုတ်ပါရဲ့ အစ်မရယ်..အစ်မကို မိသားစုတွေ စိုးရိမ်နေတော့မှာပဲ..အဖေ..အဖေ ဘာလို့များ စိတ်ဖောက်ပြန်လာသလဲ မသိဘူး``လို့ရေရွတ်လိုက်တယ်။ ညအတော်နက်လာလို့ ကြာညိုကိုယ်တိုင် အခန်းထဲမှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်တယ်။ ခဏကြာတော့ တိုးအောင်က ထမင်းထုပ်ကို ဖြည်ပြီး``အစ်မ ဗိုက်ဆာနေတောမယ်၊ ထမင်းနည်းနည်း စားလိုက်ပါဦး``လို့ပြောတယ်။ ထမင်းထုပ်ကို ကြည့်လိုက်တော့ ကြာညို ရန်ကုန်က ဝယ်လာတဲ့ တရုတ်စာတွေနဲ့ ထမင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတယ်။ကြာညိုဟာ စိုးရိမ်စိတ်နဲ့ ညစာကို

တစ်ဇွန်းနှစ်ဇွန်းသာ ခပ်စားပြီး တိုးအောင်လက်ထဲ

ထည့်လိုက်တယ်။ တိုးအောင်က ကြာညိုသောက်ဖို့

အခန်းထောင့် ရေအိုးစင်က ရေယူလာပေးတယ်။ အခန်းထဲမှာ

ရေအိုးတစ်လုံး ရှိပြီး ရေကို အပြည့်ကဖြည့်ထားတာ

တွေ့ရတယ်။ကြာညိုဟာ အိမ်မှာကျန်ခဲ့တဲ့ ညီမလေး

မြတ်မွန်တို့ စိုးရိမ်မှာကိုပဲ စိုးရိမ်နေတယ်။ညဉ့်နက်လာတော့

တိုးအောင်က အံနားကိုလာပြီး ``အစ်မ စိတ်ချလိုက်ချ

အိပ်လိုက်ပါ၊ မနက်ဆိုရင် အဖေ စိတ်ပြောင်းပြီး

ကျွန်တော်တို့ကို တံခါးလာဖွင့်ပေးမှာပါ ``

လို့ပြောတယ်။တိုးအောင်က ကြာညိုကို ကြည့်ပြီး

``မစိုးရိမ်ပါနဲ့ အစ်မ၊စိတ်ချလက်ချအိပ်ပါ``

လို့ပြောတယ်။ကြာညိုဟာ အရိပ်သိုင်းကို အဆင့်မြင့်မြင့်

တတ်တဲ့အတွက် တိုးအောင်လို ယောကျ်ားတစ်ယောက်ကို

စိုးရိမ်မှု မရှိချေ။


www.burmeseclassic.com

www.burmeseclassic.com

ကြာညိုတို့ဟာ နောက်တစ်နေ့ နံနက်စောစော အိပ်ယာနိုးပြီး
အိမ်လေးအနောက်က ရေချိုးခန်းထဲ ဝင် ကိုယ်လက်
သန့်စင်ပြီး အဘိုးအို တံခါးဖွင့်မဲ့ အချိန်ကို စောင့်နေတယ်။
ခဏကြာတော့ အဘိုးအို ရောက်လာပြီး ထမင်းထုပ်
တစ်ထုပ်ကို တံခါးပေါက်က ထိုးထည့်ပေးတယ်။
တိုးအောင်က ဖခင်ဖြစ်သူကို တစာစာ တောင်းပန်ပြီး
တံခါးဖွင့်ပေးဖို့ ပြောတယ်။ ဒါပေမဲ့ အဘိုးအိုက

www.burmeseclassic.com

 www.burmeseclassic.com

စိတ်ပြောင်းလွဲဟန် မရှိဘဲ ထမင်းထုပ်ပို့ပြီးတာနဲ့ ကျောခိုင်းထွက်သွားတယ်။ တိုးအောင်က စိတ်လှုပ်ရှားစွာနဲ့ ဖခင်ဖြစ်သူကို အော်ဟစ်ပြီး ကျန်ခဲ့တယ်။

သူတို့နှစ်ယောက်စလုံး မနက်မိုးလင်းရင် အဘိုးအို စိတ်ပြောင်းပြီး တံခါးဖွင့်ပေးမယ်လို့ ယူဆခဲ့တယ်။ ဒါပေမဲ့ လက်ရှိ အခြေအနေအရ သူတို့ နှစ်ယောက်ကို အိမ်လေးထဲမှာ ပိတ်လှောင်ထားဖို့ ကြံစည်ထားဆဲ ဖြစ်ပုံရတယ်။

တိုးအောင်ဟာ ဖခင်ဖြစ်သူကို နားမလည်လို့ တစ်ချိန်လုံး ငြိမ်သက်စွာ တွေးတောနေတယ်။ အတန်ကြာမှ သက်ပြင်းရှည်ကြီး ချလိုက်ပြီး ``အဖေ..ကျွန်တော်တို့ကို ဘာကြောင့် ပိတ်ထားသလဲ ဆိုတာ ကျွန်တော်ရိပ်စားမိပြီ။ အဖေရယ်..စိတ္တဇရောဂါ မသေးပါလားဗျာ`` လို့ရေရွတ်လိုက်တယ်။ ကြာညိုက စိတ်လှုပ်ရှားစွာနဲ့ ``ငါတို့ကို ဘာလို့ ပိတ်တာလဲ ပြောစမ်းပါဦး`` လို့မေးမြန်းလိုက်တယ်။ တိုးအောင်က ကြာညိုအမေးကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဖြေဆိုရခက်တဲ့ဟန်နဲ့ ကြည့်လိုက်ပြီး ``နားနဲ့မနာ ဖဝါးနဲ့နာပါအစ်မရယ်၊ ကျွန်တော်ခြေကျိုးလို့ အစ်မလာပြုစုနေတာကို အဖေကြည့်ပြီး သူ့စိတ်ထဲမှာ ကျွန်တော်တို့နှစ်ယောက် နီးစပ်နေပြီလို့ထင်တယ်။ ဒါပေမဲ့ အဖေဟာ အမေ့ရဲ့ သစ္စာမဲ့မှုကြောင့် မိန်းမဆိုရင် မယုံတော့ဘူး၊ မိန်းမမှန်ရင် တစ်နေ့သစ္စာဖောက်မယ်လို့ ယုံကြည်နေတော့တယ်။ ဒါကြောင့် အစ်မ အိမ်ကို ရောက်တိုင်းအဖေက မျက်လုံးဒေါက်ထောက် ကြည့်တယ်။ သူ့စိတ်ထဲမှာ အစ်မဟာတစ်နေ့ ကျွန်တော့်ကို သစ္စာပျက်ပြီး ထားခဲ့မယ်လို့ ယူဆတယ်။ ဒါကြောင့် အဖေက အစ်မ နဲ့ ကျွန်တော်ကို အိမ်လေးထဲမှာ ပိတ်လှောင်ထားလိုက်တာပဲ။ ဖြစ်ရလေ အဖေရယ်`` လို့မချိတင်ကဲ ရေရွတ်လိုက်တယ်။ ကြာညိုဟာ တိုးအောင်ရဲ့ စကားကြောင့် မိမိကို အစဉ်သဖြင့် အကဲခတ်နေတဲ့ အဘိုးအိုရဲ့ မျက်လုံးတွေကို မြင်ယောင်မိတယ်။ ကြာညိုက သက်ပြင်းရှည်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com

ချလိုက်ပြီး``ဒါဆိုရင်တော့ အစ်မတို့ လွတ်မြောက်ဖို့ မလွယ်တော့ဘူး၊ အဘက တိုနစ်ယောက်ကို အိမ်လေးထဲမှာ တစ်သက်လုံး လှောင်ထားချင်ပုံရတယ်`` လို့စိတ်ပျက် လက်ပျက်ပြောလိုက်တယ်။ ကြာညိုတို့ဟာ အိမ်လေးထဲမှာ တစ်ရက်ပြီးတစ်ရက် အချိန်ကုန်လွန်ခဲ့တာ ၃ရက်မြောက် ရှိသွားပြီ။ ကြာညိုဟာ သုံးရက်မြောက်တဲ့နေ့မှာ စိတ်ဓါတ်ကျစ ပြုလာတယ်။ အခုလောက်ဆိုရင် ရန်ကုန်ကလူတွေ စိုးရိမ်ကြီးစွာနဲ့ ပုလိပ်ဌာနကို အကြောင်းကြားလောက်ပြီလို့ ယူဆတယ်။ သုံးရက်မြောက် နေ့လယ်ခင်းမှာတော့ သစ်သားအိမ်လေးရဲ့ တံခါးကို တိုးတိုးခေါက်သံကြားရပြီး မိန်းမတစ်ယောက်အသံနဲ့ ``အထဲမှာလူရှိလား``လို့မေးမြန်းသံကြားရလို့ ကြာညိုနဲ့တိုးအောင်က ဝမ်းသာအားရနဲ့ ``ရှိပါတယ်`` လို့သံပြိုင် အော်လိုက်ကြတယ်။ ဒီတော့မှ မင်းတုပ်ကြီးကို ဒုန်းခနဲပွင့်ပြီး အခန်းဝမှာ ကြာညိုနဲ့ရွယ်တူ မိန်းမ

www.burmeseclassic.com

 www.burmeseclassic.com

တစ်ယောက်ကို မြင်ရတယ်။ တိုးအောင်က ကယ်တင်ရှင် မိန်းမကို ကြည့်ပြီး``အမလေးဗျာ ၊အေးမိ ကယ်ပေလို့ပေါ့ နင်သာမကယ်ရင် ငါတို့ ဘယ်လောက်များ ဒုက္ခခံရမလဲ မသိဘူး``လို့ဂမ်းသာအားရ ပြောလိုက်တယ်။ကြာညိုလည်း ငရဲတွင်းကလွတ်လာလို့ အလွန်ဂမ်းသာသွားတယ်။

ကြာညိုတို့ဟာ အိမ်လေးထဲမှာ တစ်ရက်ပြီးတစ်ရက် အချိန်ကုန်လွန်ခဲ့တာ ၃ရက်မြောက် ရှိသွားပြီ။ ကြာညိုဟာ သုံးရက်မြောက်တဲ့နေ့မှာ စိတ်ခါတ်ကျစ ပြုလာတယ်။ အခုလောက်ဆိုရင် ရန်ကုန်ကလူတွေ စိုးရိမ်ကြီးစွာနဲ့ ပုလိပ်ဌာနကို အကြောင်းကြားလောက်ပြီလို့ ယူဆတယ်။ သုံးရက်မြောက် နေ့လယ်ခင်းမှာတော့ သစ်သားအိမ်လေးရဲ့ တံခါးကို တိုးတိုးခေါက်သံကြားရပြီး မိန်းမတစ်ယောက် အသံနဲ့``အထဲမှာလူရှိလား``လို့မေးမြန်းသံကြားရလို့ ကြာညိုနဲ့တိုးအောင်က ဂမ်းသာအားရနဲ့ ``ရှိပါတယ်``လို့သံပြိုင် အော်လိုက်ကြတယ်။ ဒီတော့မှ

www.burmeseclassic.com

www.burmeseclassic.com

မင်းတုပ်ကြီး ဒုန်းခနဲ ပွင့်ပြီး အခန်းဝမှာ တိုးအောင်နဲ့ရွယ်တူ မိန်းမတစ်ယောက်ကို မြင်ရတယ်။ တိုးအောင်က ကယ်တင်ရှင်မိန်းမကို ကြည့်ပြီး`` အေးမိရယ်..နင် ကယ်ပေလို့ပေါ့ နင်သာမကယ်ရင် ငါတို့ ဘယ်လောက်များ ဒုက္ခခံရမလဲ မသိဘူး``လို့ဂမ်းသာအားရ ပြောလိုက်တယ်။ ကြာညိုလည်း ငရဲတွင်းက လွတ်လာလို့ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတယ်။

အေးမိဆိုတဲ့ မိန်းမက`` မနေ့ညနေက ငါ့စီးလာတဲ့ စက်ဘီးက နင်တို့ အိမ်ရှေ့မှာ ချိန်းကြိုး ပြုတ်သွားတယ်။ ချိန်းကြိုး ပြန်တပ်နေတုန်းမှာ ဒီအိမ်လေးထဲကို နင့်အဖေ ထမင်းထုပ် သွင်းပေးနေတာ မြင်တယ်။ အိမ်လေးထဲက နင့်ရဲ့ အော်သံဟစ်သံတွေကိုလဲ ကြားလိုက်ရတယ်။ ဒါကြောင့် နင့်အဖေ စိတ်ဖောက်ပြန်ပြီး နင့်ကို အိမ်ထဲမှာ ပိတ်လှောင်ထားတယ် ထင်လို့ ငါ လာခဲ့တာပဲ၊ နင့်အဖေ အခုလေးတင် ဈေးဘက်ထွက်သွားတယ်``လို့ဆိုလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုကို နားမလည်ဟန်နဲ့ ကြည့်တယ်။ တိုးအောင်က ``သူက ရန်ကုန်က ငါ့ မိတ်ဆွေပါ၊ အဖေက ငါတို့နှစ်ယောက်ကို အိမ်လေးထဲမှာ ပိတ်လှောင်ထားတာ ၃ရက်ရှိပြီ၊ နင်ကယ်ပေလို့ပေါ့`` လို့ဆိုတော့ အေးမိဆိုတဲ့ မိန်းမက ကြာညိုနဲ့တိုးအောင်ကို မသင်္ကာဟန်နဲ့ ကြည့်တယ်။ ကြာညိုက ဝေဒနာရှင် အဘိုးအို ရောက်မလာမီ ရန်ကုန်ကို အမြန်ဆုံးပြန်ဖို့ ဆုံးဖြတ်လိုက်ပြီး ``အစ်မ ပြန်တော့မယ် မောင်လေး၊ အဘပြန်လာပြီး အစ်မကိုမြင်ရင် သူ့ရဲ့ စိတ်ဝေဒနာ ပိုတိုးမှာ စိုးရတယ်။ အစ်မတို့ နောက်မှ ဆက်သွယ်ကြတာပေါ့`` လို့ပြောပြီး တိုးအောင်နဲ့ မအေးမိကို နှုတ်ဆက်ပြီး ရန်ကုန်ကို ပြန်ခဲ့တယ်။ ရန်ကုန်ရောက်တော့ စိုးရိမ်ကြီးစွာနဲ့ စောင့်မျှော်နေတဲ့ မြတ်မွန်က ``အမလေး..မမပြန်လာပြီ၊ မြတ်မွန်တို့က စိုးရိမ်လို့ ပုလိပ်ကိုတောင် တိုင်ထားတယ်၊ မမဘယ်သွား နေတာလဲ`` လို့မေးလိုက်တော့ ကြာညိုဟာ

www.burmeseclassic.com

 www.burmeseclassic.com

ဖြေဆိုရခက်သွားပြီး အထစ်ထစ် အငေါ့ငေါ့နဲ့

``ဟို..မမတို့မွေးရပ်မြေက သူငယ်ချင်းတစ်ယောက်

အသည်းအသန် ဖြစ်နေတယ်ဆိုလို့ အမြန် လိုက်သွားတာ

သူ့အသက် မီရုံလေးပါပဲ၊ ဆုံးသွားရှာတယ်``

လို့ဖြေလိုက်တယ်။ မြတ်မွန်က ကြာညို ပခုံးကိုဖက်ပြီး

``ဘာပဲဖြစ်ဖြစ် အိမ်ကို အကြောင်းကြားပြီးမှ သွားပါလား

မမရယ်..ညီမလေးတို့ စိုးရိမ်လွန်းလို့ ရူးတော့မယ်``

လို့ဆိုလိုက်တော့ ကြာညိုက ``မမ ညတွင်းချင်း

ပြန်လာဖြစ်မယ် ထင်လို့ပါ.``လို့ပြောရင်း မြတ်မွန်ကို ပြန်ဖက်

ထားလိုက်တယ်။ ကံဟောင်းထောက်မလို့ ငရဲတွင်းက

လွတ်မြောက်လာတာ ပါလား..လို့ တွေးမိလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

တိုးအောင်ဟာ ကြာညိုရဲ့ သယ်န်းတိုက်မှာ ကြိုးကြိုးစားစား အလုပ်လုပ်ရင်း မြတ်မွန်နဲ့ လူငယ်တို့ ဘာသာဘာဂ ရင်းနှီးကျွမ်းဝင်ရာက ချစ်သူတွေ ဖြစ်ခဲ့တယ်။ ကြာညိုဟာ တိုးအောင်နဲ့ မြတ်မွန်ကို သဘောတူတဲ့အတွက် စိတ်ထဲက ကြိတ်ပြီး ကျေနပ်နေခဲ့တယ်။ သူတို့နှစ်ယောက်ရဲ့ ချစ်သူသက်တန်း ၃နှစ်အကြာမှာ မင်္ဂလာပွဲ ကျင်းပပေးဖို့ ပြင်ဆင်ခဲ့တယ်။ မင်္ဂလာပွဲကို ခမ်းခမ်းနားနား ဖြစ်စေချင်လို့ စထရင်းဟော်တယ်မှာ ကျင်းပဖို့ ပြင်ဆင်ခဲ့တယ်။ ကြာညိုဟာ

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ရဲ့ လူကုံထံ အသိုင်းအဝိုင်းဝင် တစ်ယောက် ဖြစ်တဲ့အတွက် မင်္ဂလာပွဲဟာ အလွန်စည်ကား သိုက်မြိုက်မယ်လို့ ယူဆခဲ့တယ်။ မင်္ဂလာပွဲ ကျင်းပမဲ့ အချိန်ရောက်တော့ စထရင်းဟော်တယ်ရှေ့မှာ ကားကြီးကားငယ် အသွယ်သွယ်နဲ့ စည်ကား သိုက်မြိုက်နေတယ်။ ကြာညိုတို့ဟာ နေ့လယ်ကတည်းက စထရင်းဟော်တယ်ကို ကြိုရောက်နေကြတယ်။ ကြာညိုနဲ့ မြတ်မွန်ဟာ ဟိုတယ်ရဲ့ နားနေခန်းထဲမှာ အဝတ်လဲခြင်း၊ အလှပြင်ခြင်းကို ပြုလုပ်တယ်။ ကြာညိုတို့ကို ရန်ကုန်မြို့ရဲ့ အကျော်အမော် အလှပြင် ဆရာမကြီးနှစ်ယောက်က အလှပြင်ပေးနေတယ်။ ကြာညိုဟာ အတော်အသင့် အလှပြင်ပြီးတော့ ဧည့်သည်တွေကို ဧည့်ခံဖို့အတွက် ဟိုတယ် အောက်ထပ်ကို ကြိုဆင်းသွားတယ်။ ဒီအချိန်မှာ မြတ်မွန်ရဲ့ အစ်မဝမ်းကွဲ ဆိုတဲ့ မိန်းကလေးတစ်ဦးက မြတ်မွန်ကို တွေ့ချင်တယ် ဆိုပြီး ဟိုတယ် နားနေခန်းကို

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာတယ်။ ကြာညိုဟာ လှေကားအောက်ကို

ဆင်းတဲ့အချိန်မှာ မြတ်မွန် အစ်မ ဂမ်းကွဲနဲ့

ဘွ.လွဲလွဲသွားတယ်။ မြတ်မွန်ရဲ့ အစ်မဟာ အလှပြင်နေတဲ့

မြတ်မွန်ကို သွားတွေ့ပြီး ဂမ်းသာအားရ နှုတ်ဆက်တယ်။

မြတ်မွန်ကလည်း မိမိဘက်က အမျိုးအဆွေဆိုလို့

တစ်စုံတစ်ယောက်မှ ပြစရာ မရှိလို့ စိတ်အားငယ်နေတုန်း

အစ်မဂမ်းကွဲ ရောက်လာလို့ ဂမ်းသာသွားတယ်။ မြတ်မွန်က

``အမလေး..အစ်မ အေးမိ..ရောက်လာတာ

မ်းသာလိုက်တာ၊ ကျွန်မဘက်က အမျိုးပြစရာ မရှိလို့

အားငယ်နေတာနဲ့ အတော်ပဲ`` လို့ပြောလိုက်တယ်။

မြတ်မွန်ရဲ့ အစ်မ အေးမိဆိုသူက ``လာရတာပေါ့အေ..

ဒီတို့မှာလဲ ကြီးပွါးချမ်းသာသွားတဲ့ ညီမ ဆိုလို့

နင်တစ်ယောက်တည်း ရှိတာ`` လို့ပြောပြီး ``ဒါနဲ့နေပါဦး

ခင်နဲ့လက်ထပ်မဲ့ အမျိုးသားဘယ်မှာလဲ ၊ ငါမမြင်ဘူး

သေးဘူး`` ဆိုတော့ မြတ်မွန်က အလှပြင်နေရင်း

www.burmeseclassic.com

 www.burmeseclassic.com

``စားပွဲပေါ်မှာ ဓါတ်ပုံရှိတယ်၊ ယူကြည့်လိုက် အစ်မ၊ ကြည့်ပြီးရင် ပြော.. ချောရဲ့လား``လို့ပြောလိုက်တယ်။ မြတ်မွန်ရဲ့ သူငယ်ချင်းက ဓါတ်ပုံကိုကြည့်ပြီး ``အံ့သြဖွယ်နဲ့``ဟင်..နင့်နဲ့လက်ထပ်မှာက ဘယ်သူများလဲလို့ တိုးအောင်ကိုး``လို့ဆိုလိုက်တော့ မြတ်မွန်က``ဟင်..ကိုတိုးအောင်နဲ့ အစ်မအေးမိနဲ့ သိတယ်..ဟုတ်လား``လို့မေးမြန်းလိုက်တော့ သူငယ်ချင်းက``သိတာပေါ့ဟယ်၊ ငါတို့ တိုက်ကြီးကပဲ၊ ငါနဲ့လဲ သူငယ်ချင်းပဲဟာ..အို.. တိုးအောင် ဆိုရင်တော့ ငါသဘောမတူဘူး၊ တိုးအောင်က မိန်းမတစ်ယောက်နဲ့ မလွတ်ဘူးဟဲ့``လို့ဆိုပြီး သူ့စကားကို ရပ်တန့်လိုက်တယ်။ အလှပြင်နေတဲ့ မြတ်မွန်ဟာ တိုးအောင်ဟာ မိန်းမ တစ်ယောက်နဲ့ ဆိုတဲ့စကားကို ကြားရတော့ မျက်လုံးထဲမှာ ပြာခနဲ ဖြစ်သွားပြီး မရမက မေးမြန်းတယ်။ အေးမိဆိုတဲ့ မိန်းမဟာ စားပွဲပေါ်က ကြာညိုရဲ့ ဓါတ်ပုံကို မြင်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com

တအံ့တသြနဲ့``အို..တိုးအောင်နဲ့ ဖြစ်တဲ့ မိန်းမဆိုတာ သူပေါ့
သူတို့နှစ်ယောက် အိပ်ခန်းလေး တစ်ခန်းထဲမှာ သုံးရက်
လုံးလုံး အတူတူ နေခဲ့တာ``လို့ပြောပြီး ကြာညိုနဲ့
တိုးအောင်တို့ နောက်ကြောင်း ပြန်ပြောပြတယ်။ မြတ်မွန်ဟာ
အေးမိရဲ့ စကားဆုံးတာနဲ့ ကမ္ဘာမြေကြီး တစ်ခုလုံး
အိုးထိမ်းစက်လို ခြာခြာလည်သွားတယ်။ မျက်လုံးထဲမှာလဲ
ဘာမှ မမြင်တော့ဘူး၊ လုပ်ရက်လေခြင်းလို့သာ ရင်ထဲမှာ
အခါခါ ရေရွတ်ပြီး အလှပြင်ခန်းထဲက ရုတ်တရက်
ပြေးထွက်သွားတယ်။ အလှပြင် ဆရာမကြီးတွေက
တားဆီးပေမဲ့ အချိန်မမိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

အလှပြင် ဆရာမကြီးတွေက မြတ်မွန် ထွက်ပြေးသွားတဲ့ သတင်းကို ကြာညိုနဲ့တိုးအောင်ကို သတင်းပို့လိုက်တယ်။ ကြာညိုဟာ အေးမိကို မြင်တာနဲ့ အခြေအနေကို သဘောပေါက်ပြီး တိုးအောင်ကို ခေါ်ပြီး မြတ်မွန် အနောက်ကို ပြေးလိုက်ခဲ့တယ်။အလှပြင် ဆရာမကြီးများက တစ်ဆင့် ဟိုတယ်တစ်ခုလုံး သတို့သမီး ပျောက်သွားတဲ့ သတင်းပြန့်နှံ့သွားတယ်။ သတို့သမီးဘက်က သဘောမတူလို့

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပွဲ ပျက်သွားတယ်၊ သတို့သားရုက်လွန်းလို့ ချီးပွဲချ ငိုနေတယ်လို့လဲ ကောလဟာလတွေ အမျိုးမျိုး ထွက်ကုန်တယ်။ ကြာညိုနဲ့တိုးအောင် ပြေးထွက်သွားတာကို မြင်လိုက်တဲ့ ပရိသတ်တွေက ဟိုတယ်ထဲက ထွက်ပြီး အနောက်က လိုက်ကြည့်ကြတယ်။ မျက်နှာဖြူ ဟိုတယ် မန်နေဂျာကြီးဟာ ဆူညံပွက်ပြီး ဟိုတယ်အပြင်ကို ပြေးထွက်သွားတဲ့ လူအုပ်ကြီးကို ကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်။ ဒီအချိန်မှာ ကြာညိုနဲ့တိုးအောင်ဟာ ကမ်းနားလမ်းအတိုင်း ပြေးလွှားပြီး မြစ်မွန် ထွက်သွားရာ နောက်ကို လိုက်ရှာကြတယ်။ ကမ်းနားလမ်း တလျှောက်မှာ သတို့သမီး၊သတို့သားဂုဏ်စုံနဲ့ ပြေးလွှားနေသူ နောက်ကို ပွဲနေ့ပွဲထိုင်ဂုဏ် လူတွေ တသီတသန်းကြီး လိုက်နေခြင်းကို လမ်းသွားလမ်းလာတွေ တအံ့တသြ ဖြစ်ပြီး အနောက်က လိုက်ကြည့်တယ်။ အချို့ လမ်းသွားလမ်းလာတွေကလဲ ဆင်ရာမြင်ရာတွေကို ပြောဆိုကြတယ်။ ``ဓါတ်ရှင်

www.burmeseclassic.com

www.burmeseclassic.com

ရိုက်နေတာကွ မင်းသားခင်မောင်ရင်နဲ့မေရှင် ဖြစ်မယ်`` လို့ပြောတယ်။ မြစ်ဆိပ်ကို ရောက်တော့ လူတစ်စုဟာ ရေလယ်ခေါင်ကို လက်ညှိုးထိုးပြီး အထိတ်တလန့် ပြောဆိုနေကြတယ်။ ရေလယ်ခေါင်မှာ သမ္ဗာန်တစ်စီး လေပြင်းတိုက်လို့ မှောက်သွားတာ မြင်ရတယ်။ သမ္ဗာန်သမား တစ်ယောက်က ``လှေပေါ်မှာ ပါသွားတာ မိန်းကလေး တစ်ယောက်တည်းကွ၊ သနားပါတယ်`` လို့ရေရွတ်ပြောဆိုနေတယ်။ ကြာညိုနဲ့ တိုးအောင်ဟာ မိန်းကလေး တစ်ယောက်တည်း ဆိုတဲ့စကားကို ကြားလိုက်တော့ အလွန်စိုးရိမ်သွားပြီး ကြာညိုက ``ရေလယ်မှာ နစ်မြုပ်နေတဲ့ သမ္ဗာန်ဆီ ငါတို့ အမြန်လိုက်ကြမယ်``လို့ဆိုပြီး သမ္ဗာန်ပေါ် ခုန်တက်ကာ ``မှောက်နေတဲ့ သမ္ဗာန်ဆီကို မြန်မြန်ခတ်စမ်း ရှင်တို့ တောင်းသလောက် ပေးမယ်``လို့ဆိုလိုက်တော့ သမ္ဗာန်သမားက လေပြင်းတိုက်တာဗျ၊ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com

မသွားရဲဘူး``လို့ဆိုလိုက်တော့ တိုးအောင်က ဒေါသတကြီးနဲ့``ဟော့လူ..ခင်ဗျားမသွားဂံ့ရင် ကျုပ်သွားမယ်၊ ဖယ်ပေး..``လို့ဆိုပြီးသမ္ဗာန်ကို လှော်ခတ်ဖို့ ပြင်တယ်။ သမ္ဗာန်သမားက ခေါင်းကုတ်ပြီး``သမ္ဗာန်ဆိုတာ မခတ်တတ်ပဲ ခတ်လို့မရဘူး``လို့ဆိုတော့ ကြာညိုက စိတ်မထိမ်းနိုင်တော့ဘဲ သမ္ဗာန်သမားကို အနီးက တုတ်ကြီးနဲ့ ရိုက်ဖို့ ပြင်လိုက်တယ်။ ဒီအချိန်မှာပဲ ``မလုပ်ပါနဲ့မမရယ်. ညီမက ဒီမှာပါ``ဆိုတဲ့ အသံကို ကြားရလို့ လှည့်ကြည့်လိုက်တော့ ကမ်းစပ်က သစ်ပင်ကြီး တစ်ပင်နောက်က ထွက်လာတဲ့ မြတ်မွန်ကို တွေ့လိုက်ရတယ်။ ကြာညိုနဲ့တိုးအောင်ဟာ မြတ်မွန်ကို မြင်တော့မှ ရင်အေးသွားပြီး သမ္ဗာန်ပေါ်က ခုန်ဆင်းပြီး ပြေးဖက်လိုက်တယ်။ ကြာညိုက မြတ်မွန်ကို ကြည့်ရင် ``ညီမလေးရယ်..ဘာဖြစ်လို့ ထွက်ပြေးသွားတာလဲ ညီမလေး၊ ညီမလေးကို မမ ရှင်းပြပါ့မယ်``လို့အစချီပြီး တိုးအောင်ကို

www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့ စက်ဘီးနဲ့ တိုက်မိတာကနေ အစချီပြီး တိုးအောင်ဖခင်ကြီးရဲ့ စိတ္တဇ အကြောင်းကို ရှင်းပြလိုက်တယ်။မြတ်မွန်က ကြာညိုကို ပြန်ဖက်ထားလိုက်ရင်း ``ပထမတော့ ညီမလေး ကြားကြားချင်း စိတ်ထဲမှာ ပူလောင်ပြီး ဟိုတယ်ထဲက ပြေးထွက်ခဲ့တယ်။ နောက် ကမ်းနားရောက်တော့မှ ခေါင်းအေးအေးနဲ့ စဉ်းစားကြည့်တော့ ညီမလေးအပေါ် ထားခဲ့တဲ့ မမရဲ့ မေတ္တာနဲ့ မမရဲ့ အကျင့်စာရိတ္တကို သွားစဉ်းစားမိတယ်။ ကိုတိုးအောင်ရဲ့ ရိုးသားမှုကိုလဲ မြင်ယောင်ပြီး တစ်ခုခု မှားယွင်းတာပဲ ဖြစ်မယ်ဆိုပြီး ကမ်းကို မကူးတော့ဘဲ မြစ်ဆိပ်မှာ ရပ်နေခဲ့တယ်။ ဒီအချိန်မှာပဲ မိန်းကလေး တစ်ယောက်ဟာ သမ္ဘာန်နဲ့ တစ်ဖက်ကမ်းကို ကူးသွားတာပဲ၊ လေပြင်းတိုက်ပြီး သူစီးသွားတဲ့ သမ္ဘာန်မြုပ်သွားတာ မြင်လိုက်ရတာ၊ သနားလိုက်တာ`` လို့ပြောတယ်။ ဒီအချိန်မှာပဲ မှောက်သွားတဲ့ သမ္ဘာန်က မိန်းကလေးနဲ့ သမ္ဘာန်သမားကို ဆယ်ယူလာနိုင်ကြောင်း

www.burmeseclassic.com

 www.burmeseclassic.com

တွေ့ရတယ်။ ဒီအခါမှာ ကြာညိုက ``ကဲ..ဟိုတယ်မှာ မင်္ဂလာပွဲ ကျင်းပဖို့ နောက်ကျနေပြီ၊ အမြန် သွားကြမယ်ဟေ့``လို့ပြောပြီး စထရင်းဟိုတယ် ဘက်ကို ပြန်ပြေးခဲ့တယ်။ ဒီအခါမှာ ကြာညိုတို့ အနောက်က လိုက်လာတဲ့ မင်္ဂလာပွဲလာ ပရိသတ်တွေဟာ ကြာညိုတို့ အနောက်က ကမူးရှူးထိုး ပြေးလိုက်လာကြတယ်။


သိမ်းပိုက်ခြင်းကင်းသော

မင်းမြတ်သူရ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com




မင်းမြတ်သူရ ရဲ့ဖေ့ဘုတ် စာမျက်နှာပါ။ စာအုပ်သတင်းတွေ၊ အခန်းဆက် ဝတ္ထုရှည်တွေ၊အတွေးအခေါ် ဒဿနတွေကို ဖတ်ရှုလို့ ရပါတယ်။ မိတ်ဆွေ အရေအတွက် တော့ ပြည့်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com




မင်းမြတ်သူရ ရဲ့ဖေ့ဘုတ် page ပါ။ ဝင်ကြည့်လို့ ရပါတယ်။

အခန်းဆက် ဝတ္ထုတွေ ၊စာအုပ်သတင်းတွေ ပါဝင်ပါတယ်။

www.burmeseclassic.com